

mgyoe.com

SAMPLE BOOK




mgyoe.com



mgyoe.com
SAMPLE BOOK
mgyoe.com

မယောင်းဥယျာဉ် - မိုး

1887228780450

8,500 Ks

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၂၄)

## ပုံနှိပ်မှတ်တမ်း



# ပျိုး

ဖယောင်းဥယျာဉ်

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ

မျက်နှာဖုံးဒီဇိုင်း ♦ ဝလုံး

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၈၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(ဝ၃ဝ၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃ဝ၈၊ သဘောကျင်း ၂ လမ်း၊
သဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (ဝ၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ဝ၉ ၅ဝ၂ဝ၆၈၊ ဝ၉ ၈၈၅ဝ၂ဝ၆၈၊ ဝ၉ ၂၆၅ဝ၂ဝ၆၈

ပျိုး
ဖယောင်းဥယျာဉ် / ပျိုး။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၃၂၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၂၄) ဖယောင်းဥယျာဉ်

mgyoe.com

mgyoe.com SAMPLE BOOK

# ပြန်လည်ထုတ်ဝေခြင်းအတွက် စာရေးသူ၏ အမှတ်တရစကား

ကျွန်မ ၂၀၀၇ ကနေ ၂၀၁၁ ခုနှစ်အထိ "မေတ္တာရှင်" ဆိုတဲ့ ပရဟိတကလေးပျော် ကျောင်းကလေးမှာ မူကြိုဆရာမအဖြစ် လုပ်အားပေးခဲ့ပါတယ်။

အစက ကလေးတွေအပေါ် အပေါ်ယံလောက်သာ ချစ်တတ်ခဲ့တဲ့ ကျွန်မဟာ ကလေးလေးတွေနဲ့ အနီးကပ်နေရလေလေ သူတို့လေးတွေအပေါ် ပိုတိုးပြီး ချစ်ရလေ၊ သံယောဇဉ်ဖြစ်ရလေပါပဲ။ ကျောင်းကလေးကို ဖွင့်ခဲ့ရတဲ့ ဆရာတော်ဘုရားရဲ့ ရည်ရွယ်ရင်းကိုသိခဲ့ရတော့ ပိုလို့တောင်မှ သည်ကျောင်းကလေးမှာ အလုပ်လာလုပ်လိုတဲ့ ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင်မိရပြန်ပါသေးတယ်။

ကျွန်မတို့မြို့ကလေးက အပေါ်ယံကြည့်ရင် ချမ်းသာကြွယ်ဝတဲ့ မြို့ပြကြီးတစ်ခုရယ်လို့ မြင်ရနိုင်ပါတယ်။ တကယ်တမ်းတော့ ချမ်းသာသူတွေ သိပ်ချမ်းသာကြပြီး၊ ဆင်းရဲသူတွေဟာ ကုန်းကောက်စရာ မရှိလောက်အောင်ကို ဆင်းရဲမွဲတေကြပါတယ်။ ပြောရရင် ဆင်းရဲ ချမ်းသာ ကွာဟလွန်းတဲ့ မြို့ကြီးပေါ့လေ။

ကျွန်မတို့နေရတဲ့ နေရာကလေးကတော့ မြို့ကြီးရဲ့ မြို့စွန်၊ ကွက်သစ်ကလေးတစ်ခုရဲ့ တောင်ကမူထိပ်လေးမှာပေါ့။ လက်လုပ်လက်စားတွေ အပေါဆုံးရှိတဲ့ မြို့စွန်က ကွက်သစ်ကလေးတစ်ခုပါ။ မူးယစ်ဆေးဆိုတာလည်း အင်မတန် အရလွယ်တဲ့ နေရာတစ်ခုပါ။

တစ်ရက်လုပ်၊ တစ်ရက်စား မိသားစုကနေ ပေါက်ဖွားလာခဲ့ရတဲ့ ကလေး

mgyoe.com

mgyoe.com SAMPLE BOOK
ငယ်လေးတွေမို့ တဝမ်းတခါးအတွက် ဖအေ၊ မအေတွေ အလုပ်သွားရပြီဆိုတဲ့အခါ ကလေးငယ်လေးတွေဟာ ရပ်ကွက်ထဲက လမ်းမတွေပေါ်၊ ဘုန်းကြီးကျောင်း တန်ဆောင်းတွေအနား သည်လိုပဲ ရှုန်းကန် ရှင်သန်ခဲ့ကြရရှာပါတယ်။

တစ်ရက်တစ်ရက် သူတို့စားရတဲ့အရာလေးတွေဟာ တရုတ်က လာတဲ့၊ ဘာနဲ့လုပ်လို့လုပ်ထားမှန်းမသိတဲ့ အရောင်တင် ခပ်ရဲရဲအစပ်ချောင်းတွေ၊ အကောင်တွေရဲ့ ကလီစာလိုမျိုးတွေပါပဲ။ ဒါတွေကလည်း ကျန်းမာရေးနဲ့ မညီညွတ်ပေမယ့်လို့ စားလို့ကလည်း အရသာရှိ၊ ငွေရေးကြေးရေးအရလည်း ငါးဆယ်၊တစ်ရာပဲရှိတော့ နေ့တဓူဝ စားဖြစ်ကြတာပေါ့လေ။ နေ့တိုင်း ဒါတွေကိုပဲ မြင်ရလာတဲ့အခါ ဆရာတော့်စိတ်ထဲ မချိတင်ကဲ ဖြစ်ရတယ်ထင်ပါရဲ့။

သည်လိုနဲ့ပဲ NGO အဖွဲ့တစ်ခုရဲ့ အကူအညီ၊ ရပ်ရွာမိဘ အကူအညီရယ်နဲ့ ပူးပေါင်းဆောင်ရွက်လိုက်ကြပြီး ကလေးပျော် ကျောင်းကလေးတစ်ကျောင်း တည်ထောင်လိုက်နိုင်ကြတယ်ပေါ့။ အဲသည်ကျောင်းကလေးမှာ ဆရာမ လုပ်တော့မယ်ရယ်လို့ ဆုံးဖြတ်ပြီးတာနဲ့ ကျွန်မ အင်တာဗျူး ဖြေရပါတယ်၊ အင်တာဗျူးအောင်တာနဲ့ သင်တန်းစတက်ရပါတယ်။ ECCD Early Childhood Care & Development (ကလေးအစောပိုင်းကာလ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေး) သင်တန်းပေါ့။

ကလေးတွေအားလုံးရဲ့ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးကစလို့ စားဝတ်နေရေးအဆုံး ဆရာမတွေ အလှည့်ကျ တာဝန်ယူပေးရပါတယ်။ အစားအစာချက်ပြုတ်တဲ့အခါမယ်လည်း ခန္ဓာကိုယ်ကြီးထွားစေတဲ့အုပ်စု၊ ရောဂါကာကွယ်စေတဲ့အုပ်စု၊ အာဟာရဖြစ်စေတဲ့အုပ်စု စသဖြင့် အာဟာရမျှတပြီး အပြည့်အဝရရှိအောင် ဆရာမတွေကိုယ်တိုင် ဈေးဝယ်ပြီး အလှည့်ကျ ချက်ပြုတ်ပေးရပြန်ပါတယ်။ တကယ်တော့ သင်တန်းနဲ့ လက်တွေ့ဟာ ဘယ်တော့မှ တစ်ထပ်တည်း မကျတာ၊ ရင်ဆိုင်ရတဲ့ ပြဿနာတွေက ခက်ခဲလွန်းတာတွေကို လုပ်ဖူးသူတိုင်း သိကြမှာပါ။

ကျွန်မလည်း ထိုနည်းတူစွာပဲ ကြုံခဲ့ရတယ်ပေါ့။ သို့ပေမယ့် ဖြူစင်လှတဲ့ ကလေးလေးတွေနဲ့ ကြုံတွေ့ရတာများတာမို့ တဖြည်းဖြည်း အဲဒီအခက်အခဲတွေကို စိတ်ဝင်စားလာပြီး၊ တဆင့်ခြင်း ကျော်လွှားနိုင်ခဲ့ပါတယ်။ ကလေးတွေရဲ့ လောကအပေါ်မြင်တဲ့ အမြင်၊ ကစားရင်းနဲ့ပဲ သင်ယူကြရတဲ့ သူတို့ရဲ့ပုံရိပ်လေးတွေ၊ စိတ်ဝင်စားဖို့ကောင်းလှတဲ့ သူတို့လေးတွေရဲ့တွေးခေါ်ပုံ၊ ဖြစ်တည်မှုလေးတွေဟာ ဟာ တဖြည်းဖြည်း ကျွန်မနှလုံးသားထဲ စွဲမြဲလာခဲ့ပါတယ်။ သည်လိုနဲ့ပဲ ကျွန်မလည်း
mgyoe.com

mgyoe.com SAMPLE BOOK

တစ်ရက်တစ်ရက် ကလေးမှတ်တမ်းကလေးတွေ ရေးဖြစ်တယ်ပေါ့။ ရေးရင်းနဲ့မှ "သြော်. . . ငါတို့ငယ်ဘဝတွေနဲ့များ ကွာလိုက်တာ၊ သည်ကလေးတွေ လူဖြစ်ရ ကျိုးနပ်လိုက်တာ၊ ဆရာတော်ဘုရားနဲ့ အလှူရှင်တွေကိုလည်း ကျေးဇူးတင်လိုက်တာ" ဆိုပြီး မကြာခဏ မုဒိတာပွားရ၊ သာဓုခေါ်ခဲ့ရတယ်။

ကျွန်မ စာရေးတာကိုသိတော့ အဖေကလည်း ဈေးသိပ်မရှိတဲ့ ဗလာစာအုပ်အပါးလေးတွေ ကြုံရင်ကြုံသလို ဝယ်ပေးတတ်ပါတယ်။ နောက်ဆုံး ကျောင်းကလေးက ထွက်လိုက်တဲ့အခါမှာ ကျွန်မဆီမှာ ဗလာစာအုပ်ပေါင်း လေးငါးဆယ်ကျော် ကျန်ခဲ့ပါတယ်။ ရေးချင်စိတ်နဲ့သာ ရေးထားခဲ့တာ၊ ရေးပြီး ဘာဆက်လုပ်ရမယ်မှန်း ကျွန်မလည်း မသိခဲ့ပါဘူး။

သည်လိုနဲ့ ၂၀၀၈မှာ စရေးခဲ့တဲ့ သည်စာမူကို ၂၀၁၈ မှာ မဟာစာပေကနေ ထုတ်ဖို့ဖြစ်လာပါတယ်။ (အဲသည့်အချိန် ကျွန်မအသက်က ဆယ့်ကိုးနှစ်သာရှိသေးတာမို့ ငယ်လက်ရာလည်းဖြစ်တာကြောင့် စိုးတထိတ်ထိတ် ဖြစ်ခဲ့တာကိုလည်း ဝန်ခံပါတယ်။) ကလေးပြုစုနည်းတွေ၊ ကလေးသဘာဝတွေ၊ ကလေးကလောက အပေါ် မြင်တဲ့အမြင်တွေကို ရေးထားတာမို့ စာမျက်နှာက ထောင်ချီပါတယ်။ ဒါနဲ့ မဟာစာပေက အစ်ကိုလက်ယာနဲ့ ညှိကြရင်း နောက်ဆုံး စာမျက်နှာ ၃၀၀ ကျော်နဲ့ စာအုပ်တစ်အုပ် ထွက်လာနိုင်ခဲ့ပါတယ်။

သည်နေရာမှာ ဘာနာမည်မှမရှိခဲ့တဲ့ ကျွန်မကို ရဲရဲဝံ့ဝံ့ စင်ပေါ်တင်ပေးခဲ့တဲ့ မဟာစာပေ မိသားစုမှ ကိုကြီးလက်ယာနှင့် မမသိမ့်သူစိုး၊ "ပျိုး" ဆိုတဲ့ ကလောင်လှလှကလေးပေးခဲ့တဲ့ ဆရာဖျူးတို့ကို အထူးကျေးဇူးတင်ကြောင်း တခုတ်တရ ဆိုပါရစေ။

ပထမအကြိမ် ထုတ်ဝေခဲ့တာ ၂၀၁၈ ကတည်းက ဆိုတော့ ကြာလည်းကြာခဲ့ပါပြီ။ သည်အခါ စာရိပ်မြိုင်ရဲ့ ပွဲကိုင်ရှင်ဖြစ်သူ မောင်လေးပြည့်အာကာက သည်စာအုပ်လေးကို ဈေးကွက်အတွင်းမှာ သိပ်မတွေ့တော့လို့ ဒုတိယအကြိမ်ကို သူထုတ်ချင်ကြောင်း ပြောလာပါတယ်။ ကျွန်မလည်း ဝမ်းသာမိရတာပေါ့။ ကျေးဇူးလည်း တင်ရပါတယ်။ ဒါနဲ့ပဲ မဟာစာပေက ကိုကြီးလက်ယာဆီ ခွင့်တောင်းရတာပေါ့။ "စာပေတိုက်တစ်ခုက ထုတ်ချင်လို့ ထုတ်ခွင့်ပြုပါနော်" ဆိုတော့ "ရတယ်ညီမ" ဆိုတာနဲ့ ဒုတိယအကြိမ် ထုတ်ဖြစ်သွားပါတယ်။

ကျွန်မရေးသမျှထဲမှာ ပထမဆုံးလည်းဖြစ်၊ ကျွန်မချစ်ရတဲ့ ကလေးလေးတွေ ပါတဲ့အပြင် ကျွန်မရဲ့ငယ်လက်ရာ စာအုပ်ကလေးမို့ ကျွန်မ သံယောဇဉ်

mgyoe.com

mgyoe.com SAMPLE BOOK

အဖြစ်ရဆုံး စာအုပ်ကလေးဆိုရင်လည်း မမှားပါဘူး။

သတင်းကောင်းတစ်ခုက "မိချောနဲ့ ကိုဝဏ္ဏ" ကို သံယောဇဉ်မကုန်ကြသေးတဲ့သူတွေအတွက်လည်း ဒီစာအုပ်လေးမှာ ဒီဇာတ်ကောင် နှစ်ယောက်ကို တဝကြီး ထပ်တွေ့ကြရဦးမှာပါလို့။ (ဒါလေးကတော့ မထင်မှတ်ဘဲ တိုက်ဆိုင်သွားတာပေါ့နော်)။

နောက်ဆုံး ပြောလိုတာကတော့ စာဖတ်သူတွေသာ မရှိခဲ့ဘူးဆိုရင် စာရေးသူ ကျွန်မလည်း ဖြစ်လာစရာအကြောင်း မရှိပါဘူး။ ဒါကြောင့် ပထမဆုံး စာအုပ်ကလေးဖြစ်ခဲ့ပေမယ့်၊ သည်စာအုပ်ကလေးအပေါ် တန်ဖိုးထားပေးခဲ့ကြတဲ့ အနယ်နယ်အရပ်ရပ်မှ စာချစ်သူအပေါင်းကို ကျေးဇူးအထူးတင်ရှိရပါကြောင်း တခုတ်တရ ဆိုပါရစေ။ သူတို့အားပေးမှုကြောင့်သာ သည်စာအုပ်ကလေးဟာ ဒုတိယအကြိမ်မြောက်ဆိုပြီး ဖြစ်လာခဲ့ရတာပါ။

ကျွန်မ ချစ်ခင်လေးစားရတဲ့ ဆရာမကြီး ခင်မြဇင်ရဲ့စကားလေးကို ငှားပြီး သုံးရရင်-

"ကလေးတွေကို ချစ်တာဟာ တိုင်းပြည်ကိုချစ်တာနဲ့ အတူတူပါပဲ"

*ပွင့်သောပန်းကလေးတိုင်း မွေးမြကြပါစေ။*
*ချစ်ခင်စွာဖြင့်. . .*

ပျိုး

၂၅-၁-၂၀၂၃

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ထန်းတောမကျေးရွာတွင် ဖွားမြင်ခဲ့ပါသည်။ အမည်ရင်းမှာ ခင်သီတာထိုက် ဖြစ်ပြီး အဖ ဦးသိန်းထိုက်၊ အမိ ဒေါ်သန်းသျှုတို့၏ မွေးချင်း ကိုးယောက်တွင် နို့ညှာ ဖြစ်ပါသည်။ လားရှိုးတက္ကသိုလ်မှ သိပ္ပံဘွဲ့(ဓာတုဗေဒ)ကို ၂၀၀၈ ခုနှစ်တွင် ရရှိခဲ့ပြီး Diploma in Accounting DA(UK) ဘွဲ့ကို ၂၀၁၄ ခုနှစ်တွင် ရရှိခဲ့ပါသည်။ မေတ္တာရှင် ကလေးပျော်ကျောင်းတွင် ၂၀၀၇ မှ ၂၀၁၁ ခုနှစ်ထိ မူကြိုဆရာမအဖြစ် လုပ်အားပေးခဲ့ပါသည်။

၂၀၁၁ ခုနှစ် လားရှိုးတက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်းတွင် "သူ" ဟူသော ကဗျာမှတစ်ဆင့် စာပေလောကထဲသို့ စတင်ဝင်ရောက်ခဲ့ပြီး မှုခင်းမဂ္ဂဇင်းတွင် မှုခင်းဝတ္ထုနှင့် ဘဝသရုပ်ဖော်ဝတ္ထုများ ရေးသားခဲ့ပါသည်။ ယခုအခါတွင် AJU Myanmar Co.Ltd Concrete Pile Manufacturing စက်ရုံ၌ Finance Officer အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

စာရေးသူ၏ ထွက်ရှိခဲ့သော စာအုပ်များမှာ (၁) ဖယောင်းဥယျာဉ် (၂၀၁၈)၊ (၂) ဇလပ်နီ (၂၀၁၉)၊ (၃) ဝတ်မှုန် (၂၀၂၁)၊ (၄) အညာရယ် အလွမ်းရယ် မိချောရယ် (၂၀၂၂)၊ (၅) အလွမ်းစာ ၃၀ (၂၀၂၂)တို့ ဖြစ်ပါသည်။

◆◆◆

mgyoe.com

mgyoe.com

SAMPLE BOOK

ဖယောင်းဥယျာဉ်နှင့်ပတ်သက်၍
စာရေးသူ၏ အမှတ်တရ ပုံရိပ်လေးများ



mgyoe.com

mgyoe.com
SAMPLE BOOK





mgyoe.com

mgyoe.com
SAMPLE BOOK





mgyoe.com

mgyoe.com
SAMPLE BOOK





mgyoe.com

mgyoe.com SAMPLE BOOK

# သာမောဖွယ်... တောင်ပေါ်မြို့ကလေး

မိချောတို့ရဲ့ မြို့ကလေးမှာ တောင်ပတ်လည်ဝန်းရံလျက်ရှိပြီးတော့ အချိန်တော်တော်များများမှာ မြူခိုးတွေ ဝေသီနေတတ်သည့် မြို့ကလေး ဖြစ်သည်။ ထင်းရှူးတောတန်းကြီးတွေ၊ မြွေလိမ်မြွေကောက် မြေနီလမ်းကလေးတွေ၊ စိမ်းစိုညို့မှောင်နေတတ်သည့် ကျွန်းတောအုပ်အုပ်ကြီးတွေ၊ ဘိန်းအစားထိုး စိုက်ပျိုးသည့် ပန်းနှမ်းခင်းဝါဝါလေးတွေ၊ ချစ်စရာကောင်းလှသည့် တောင်ယာလှေကားထစ် စိုက်ပျိုးခင်းများနှင့် ဒယ်အိုးသဏ္ဌာန် ချိုင့်ကလေးထဲက သာမောဖွယ်မြို့ကလေး။ လှပရှုမငြီးသည့် ပန်းချယ်ရီတို့ မွေ့လျော်ရာဖြစ်သလို သဘာဝပြယုဂ်တွေနဲ့ ထုံမွမ်းနေတဲ့ မြို့ကလေးတစ်မြို့ဆိုရင်လည်း မမှားပါဘူး။

နွေလည်းနွေအလျောက်၊ မိုးလည်းမိုးအလျောက်၊ ဆောင်းလည်းဆောင်းအလျောက် ရာသီအလိုက် လှပလွန်းလှသည်။ သဘာဝအလျောက် ပေါ်ထွန်းနေသည့် ရေပူစမ်းကလေးလည်း ရှိသည်။ ခိုက်ခိုက်တုန်အောင် အေးချမ်းလှသည့် ဆောင်းရာသီသို့ရောက်လျှင် လာရောက်လည်ပတ်သူများဖြင့် နှင်းမြူမှုန်တွေကြားကြက်ပျံမကျ စည်ကားနေတတ်၏။ အနီးအနားတစ်ဝိုက်ရှိ ရွာငယ်လေးများမှလည်း ထော်လာဂျီနှင့်တစ်ဖုံ၊ စက်ဘီးနှင့်တစ်သွယ်၊ ဆိုင်ကယ်ဖြင့်တစ်မျိုး လာရောက်လည်ပတ်ကြ၏။

အငွေ့တထောင်းထောင်းထနေသည့် ကန်ရေပြင်ကြီးထဲသို့ ခြေဖျားလေး

mgyoe.com

mgyoe.com SAMPLE BOOK
ထည့်လိုက်ရုံနှင့် အသည်းခိုက်အောင် ပူလှသည်။ နာရီဝက်ခန့် စိမ်ပြီးသည့်အခါ မှာတော့လည်း မထချင်တော့လောက်အောင်ပင်။ ရေချိုးရ လွယ်ကူစေရန် ရေကူး ကန်ကြီးသဖွယ် ပြုလုပ်ပေးထား၏။ တချို့တွေများ ရေအေးမှာ ကူးနေသလို ကူးနိုင် ကြသည်။

မိချောမှာတော့ ရေအေးမှာပင် ကူးတတ်သည်မဟုတ်။ ဒီတော့ ရှိုးပွဲသည် ဆိုချင်ဆို ရေခွက် အမြဲပါရ၏။ ဧရာဝတီမြစ်ဘေးက အဘွားတို့ရဲ့ ပုလဲရွာကို အလည်ရောက်တိုင်းလည်း မြစ်ဆိပ်မှာ ရေခွက်တစ်လုံးနဲ့ ရေချိုးတတ်တဲ့ မိချော ကို လေးငါးခြောက်နှစ်အရွယ် ကလေးတွေက အထူးအဆန်းသဖွယ် ကြည့်တတ် ကြ၏။

တော်ရုံအရေပြားရောဂါလောက်ဆိုလျှင် ရေပူစမ်းက ရေကလေး ချိုး လိုက်ရုံနှင့် ပျောက်သွားတတ်၏။ ရေကန်ကြီးထဲမှာ အားရပါးရ ချိုး၍ရသလို ရေ ချိုးခန်းကလေးများနှင့်လည်း ချိုး၍ရ၏။ ပိုက်ဆံတော့ ပိုပေးရသည်။ ရေကန်ထဲမှာ ဆို ပိုက်ဆံထပ်ပေးစရာမလို။ ဝင်ကြေးသာ ပေးရ၏။ မိချောကတော့ သဘာဝ ကန်ကြီးထဲမှာ ရေစိမ်ရတာကို ပို၍ နှစ်သက်မိပါသည်။ ကောင်းကင်ပြာပြာကြီး လည်း ငေး၍ရသလို အိပ်တန်းပြန်ငှက်ကလေးတွေလည်း ကြည့်၍ရသည်။ ဟိုး ခပ်ဝေးဝေးက မပီပြင်ဝိုးတဝါးသာ မြင်ရသည့် တောင်တန်းမှိုင်းပြာပြာနှင့် နေဝင်ချိန် အလှတရားတွေကိုလည်း ငေးမော၍ရသေးသည်။ ပို၍ပို၍ တွေ့မြင်ချင်လှသည့် အခါမှာတော့ ရေပူစမ်းအထက်က သစ်သားတံတားလေးပေါ် တက်ပြီး တောင်ယာ စိုက်ခင်းတွေဘက် ငေးမောဖြစ်၏။

မြို့ပြင်ဘက်မှာမို့ မီးကလေးမှိတ်တုတ်မှိတ်တုတ်နှင့် ကျေးရွာစုစုကလေး တွေကိုလည်း မြင်ရသေး၏။ တံတားပေါ် ကို အုပ်မိုးနေသည့် တရုတ်စံကားပန်းရနံ့ လေးတွေကလည်း မွှေးအီလှပါသည်။ သက်ငယ်မိုး ဆိုင်ခန်းလေးတွေကနေ ပျံ့လွင့် လာတတ်သည့် စိုင်းထီးဆိုင်သီချင်း အေးအေးလေးတွေကလည်း အေးမြမြရာသီ နှင့် လိုက်ဖက်စွာ လွမ်းမောဖွယ်ကောင်းလှပါ၏။ ဆောင်းနှင်းအေးအေးလေးထဲ ပူပူနွေးနွေး ကောက်ညှင်းပေါင်းကို တိုဟူးကြော် ကြွပ်ကြွပ်ရွရွကလေးနှင့် ရှမ်းချဉ် ကလေးတွဲပြီး စားရတာလည်း သိပ်ကို အရသာရှိတာပါပဲ။

များသောအားဖြင့်တော့ ညနေ နေဝင်ရီတရောအချိန်မှာ ပို၍စည်ကား ၏။ အလုပ်ပြီးချိန်လည်းဖြစ်တော့ စိတ်လွတ်ကိုယ်လွတ် လာ၍ရသည်။ မိချောပင် မနက်စောစော တစ်ခေါက်လား ရောက်ဖူးသည်။ လာရောက်လည်ပတ်သူ နည်း

mgyoe.com

mgyoe.com SAMPLE BOOK
တာမို့ အေးချမ်းတိတ်ဆိတ်မှုတော့ ပိုပါ၏။ နှင်းမြူတွေ ပိန်းပိတ်အောင် ကျနေသည့်ကြားက အငွေ့တထောင်းထောင်း ထနေသည့် ကန်ရေပြင်ကို ကြည့်ရသည်ကိုက အလှတစ်ပါးလို ဖြစ်နေသည်။ ထင်းရှူးပင် ထိပ်ဖျားလေးတွေမှာ နှင်းစက်ကလေးတွေ တွဲလဲခိုနေပုံကလည်း ချစ်စဖွယ်အတိပါပဲ။

လိုင်းကားတွေက ရေပူစမ်းထိ မရောက်တော့ သုံးဘီးငှားရသည်။ အသွားအပြန် ငါးထောင်ခန့်တော့ ပေးရပါ၏။ တံတားလေးရဲ့ နောက်ဘက်မကျတကျ တရုတ်စံကားပင်ကြီးတွေအောက်မှာတော့ နောက်ထပ် ရေပူစမ်းတစ်ခု ရှိသေး၏။ ပူလွန်းလှသည်မို့ ကြက်ဥပင် ပြုတ်၍ရသောကြောင့် ကြက်ဥပြုတ်ကန်ဟုပင် ခေါ်ကြ၏။ ရေပူစမ်းနှင့် မဝေးကွာလှသော နေရာလေးမှာတော့ ရေအေးချောင်းကလေး တစ်ခုရှိသည်။ သင်္ကြန်ကာလရောက်လျှင် တာယာကျွတ် အပျော်စီးသူများ၊ ရေကစားသူများဖြင့် ခြေချစရာမရှိအောင် စည်ကားတတ်၏။

ဟူးမွန်ဆည်ကြီးနှင့် ရေကန်တောင်မှာလည်း ကြက်ပျံမကျ စည်ကားလှသည်။ မြို့ကလေးအတွက် အားကိုးအားထားပြုရသည့် သောက်သုံးရေ အဓိကပေးသည့်နေရာ ဖြစ်သည်။ ဆင်ကောင်ကြီးတစ်ကောင်နှင့် တူလှသည့် ဆင်တောင်နှင့် နန်းဟေဝန်ပန်းခြံမှာလည်း လူတွေအပြည့်။ ဘုရားကျောင်းကန် စေတီပုထိုးများလည်း ပေါများလှပါ၏။ သမိုင်းဝင် ရှေးဟောင်းမန်ဆူဘုရားကြီး၊ မဟာမြတ်မုနိ၊ ရန်အောင်မြင်ဘုရား၊ ရေကန်တောင်ဘုရား၊ ရန်တိုင်းအောင်မြို့ဦးစေတီ၊ တောင်ပေါ်ဘုရား၊ သာသနာနှစ်ထောင့်ငါးရာ၊ ဘုံခုနစ်ဆင့်၊ တရုတ်ဘုံကျောင်း၊ စိတ္တသုခ စသဖြင့် စုံလှသည်။ မိချောကတော့ မနက်စောစော မန်ဆူဘုရားကြီးကုန်းတော်ပေါ်ကနေ မြင်ရသည့်မြင်ကွင်းအား ပို၍ နှစ်သက်မိပါ၏။ ခပ်ငယ်ငယ်က ရပ်ကွက် (၁၂) တရုတ်ခိုလောင်းမှာ နေခဲ့ရသည်မို့ ကျောင်းပိတ်ရက်တိုင်း ရောက်ဖြစ်သည်။

မုခ်ဦးဘေးနားက ရဲရဲနီနေသည့် စိန်ပန်းပွင့်ကြွေတွေ ကောက်ရင်း၊ ပေါင်းတင်းဝါးစားရင်း တန်ဆောင်းကြီးပေါ် ပြေးတက်လိုက်၊ ပြန်ဆင်းလာလိုက်နှင့် အိမ်ပင် ပြန်ချင်စိတ်မရှိတတ်။ တပေါင်းလတွင် ကျင်းပတတ်သည့် မန်ဆူဘုရားပွဲကြီးရောက်ရင်တော့ မိချော အပျော်ဆုံးပင်။ ဆပ်ကပ်ပွဲ၊ ဇာတ်ပွဲ၊ အငြောက်ပွဲတွေနှင့် ကြက်ပျံမကျ စည်ကားလှ၏။ ပွဲဈေးတန်းလျှောက်ပြီး ပေါင်းတင်းဝါး၊ ဝက်သားချဉ်၊ ရှမ်းခေါက်ဆွဲ၊ ခရောက်၊ ထမင်းဝါ၊ တိုဟူးသုပ်၊ မက်ခေါက်သီးသုပ်၊ ချဉ်စော်ကားသီးသုပ်၊ မန်ကျူသီးသုပ်စုံနေအောင် ဝယ်စားဖြစ်သည်။ အိမ်ရှင်တရုတ်မ

mgyoe.com

mgyoe.com SAMPLE BOOK
က ဘာပွဲရှိရှိ မိချောနဲ့ မောင်လေးမိုးသူကို မုန့်ဖိုးပေးတတ်၏။

"မိုးမြေသိမ့်သိမ့်တုန်" ဆိုသည့် အခြောက်ပွဲကတော့ မိချော အသည်းစွဲပင်။ အစ်ကိုတွေက စတိတ်ရှိုးလောက်သာ ကြည့်ချင်သည်။ အခြောက်ပွဲ ဘယ်သူမှ စိတ်မဝင်စား။ မိချောက မျက်ရည်ခံလေးထိုးပြီး အဖေ့နားကနေ မခွာတတ်။ အဲဒီအခါ အဖေ့ခမျာလည်း အခြောက်ပွဲ မကြိုက်သော်ငြား လိုက်ကြည့်ပေးရှာသည်။ မိချောရဲ့ အခြောက်ပွဲပြီးတော့ အဖေရဲ့ နှစ်ပါးသွား ဆက်ကြည့်ကြသည်။ သို့သော် တစ်ခါမှ ဆယ်မိနစ်မကျော်၊ တရုတ်စောင်ကြီး ခေါင်းမြီးခြုံလျက် အဖေ့ကိုမှီပြီး တခူးခူး အိပ်တော့သည်ပင်။ တချို့ဆို ပွဲခင်းထဲ မီးဖိုကြီး တကူးတကန့် ယူလာပြီး မီးလှုံရင်း ကြည့်ကြသည်ပင်ရှိ၏။ ပွဲပြီးလျှင် အဖေက အမြဲတမ်း ချီပြီး ပြန်လာရတတ်သည်။ အိပ်မက်တွေများ မက်လို့။

အိပ်မက်ထဲမှာလည်း အခြောက်ပွဲ အကြည့်မပျက်တတ်။ အဖေပြောသည်ကတော့ မျက်လုံးကြီးမှိတ်ပြီး တခွီးခွီး ရယ်နေတတ်သတဲ့။ သင်္ကြန်လည်တိုင်းလည်း အဖေနှင့် လည်ရသည်သာ များပါ၏။

မိချောက သင်္ကြန်ရေပက်ခံ ထွက်ရသည်ကို ကြိုက်သလို ညဘက် ယိမ်းအဖွဲ့တွေ ပြိုင်ပွဲဝင်တာ ကြည့်ရတာကိုလည်း အင်မတန် နှစ်သက်ပါ၏။ အစ်ကိုတွေက သိပ်စိတ်မရှည်တတ်။ ဘယ်သူမှလည်း ကြာကြာမကြည့်။ သူတို့ကြိုက်တဲ့ အပျိုလေးတွေပါတဲ့ ယိမ်းအကလောက်သာ ကြည့်ပြီး ပြန်တတ်ကြသည်။

မိချောတို့မြို့လေးမှာ နည်းပညာတက္ကသိုလ်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ မြို့မဈေးကြီးနှင့် ပြည်သူ့ဆေးရုံကြီးလည်း ရှိသည်။ ရပ်ကွက်ကြီး ၁၂ ခုဖြင့် ဖွဲ့စည်းထားသော တောင်ပေါ်မြို့လေးဖြစ်ပါ၏။ ပြည်ထောင်စုအားကစားကွင်းကြီးလည်း ရှိသည်။ မိချောတို့ငယ်ငယ်က နေခဲ့ရသည့် တရုတ်ခိုလောင်းထိပ်မှာပေါ့။

"မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်" ဆိုသည့် သီချင်းသံကြားလျှင် မိချောခြေထောက်တွေ ရွပိုးထိုးနေတတ်၏။ ဘောလုံးကွင်းက မိချောတို့နေသည့် တရုတ်အိမ်နှင့် လမ်းကလေးသာ ခြားသည်။ မိချောကတော့ မြို့နယ်ပွဲသော၊ ပြည်နယ်ပွဲသော မသိ။ ဘာပွဲရှိရှိ သွားကြည့်သည်။

တစ်ကွင်းလုံးပြည့်အောင် ပတ်ပြီး ရေခဲချောင်း၊ အချဉ်ပေါင်း၊ တုတ်ချောင်းကလေးနှင့် တိုးလျှိုပေါက်ထိုးပြီး ရောင်းသည့် မြေစာဥပြုတ် မည်းမည်းလေးတွေ ဝယ်စားသည်။ ဆီဆားနှမ်းလှော်လေးနှင့် ရိုးရိုးလေး သုပ်ထားသည့် အာဒါလွှတ်

mgyoe.com

mgyoe.com SAMPLE BOOK
ဥသုပ် ဝယ်စားသည်။ မိချောတို့ရွာမှာ မရှိ။ ရှမ်းပြည်ရောက်မှ စားဖူးသည်။ အမေကတော့ "ညည်းဟာကလည်း အေ၊ စားရတာက နည်းနည်း၊ သွားကြားညပ်တာက ခပ်များများ"ဆိုပြီး တစ်ဖတ်လောက် ယူဝါးပြီး မစားတော့။ စားစရာကုန်မှ ပွဲကြည့်စင်ပေါ် ပြန်တက်၏။ ပျော်စရာကောင်းမှ ကောင်းပေပဲ။

လိုက်ချိုးခြံကြီးတွေ၊ ဆင်းရွှေလီစပါးခင်းကြီးတွေ၊ နေကြာရိုင်းတောကြီးတွေ၊ ပြောင်းဖူးခင်းကြီးတွေကိုတော့ မြို့ပြင်အတော်များများမှာ တွေ့ရတတ်သည်။ ကြက်ခြံကြီးတွေလည်း ရှိသလို နဂါးမောက်ခြံကြီးတွေလည်း ရှိ၏။ နာနတ်ခင်းနှင့် ဖရဲခင်းများကိုလည်း ရာသီအလိုက် တွေ့ရတတ်သည်။ မုန်ညင်းကိုတော့ အိမ်တိုင်းလိုလို စိုက်ပျိုးတတ်ကြသည်။ မုန်ညင်းချဉ်၊ စွန်တန်ခြောက် စသဖြင့် ပြုလုပ်ထားပြီး ရေရှည်စားသုံးနိုင်အောင် စီမံထားတတ်ကြသည်။

တောင်ယာလုပ်ငန်းနှင့် ကုန်သည်လုပ်ကိုင်သူ များပြား၏။ တရုတ်ပြည်မှ တင်သွင်းသော ကုန်ပစ္စည်းများအား မူဆယ်မှတစ်ဆင့် မိချောတို့မြို့လေး၊ ထိုမှတစ်ဆင့် မြန်မာပြည်အရပ်ရပ်သို့ ပို့ဆောင်ပေးသည်။ အများစုမှာ လူသုံးကုန်ပစ္စည်းနှင့် အဝတ်အထည်များဖြစ်သည်။ အီလက်ထရောနစ်ပစ္စည်းများလည်း ပါသည်။ ဆိုင်ကယ်ကယ်ရီတွေ ကူးကြသည်လည်း ရှိ၏။ လီဗာတွေ စွတ်တင်ပြီး တဖြူးဖြူးတဖြဲဖြဲ မောင်းကြသည့် ကယ်ရီသမားတွေရဲ့ ဆိုင်ကယ်တွေကိုတော့ မိချော ကြောက်လှပါသည်။ ဆယ်ယောက်အဖွဲ့၊ ဆယ့်ငါးယောက်အဖွဲ့ စသဖြင့် အပြိုင်အဆိုင်မောင်းကြသည်။ မြိုးမြိုးမြက်မြက် မြတ်သည်ဆိုသော်လည်း အန္တရာယ်ကြီးလွန်းလှသည်။

လိုင်စင်မဲ့တွေမို့ သံကက်ဆိုင်ရာက လိုက်ဖမ်းတဲ့အခါ သေပြေးရှင်ပြေးမောင်းရသည်။ အဖမ်းခံရမည်စိုး၍ မြို့ထဲလမ်းက မသွား၊ မိချောတို့ ကွက်သစ်ကနေ ဖြတ်၍ မောင်းကြသည်။ မောင်းတာတွေများ ဘယ်လောက်ကြမ်းသလဲဆိုလီဗာသံကြား၍ လှည့်ကြည့်လိုက်လျှင် အိပ်ဇောကထွက်သည့် မီးခိုးတန်းကိုသာ မြင်ရတော့၏။ အက်ရှင်ကားတွေ ကြည့်ရသည်ထက်ပင် သည်းထိတ်ရင်ဖိုဆန်လှသည်။ ဖြစ်လိုက်ပြီဟေ့ဆိုလျှင်လည်း သေရင်သေ၊ မသေလည်း တစ်သက်လုံးလူဖြစ်ရှုံးရသည့် ဒုက္ခိတဘဝသို့ နေ့ချင်းညချင်း ရောက်ရတော့၏။

အညာကျေးလက် ရွာငယ်ဇနပုဒ်လေးကနေ ပြောင်းရွှေ့လာခဲ့တဲ့ မိချော၊ ရောက်စက ဒီမြို့လေးရဲ့ အသည်းခိုက်အောင် အေးလှသည့်ဒဏ်ကို ခံနိုင်ရည်မရှိခဲ့ပေမယ့် ခုချိန်မှာတော့ အေးချမ်းလှသည့် တောင်ပေါ်မြို့လေးကို သဘောကျ

mgyoe.com

mgyoe.com SAMPLE BOOK
နှစ်ခြိုက်တတ်ခဲ့ပြီ။ မြို့ကလေးမှာ ရှမ်း၊ ဗမာ၊ ကချင်၊ ကရင်၊ ခနေ၊ ပလောင်၊ ဝ၊ ကိုးကန့်၊ လီဆူး၊ လားဟူ အစရှိသော တိုင်းရင်းသား သွေးချင်းမောင်နှမများ ချစ်ခင်စည်းလုံးစွာ ရောနှောနေထိုင်ကြပါသည်။ ဘယ်လူမျိုး၊ ဘယ်ဘာသာ၊ ဘာပွဲလုပ်လုပ် တပျော်တပါး ဖိတ်ကြ၊ လည်ကြ၊ စားကြသောက်ကြနှင့် ပျော်စရာအတိ။

ဘာလိုလိုနဲ့ မိချောတို့မိသားစု အေးချမ်းလှသည့် တောင်ပေါ်မြို့ကလေးသို့ ရောက်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကိုပင် ကျော်လွန်လာခဲ့ပေပြီပဲ။ ရောက်စက မုန့်ညင်းချဉ် မစားတတ်ခဲ့သည့် မိချော၊ ခုတော့ မုန့်ညင်းချဉ်သာမက မုန့်ညင်းစော၊ စွန်တန်၊ ရှမ်းထမင်းချဉ်၊ မုန့်ညင်းပေါင်း၊ နှမ်းပျစ်ထောင်း၊ တိုဟူးနွေး အကုန်စားတတ်နေပြီ ဖြစ်လေသည်။ ကြံသကာ၊ ချဉ်စော်ကားသီးနှင့် ချက်ထားသည့် မုန့်ညင်းစောကတော့ မိချောအကြိုက်ဆုံး အစားအစာဖြစ်ပါ၏။ စားခါနီးမှ ချင်း၊ ကြက်သွန်ဖြူ နံနံရွက်၊ ငရုတ်သီးစိမ်းလေးတွေ နုပ်နုပ်စဉ်းပြီး ခပ်ထည့်စားရတဲ့အခိုက်မှာ မုန့်ညင်းစောထက် ကောင်းသောဟင်းရယ်လို့ မရှိတော့ပြီ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အလုပ်ဟူက ဂုဏ်ရှိစွ

"အဖေရေ"

"ဟေ"

"မိချောရဲ့ ဘွဲ့လက်မှတ်နဲ့မှတ်ပုံတင် တွေ့မိသေးလား"

"ဟေ"

"ဟာ. . . အဖေကလည်း တဟေဟေနဲ့၊ အရေးကြီးပါတယ်ဆိုမှ"

"ဟားဟားဟား၊ ငါ့သမီးကလည်း ဒီအရွယ်ကြီးရောက်နေပြီ ကိုယ့်ဘွဲ့လက်မှတ်၊ ကိုယ့်မှတ်ပုံတင်လေးတောင် ကိုယ့်ဘာသာ ထိန်းသိမ်းထားနိုင်စွမ်း မရှိဘူးလား"

"အမေပဲလေ၊ မိချောက ဘာလုပ်မှာကျနေတာပဲ၊ ရှိသမျှ လက်မှတ်တွေ ကောက်ကောက်သိမ်းနေတာပဲ"

"အမေက စိတ်ပူလို့နေမှာပါ သမီးရယ်၊ သမီးက ဘာလျှောက်မလို့လဲ"

"မူကြိုဆရာမ"

မိချောအဖြေကြောင့် အဖေက ဘာမှမပြောပေမယ့် ကိုဝဏ္ဏက မယုံသလို မျက်နှာပေးနှင့် ကြည့်လာပြီး

"ဒီရုပ်က မူကြိုဆရာမ သွားလျှောက်မယ် ဟုတ်လား၊ ရလို့ကတော့ မြင်ယောင်ပါသေးတယ်၊ မကြာခင် ဝင်ရီလည်တော့မှာကို အိမ်ကလူတွေကိုတော့ ချေး

mgyoe.com

mgyoe.com SAMPLE BOOK

တုံးခွေးနိုင်သလို သိပ်နိုင်နေတာ"

"လည်. . . ပတယ်ပေါ့၊ ကြောက်မနေဘူး၊ မိချောက ခွေးဆိုတော့ ကိုဝဏ္ဏက ချေးတုံးကြီးပေါ့ ဟိဟိ"

"ချေးထုပ်မလေး၊ အကြီးကို တစ်ခွန်းမခံ ပြန်ပက်နေတာ"

"မယ်သန်းရေ"

"ဗျို့"

"ဒီမှာ သမီးလက်မှတ်လေးတွေ ရှာပေးလိုက်ပါဦး"

အမေက ဆူးပုပ်ကလေးရွက် ခူးနေရင်းက လှမ်းအော်သည်။ လားရှိုးမှာက ဆူးပုပ်ကလေး မရှိ။ ဆူးပုပ်ကြီးသာ ရှိသည်။ အမေက စားချင်လွန်းလှသည်မို့ ရွာကနေ မျိုးစေ့ တကူးတကယူလာပြီး မရရအောင် စိုက်သည်။ သုံးလေးပင်ရှိတာဆိုတော့ တစ်နပ်ချက်လောက်ကတော့ အသာကလေး ရသည်။ ကြက်သဟင်းပင်တွေကတော့ အိမ်နောက်ဖေးမှာ တောထနေသည်။ အမေချက်သည့် ဆူးပုပ်ရွက်တစ်ပွက်ဆူဟင်းလေးကို မိချောလည်း ကြိုက်လှပါသည်။ ရေအေးထဲမှာ စိမ်းစားငါးပိ လက်တစ်ဆစ်၊ ဆား၊ ဟင်းချိုမှုန့်၊ ဆီကလေး တစ်ပြောက်နှစ်ပြောက်၊ ကြက်သွန်နီလေး လှီးထည့်၊ ချင်းလေးစားပြား ရိုက်ထည့်။ ပွက်ပွက်ဆူလာတဲ့အခါ ဆူးပုပ်ရွက်ကလေးနဲ့ ကြက်သဟင်းရွက်လေးခတ်၊ ကြက်သွန်ဖြူလေး ထောင်းထည့်။ ငါးပိထောင်းလေးနဲ့ တွဲဖက်စားပါက ထမင်းမြိန်လှပါ၏။

"အဖေရော အဝတ်အစားလဲလေ၊ အဖေပါ လိုက်ခဲ့"

"သမီးက ကလေးမှ မဟုတ်တော့ဘဲကွယ်၊ အဖေ့သမီးက လုပ်နိုင်ပါတယ်ကွ"

"အဖေကလည်း မလိုက်ချင်တိုင်း စွတ်မြှောက်နေတော့တာပဲ"

"ဟားဟားဟား၊ မဟုတ်ရပါဘူး သမီးရယ်"

အဖေက စတစ်ကော်လာအင်္ကျီ အဖြူဆွတ်ဆွတ်၊ ယောပုဆိုးနီညိုလေးနှင့် သန့်သန့်ပြန့်ပြန့် ရှိလှသည်။ ဆံပင်ကို အုန်းဆီလိမ်း၊ အုန်းဘီးလေးနှင့် ပြားကပ်နေအောင် ဖြီးနေရင်း မိချောအပြောကြောင့် တဟားဟား အော်ရယ်တော့သည်။ အဖေ အဲလိုရယ်မောတာမြင်လျှင် မိချော အလိုလို ပျော်ရသည်။

မိချောတို့ လားရှိုးကိုရောက်စက ကွမ်းယာဆိုင်လေးဖွင့်ပြီး မောင်နှမတွေ အားလုံး ဘွဲ့ရအောင် အဖေ ကြိုးစားရှာသည်။ အဖေ ဘယ်တုံးအခါကမှ စိတ်ဓာတ်ကျဟန်မပြခဲ့။ သမ္မာအာဇီဝဆို အကုန်လုပ်သည်။ အဖေ မရယ်နိုင်ခဲ့တာ ကြာပြီ

mgyoe.com

mgyoe.com SAMPLE BOOK

ပဲလေ။

အမေက လေးတန်းအထိသာ ကျောင်းနေရပေမယ့် အတွက်အချက်က တော့ ကျွမ်းသည်။ အင်္ဂလိပ်စာတော့ သိပ်မရ။ 'အက်စ်'ကို 'အက်စစ်'ဟု ဖတ်ပြီး 'အက်ဖ်'ကို 'အက်ဖစ်'ဟု ဖတ်တတ်သည်။ အဖေကတော့ ခြောက်တန်းဆိုပေမယ့် အင်္ဂလိပ်စာကောင်းသည်။ မိချောတို့မောင်နှမတွေကိုပင် ပြန်သင်ပေးနိုင်၏။ အမေ က လည်လည်ဝယ်ဝယ်တော့ ရှိသည်။ အစ်ကိုလတ် မန္တလေးတက္ကသိုလ်တက်တော့ ငွေကလေး၊ ကြေးကလေးလိုရင် အမေပဲ သွားပို့သည်။ သားသမီးတွေ ဘွဲ့ရတော့ ပီတိတွေစားပြီး အားရှိနေခဲ့တာလည်း အမေပါပဲ။

အမေက နှုတ်ကြမ်းသလိုရှိပေမယ့် စိတ်နုသည်။ မိချောတို့မောင်နှမ တွေ နာဟယ်၊ ဖျားဟယ် ဖြစ်ကြပြီဆို မျက်ရည်လေး တစမ်းစမ်းနှင့် ဒိုင်ခံပြုစုတတ် သူ။ အစ်ကိုတစ်ယောက်ယောက်များ ဘယ်သူနဲ့ ရန်ဖြစ်ပဟဲ့ဆိုလည်း သားသမီး ပြောတာ အမှန်ယူဆတတ်သူ။ သားသမီးတွေ မျက်နှာညှိုမှာကို သူသေမှာထက် ကြောက်မိသူ။

ခုတော့ အဖေလည်း ကွမ်းယာမရောင်းတော့။ မနက် ခုနစ်နာရီလောက် ဆို အမေ့လက်ရာ နန္ဒွင်းထမင်းကြော်လေး စားပြီး ဂိတ်သွား၏။ ဆရာတော်ဘုရား ကျေးဇူးကြောင့် အဖေတစ်ယောက် မော်တော်ယာဉ်ဂိတ်မှူး ဖြစ်သွားခဲ့ပေပြီ။

"သွားတော့၊ သွားတော့၊ နောက်ကျနေမယ်"

"သူ့အပူကျနေရော"

အဲဒီ ကိုဝဏ္ဏတစ်ယောက်ဟာ မိချောကိုဆို သိပ်စချင်နောက်ချင်လှသည်။ သူ့ကို ဘယ်လောက်ပြန်ပြောပြော သွားကြီး တဖြီးဖြီးနှင့် သဘောကျနေတတ်သူ။ မိချောနှင့် သူက အထက်အောက်ဆိုတော့ သိပ်ပြီးတည့်သည် မရှိတတ်။ များသော အားဖြင့်တော့ သူက စတတ်သူ၊ မိချောက တစ်ခွန်းမခံ ပြန်ပက်တတ်သူ။

ဟုတ်ပြီ ဟုတ်ရဲ့ ထွက်လာပြီး၊ ကျောင်းရောက်ခါနီးမှ တုန်လိုက်တဲ့ ဒူး တွေ၊ ခြေဖျားလက်ဖျားတွေပါ အေးစက်လာရပြီး အပေါ့ပဲ သွားချင်သလိုလို၊ အလေး ပဲ သွားချင်သလို၊ ဟိုနားက ယားသလိုလို၊ ဒီနားက ယားသလိုလို၊ မိချောတို့အိမ်နှင့် ဘုန်းကြီးကျောင်းက ဝေးလှသည်မဟုတ်။ ကျောင်းနောက်ပေါက်နှင့်ဆို ငါးမိနစ် လောက် လမ်းလျှောက်ရုံနှင့် ရောက်သည်။ သို့သော် ကျောင်းနောက်ဘက်အပေါက် မှာရှိသည့် ဘုန်းကြီးကျောင်းက ခွေးတွေက မထင်ရင် မထင်သလို လိုက်ဆွဲတတ်တာ မို့ ကျောင်းရှေ့ဘက်လမ်းမကြီးအတိုင်းသာ တက်လာခဲ့ရ၏။ နေသာသော်လည်း

mgyoe.com SAMPLE BOOK

လမ်းဘေးဝဲယာက မဲဇလီပင်ကြီးတွေကြောင့် အေးအေးမြမြ ရှိလှသည်။

"ဟယ်. . . ဒီဒူးတွေ ဘယ်လိုများဖြစ်နေသလဲ မသိဘူး၊ ကဲဟယ်. . .၊ ကဲဟယ်"

"ညီမလေး၊ ဘယ်လိုဖြစ်လို့ ဒူးကို တဖတ်ဖတ် ရိုက်နေရတာတုံး၊ ခြင်ကိုက်လို့လား"

အသားခပ်ညိုညိုနှင့် အစ်မတစ်ယောက်က ဆိုင်ကယ်စက်သတ်ပြီး တကူးတကန့် ရပ်မေးနေသည်မို့

"ဟီး၊ မဟုတ်ပါဘူး အစ်မရယ်၊ ဒူးတွေလေ အလကားနေရင်း တုန်နေလို့"

"ကျောင်းပေါ်သွားမလို့လား၊ လာလေ၊ အစ်မလည်း ကျောင်းပေါ်သွားမှာပဲ၊ ဆိုင်ကယ်ပေါ်တက်၊ လာပါ ညီမလေးရဲ့၊ အားမနာပါနဲ့၊ ညီမလေးက မူကြိုဆရာမ လျှောက်မလို့မလား"

"ရပါပြီ အစ်မရယ် အပေါက်ပဲ ရောက်နေပြီဟာ၊ ဒါနဲ့လေ မိချော မူကြိုဆရာမ လျှောက်မယ်မှန်း အစ်မ ဘယ်လိုသိ"

"မိချောတဲ့လား၊ နာမည်လေးက ရုပ်ကလေးနဲ့ လိုက်တယ်ကော"

"ဟီး၊ တကယ်လား၊ နာမည်အရင်းက ပန်းစကားပါ"

"ဟယ်. . . ပိုတောင်မှလှသေး"

မိချောမှာ ကိုယ့်ကို လှတယ်ပြောတော့ အပျော်တွေလွန်ပြီး တဟီးဟီးဖြစ်နေရတော့သည်။ ဒူးတုန်တာတောင် ပျောက်သွားသလို ရှိ၏။ တက်လိုက်တာကောင်းပါတယ်လေ။ တစ်လှမ်းသက်သာလည်း တစ်လှမ်းပေါ့။ တက်ပြီး မကြာကျောင်းထဲ ချိုးကွေ့ဝင်လိုက်တာမို့ မိချောမှာ လန့်ဖျပ်သွားရသည်။

"ဒီခရေပင်အောက်မှာပဲ ရပ်လိုက်တော့မယ်၊ ခဏနေ နေပူလာတော့မှာဆို အတော်ပဲ"

"အိုး၊ ခရေပန်းကြွေတွေ အများကြီးပဲနော်၊ မနေ့က မိုးကြောင့် ထင်တယ်"

ခရေပန်းကြွေလေးတွေ လိုက်ကောက်မိသည်။ ပန်းကြွေလေးတွေမှာကပ်နေသည့် မြေမှုန်လေးတွေနဲ့ ရေစက်တချို့ကို ဖယ်ထုတ်ပစ်လိုက်သည်။ ဘာနဲ့ထည့်ရပါ့။ ဘွဲ့လက်မှတ်ထည့်တဲ့ ဇစ်အိတ်ထဲ ရှာကြည့်တော့ ကြွပ်ကြွပ်အိတ်အခေါက်ကလေးတစ်ခု။ ပျာတာပျာတာနဲ့ ဘယ်ကဘယ်လို ပါလာသည်မသိ။

"အစ်မလည်း လျှောက်မလို့လား၊ ရုပ်ကတော့ မူကြိုဆရာမရုပ်လည်း

mgyoe.com

mgyoe.com SAMPLE BOOK
မပေါက်ပါဘူး"

"ပြောပါဦး၊ ဘယ်လိုရုပ်ကမှ မူကြိုဆရာမရုပ် ပေါက်တာလဲ"

"အဲဒါတော့ မိချောလည်း တိတိကျကျ မသိဘူး၊ ပျာတာတာရုပ်တော့ ပေါက်မယ်ထင်တာပဲ"

မိချောစကားကြောင့် မိချောရှေ့က အစ်မက တဟားဟားနှင့် သဘောကျမဆုံး ဖြစ်နေပါတော့သည်။

မျက်ရည်တွေတောင် ထွက်လို့။ ကျောင်းလှေကားထစ်ပေါ် တက်ခါနီးတော့ နှစ်ယောက်စလုံး အသံမထွက်တော့။

မိချောကတော့ ကျောင်းပေါ်ရောက်သည်နှင့် သပ္ပာယ်လှသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ထိခြင်းငါးပါးဖြင့် ရိုသေစွာ ကန်တော့လိုက်ပါသည်။ စံပယ်ပန်းနံ့နှင့် ရွှေပန်းငွေပန်းနံ့တွေ လှိုင်နေအောင် ရသည်။ လီလီပန်း အဖြူကြီးတွေလည်း ကြေးဘုရားပန်းအိုးကြီးထဲမှာ အပြည့်။ ငွားငွားစွင့်စွင့် ပွင့်နေပုံက အားပါးတရ ရှိလှ၏။ ကိုရင်လေးတစ်ပါးက ရေနွေးကြမ်းနှင့် လက်ဖက်အုပ် လာချပေးသည်။ ကိုရင်လေးက အလွန်ဆုံးရှိမှ ရှစ်နှစ်ပေါ့။ အသားလေးတွေ ဝင်းဖန့်နေပြီး မျက်ခုံးတန်းစိမ်းစိမ်းလေးများဖြင့် ကြည်ညိုစရာကောင်းလှပါ၏။

"လောက်ကိုင်က တရုတ်ကြီးတစ်ယောက်ရဲ့ ကလေး၊ ဆိုးလို့ဆိုပြီး လာအပ်ထားတာ၊ နှစ်လလောက် ရှိသေးတာ၊ ခုလိမ္မာနေပြီ၊ ဒီမှာပဲ နေတော့မယ်ဆိုလို့ ဟိုမယ် ဖအေတရုတ်ခမျာ ဗျာတွေ များနေရရှာတယ်၊ ဟားဟားဟား"

"ဘယ်နှတန်းတုံး ဘုရား"

"ဘယ်. . . ဗမာစကားတောင် လည်လည်ဝယ်ဝယ် မပြောတတ်သေးဘူး"

ဆရာတော်ဘုရားလည်း အမေတို့လို အညာသံပေါက်၏။ စကားပြောလျှင် ဘွင်းဘွင်းရှင်းရှင်းနှင့် ဘယ်သူ့မှ အားနာတတ်ပုံမရှိ။ အရပ်မနိမ့်မမြင့်၊ မပိန်မဝ၊ မျက်နှာခပ်ပြုံးပြုံး။ ပါးစောင်တစ်ဖက်မှာတော့ ကွမ်းငုံထား၏။

"မိချော"

"ဘုရား၊ ဆရာတော်ဘုရားက တပည့်တော်မကို သိတယ်လား ဘုရား"

"သိတာပေါ့ဗျာ၊ ဆရာမကြီးက ရပ်ကျော်ရွာကျော်ပဲ ဥစ္စာ"

ဟုတ်တာ မဟုတ်တာ အပထား၊ မိချောမှာ ဆရာတော်ဘုရားက မိချောကို သိရုံတင်မက ဆရာမကြီးလို့ပါ ခေါ်လိုက်သည့်အတွက် တဟီးဟီးနှင့် သဘောကျ
mgyoe.com

mgyoe.com SAMPLE BOOK
မဆုံး ဖြစ်နေတော့သည်။ ဆရာတော်ဘုရားက မိချောကို ပြောရင်း တစ်ဆက်တည်း မိချောရှေ့က အစ်မနှင့်လည်း ပြောပြန်၏။

“ဘယ်ကနေ ဘယ်လိုပါလာတာတုံး ကရင်မရဲ့”

“ကျောင်းပေါက်နားမှာ တွေ့လို့ ခေါ်လာတာပါ ဘုရား”

“အိမ်း၊ ခရေပင်အောက်မှာလည်း နှစ်ယောက်ရှိသေးတယ်”

“တင်ပ့ါ ဘုရား”

ဆရာတော်ဘုရားက ထိုမျှသာ မိန့်တော်မူပြီး စကြံဆက်လျှောက်နေပါတော့သည်။ မိချောကို ဆိုင်ကယ်နဲ့ တင်ခေါ်လာတဲ့ အစ်မက အင်တာဗျူးမယ့်သူများလား။ ဘုရား၊ ဘုရား။

“အစ်မ၊ အစ်မ၊ အစ်မကလေ ဟို. . . အင်တာဗျူးမယ့်သူလားဟင်”

“ဟုတ်ပ့ါရှင်”

“ဒုတ်. . . ဒုက္ခပါပဲ အစ်မရယ်၊ ဒူးတွေက ပြန်တုန်လာပြန်ပြီ၊ ဟိုဟာလေ မိချော အပေ့၊ အပေ့သွားလိုက်ဦးမယ်နော်”

မိချော ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်တော့ပါ။ စောစောက စကားပြောတော့လည်း ဒီလူပဲ။ ခုလည်း ဒီလူပဲကို ဘာလို့ စိတ်တွေလှုပ်ရှားပြီး ကြောက်သလိုလို ဖြစ်နေရလဲ မစဉ်းစားတတ်တော့ပါ။ ကြောက်စရာ မလိုဘူးလို့ အကြိမ်ကြိမ် အားတင်းထားသည့်ကြားက ကြောက်နေသည့် ကိုယ့်စိတ်ကိုလည်း မုန်းလှသည်။

“ညီမလေးနဲ့လည်း လမ်းကြုံနေသားပဲ၊ တစ်ချက်ပြောပေးနော် ညီမလေး”

“ဟုတ်၊ ဟုတ်”

ခရေပင်အောက် ကွပ်ပျစ်ပေါ်မှာတော့ ဝတုတ်တုတ် အစ်မကြီးနှစ်ယောက်ကို တွေ့ရလေသည်။ ကျောင်းဝင်းထဲမှာ ခရေပင်တွေက အရွယ်စုံ။ ခု ခရေပင်ကြီးက ဆွမ်းစားဆောင်နဲ့ သိမ်ကြားက အကြီးဆုံး ခရေပင်ကြီး။

“အစ်မတို့ အင်တာဗျူးတော့မယ်တဲ့၊ ကျောင်းပေါ်မှာ အင်တာဗျူးမယ့် အစ်မ ရောက်နေတယ်”

မိချောမှာ ပြောလည်းပြော၊ ပြေးလည်းပြေး လုပ်ရသည်။ မိချော ကျောင်းပေါ် ပြန်ရောက်တော့ အစ်မနှစ်ယောက်စလုံးကို မတွေ့ရတော့။ ဘာတွေမေးမှာ မှန်း မသိသည်မို့ သိသမျှ၊ ရသမျှ ဘုရားစာတွေ အတင်းကြီး ရွတ်နေရသည်။ ရွတ်သာရွတ်ရသည်။ စိတ်လှုပ်ရှားနေတော့ ဩကာသပင် မမှန်ချင်။

mgyoe.com

mgyoe.com SAMPLE BOOK

"မကြောက်ပါနဲ့ ညီမလေးရယ်၊ အစ်မက ညီမလေးကို ဘာမှ မလုပ်ပါဘူး"

"ဟုတ်. . . သိပါတယ်၊ သူ့ဟာသူ ကြောက်နေတာရယ်"

"ဟုတ်ပါပြီ၊ ညီမလေး ကလေးချစ်တတ်လား"

"ဟုတ်ကဲ့"

"အခု အိမ်မှာ ဘာလုပ်လဲ"

"ရပ်ကွက်ထဲက ကလေးတွေ ကျူရှင်ပြပါတယ်"

"တယ်ဟုတ်ပါလား၊ ဒါဆို သူတို့ စာမရတဲ့အခါတို့၊ ညီမလေးစကားနားမထောင်တဲ့အခါတို့ ရှိမှာပေါ့"

"ရှိတာပေါ့ အစ်မရယ်၊ ရှိတာမှ တစ်ယောက်တစ်မျိုး မရိုးရအောင်ကို ရှိတာ"

"အဲဒီတော့ ကလေးတွေ ကိုယ့်စကား နားထောင်ချင်လာအောင်၊ စာလုပ်ချင်လာအောင် ဘယ်လိုလုပ်ယူလဲ"

"ဆုပေး၊ ဒဏ်ပေးပေါ့။ စာလုပ်ပြီး လိမ္မာတဲ့ ကလေးတွေဆိုရင် ပေတံလေးတွေ၊ စာအုပ်လေးတွေ ဆုချတယ်။ စာကျက်ချိန်မှာ မုန့်ခိုးစားတဲ့ ကလေးတို့၊ စကားများနေတဲ့ ကလေးတွေဆိုရင်တော့ ထိုင်ထလုပ်ခိုင်းတယ်၊ ဖားခုန်ခုန်ခိုင်းတယ်၊ နည်းနည်းဆိုးရင်တော့ ကင်းမြီးကောက် ထောင်ခိုင်းတယ်"

"ရိုက်တာတို့၊ ဘာတို့ရော မလုပ်ဘူးလား"

"မရိုက်ဖြစ်ဘူး"

"သိပ်ကို ပြောမရ၊ ဆိုမရ ဖြစ်နေခဲ့ရင်တောင်မှပဲလား"

"ဟုတ်ကဲ့"

"ရိုက်ချင်စိတ်ရော မပေါက်ဘူးလား"

"ပေါက်ရန်ကော အစ်မရယ်၊ ပေါက်တာမှလေ ရိုက်ချင်ရုံတင်မကဘူး၊ ဆံပင်မွေးကို တစ်ပင်ချင်း ဆွဲဆွဲနုတ်ပြီး 'ဟင်. . . နင် နောက်တစ်ခါဆိုးဦးမလား' ဆိုပြီးတော့ကို ဆုံးမလိုက်ချင်တာ'ဆိုတော့"

"ဘာလို့ အဲလို ကြမ်းကြမ်းတမ်းတမ်း မဆုံးမခဲ့တာလဲ"

"မိချောတို့မောင်နှမတစ်တွေလည်း ငယ်ငယ်တုန်းက တာတေလန်အောင် ဆိုးခဲ့ကြတာပဲလေ၊ အားလုံးထဲမှာ အစ်ကိုအကြီးဆုံးက အရိုက်ခံရဆုံးနဲ့ အဆိုးဆုံးပဲ။ အဖေရိုက်ခဲ့သလောက်သာ သူတော်လာခဲ့မယ်ဆိုရင် ခုချိန်မှာ ပါမောက္ခတစ်

mgyoe.com

mgyoe.com SAMPLE BOOK
ယောက်တောင် ဖြစ်နေလောက်ပါပြီ။ အဖေ ရိုက်သလောက်လည်း ပြောင်းလဲမလာတဲ့အပြင် ပိုပြီးတော့ပဲ ဆိုးလာခဲ့တယ်။ အဖေ ဘယ်လောက်ထိ ကြမ်းကြမ်းတမ်းတမ်း ဆုံးမခဲ့သလဲဆိုရင် မိချောတို့က အညာဇာတိလေ။ အညာဆိုတာ အရမ်းပူတဲ့အရပ်၊ အဲဒီလိုဒေသမှာ အဖေက သူ့ကို နွေနေပူ၊ သဲပူပူပေါ်မှာ ဖိနပ်မပါဘဲ နာရီအကြာကြီး မတ်တတ်ရပ်ခိုင်းဖူးတယ်၊ မန်ကျည်းပင်ကို ဖက်ခိုင်းထားပြီးတော့ ပုဆိုးလှန်ပြီး ထန်းပလပ်နဲ့ ရိုက်ဖူးတယ်၊ လက်တစ်ဖက်တည်းကနေ ကိုင်ဆွဲပြီးတော့လည်း ပစ်ပေါက်ဖူးတယ်၊ သားအကြီးဆုံးဆိုတော့ အလိုအလိုက်လွန်ခဲ့တာပေါ့ အစ်မရယ်။ ဆိုးလာတော့မှ အကြမ်းပတမ်းနည်းကို သုံးပြီး ဆုံးမခဲ့တယ်၊ ဒါပေမဲ့ အစ်ကိုက အဲဒါကို လက်မခံနိုင်တဲ့အခါကျတော့ အရွဲ့တိုက်လာတယ်၊ အဖေမကြိုက်တာ အကုန်ရွေးလုပ်တယ်၊ ငါးတန်းနှစ်ခါကျပြီး ကျောင်းအမြဲတမ်းပြေးတော့ နောက်ဆုံး အဖေလည်း လက်လျှော့ပြီး ကျောင်းထုတ်ပစ်လိုက်ရတော့တယ်။ အရက်သောက်၊ ရန်ဖြစ်၊ ဖဲတွေလည်းရိုက်နဲ့ လုံးဝကို ဆိုးသွမ်းတဲ့ အခြေအနေရောက်သွားတယ်။ ၁၈ နှစ်သားလောက်မှာ အဖေမသိအောင် အိမ်ပေါ်ကနေ ဆင်းသွားခဲ့တာ။ ဖားကန့်ဘက်လို့ ပြောတာပဲ။ တစ်လ၊ နှစ်လလောက်တော့ ဓာတ်ပုံတွေ၊ ဘာတွေ ပို့သေးတယ်၊ နောက်တော့ ပြန်မလာ ပြန်မလာနဲ့ အဆက်အသွယ်ပြတ်သွားခဲ့တယ်။ အဖေလည်း စိတ်ပူပြီး ဖားကန့်လိုက်သွားသေးတယ်။ ဒါပေမဲ့ အစ်ကို့ကို မတွေ့ခဲ့ရဘူး။ အမေဆို စိတ္တဇဖြစ်သွားတာ။ သားဦးကိုး အစ်မရဲ့။ အဖေလည်း နောင်တတော်တော်ရသွားခဲ့တယ်။ အဖေတို့ပြောတာပဲ ကြားဖူးတာပါ။ မိချောကတော့ အဲဒီအစ်ကိုမျက်နှာကို ကောင်းကောင်းမမှတ်မိတော့ဘူး။ အဲဒါကြောင့် မိချောလည်း မရိုက်တာ"

"ဩော်. . . ကြားရတာ စိတ်မကောင်းလိုက်တာ၊ ကလေးတွေကို စာသင်တဲ့အခါကျရင်ရော ဘယ်လိုသင်လဲ"

"ကဗျာတွေဆိုရင်တော့ အင်္ဂလိပ်ကဗျာပဲဖြစ်ဖြစ်၊ မြန်မာကဗျာပဲဖြစ်ဖြစ် အသံနေ အသံထားမှန်မှန်နဲ့ ဌာန်ကရိုဏ်းကျကျဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီး အခေါက်ခေါက် အခါခါ ရွတ်ပြပေးပါတယ်။ သမိုင်းဆိုရင်လည်း ကလေးတွေ နားဝင်အောင် ပုံပြင်ပုံစံလေး ပြောပေးပါတယ်။ ခုနှစ်သက္ကရာဇ်တွေ မှတ်မိအောင် သီချင်းပုံစံလေးနဲ့ သင်ပေးပါတယ်။ ခေတ်စားနေတဲ့ သီချင်းလေးထဲကို စာသားလေးတွေ ပြောင်းထည့်လိုက်တာမျိုးပေါ့"

ခုချိန်မှာ မိချောမှာ ကြောက်စိတ်ဆိုတာ လုံးဝမရှိတော့။ အင်တာဗျူး
mgyoe.com

mgyoe.com SAMPLE BOOK
ဖြေနေရတယ်ဆိုတဲ့စိတ်ကြီးလည်း မရှိတော့ဘဲ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ ပြန်ဖြစ်လာပါသည်။

"သင်္ချာသင်တဲ့အခါကျရင်တော့ မိချောကိုယ်တိုင် ကျောင်းသားနေရာကနေပြီးတော့ ငါသာဆိုရင် ဘယ်လိုစဉ်းစားမလဲ၊ ဘယ်လိုဆိုရင်တော့ နားလည်ရ ပိုလွယ်ကူမလဲ၊ အဲလိုမျိုး အမျိုးမျိုးစဉ်းစားပြီး သင်ပေးပါတယ်။ အထူးသဖြင့် ကလေးအများစုက သင်္ချာ (၂) ကို ကြောက်တတ်ကြတယ်လေ။ အဲဒါကြောင့် သင်္ချာ (၂) သင်တဲ့အခါဆိုလည်း အနီးစပ်ဆုံး ပုံစံတူတဲ့ ပစ္စည်းနဲ့ သင်ပြပါတယ်။ ဥပမာ၊ ဆလင်ဒါအကြောင်း သင်တော့မယ်ဆိုရင် အမေ့ဆန်ပုံးထဲက နို့ဆီခွက်ကို ယူပြီး သင်ပြပေးရတာပေါ့။ အဲဒီလိုသင်ပြပေးတဲ့အခါ ကလေးတွေ ပိုနားလည်ကြတာကို တွေ့ရပါတယ်"

"ကောင်းလိုက်တာ"

"အင်္ဂလိပ်စာဆိုရင်တော့ စာလုံးပေါင်းများများ ကျက်ခိုင်းပါတယ်၊ စာလုံးပေါင်း သိထားတဲ့အခါကျတော့ ကလေးတွေအတွက်လည်း စဉ်းစားရတာ ပိုလွယ်ကူတာပေါ့။ သဒ္ဒါမတတ်ရင် စာမတတ်တာနဲ့လည်း အတူတူပဲဆိုတော့ သဒ္ဒါပိုင်းကိုလည်း သေသေချာချာလေး ရှင်းပြပေးပါတယ်။ မြန်မာသဒ္ဒါရော၊ အင်္ဂလိပ်သဒ္ဒါရောပေါ့"

"ဘရာဗို၊ တော်လိုက်တာ ညီမလေးရယ်၊ တကယ့်ကို တော်တာ သိလား"

မိချောမှာ ကိုယ့်ကိုတော်တယ် ပြောပြန်တော့လည်း ပျော်လည်းပျော် ရှက်လည်းရှက် ဖြစ်ရပြန်၏။

"ညီမလေး ဝါသနာပါတဲ့အရာတွေလည်း ပြောပြပါဦး"

"ကဗျာစပ်တာ၊ သီချင်းရေးတာ၊ ပုံဆွဲတာ၊ စာရေးတာ၊ သီချင်းဆိုတာ၊ ကတာတွေ ဝါသနာပါတယ်"

"အိုး. . . ကောင်းလိုက်တာ၊ အကယ်၍ ဒီအလုပ်ကို ရခဲ့မယ်ဆိုရင် ဘယ်အချိန်ထိ ဆက်လုပ်မယ် စိတ်ကူးလဲ"

"ပျော်သလောက်ထိပဲ လုပ်မှာပါ၊ မပျော်တဲ့အလုပ်ကို ဆက်လုပ်နေရင် ကိုယ်ကိုယ်တိုင်က အရင်ဆုံး စိတ်ဆင်းရဲရမှာလေ။ ကိုယ်ကိုယ်တိုင် စိတ်ဆင်းရဲနေတော့ ကိုယ်လုပ်တဲ့အလုပ်ကလည်း သိပ်ပြီး တွင်ကျယ်မယ် မထင်ဘူး"

"ဟုတ်ပါပြီ၊ ဒါနဲ့ ညီမလေး ဟင်းရောချက်တတ်လား"

"ကြက်ဥကြော်လေး၊ အသုပ်ကလေးလောက်တော့ ရပါတယ်"
mgyoe.com

mgyoe.com SAMPLE BOOK

"အင်္ဂလိပ်စကားရော ပြောတတ်လား"

"ဟုတ် ပြောတတ်ပါတယ်။ ရှမ်းစကား၊ ကချင်စကားနဲ့ တရုတ်စကားလည်း နည်းနည်းစီ ပြောတတ်ပါတယ်"

"ခုမူကြိုအရွယ်ကလေးတွေဆိုတာကလေ ဒီအတန်းကျောင်းက ကလေးတွေနဲ့တော့ မတူဘူးပေါ့နော်။ သူတို့လေးတွေက သိပ်နုနယ်တော့ နည်းနည်းစိတ်ရှည်ရမယ်ပေါ့။ ညီမလေးမှာ အဲဒီအရည်အချင်းတွေရှိလို့ အစ်မ ကြိုက်တယ်။ နောက်. . . ကလေးတွေကို မရိုက်တတ်တာကိုတော့ အကြိုက်ဆုံးပဲ။ ကျန်တာတွေကတော့ အလုပ်လုပ်ရင်းနဲ့မှ တဖြည်းဖြည်း သင်သွားပေးမယ်လေနော်။ ဆိုတော့ ညီမလေးကို အစ်မ ခန့်လိုက်ပြီ"

"တကယ်. . . အိုးအိုး၊ မိချော ပျော်လိုက်တာ အစ်မရယ်၊ အစ်မကို ကျေးဇူးအများကြီးတင်ပါတယ်နော်"

"အစ်မကလည်း ညီမလေးကို ကျေးဇူးတင်ပါတယ်။ စောစောက ဗျူးလိုက်တဲ့ နှစ်ယောက်ထဲက တစ်ယောက်ပဲ အစ်မ ရွေးလိုက်တယ်။ တစ်ယောက်က ညီမလေးလိုပဲ ရပ်ကွက်ထဲက ကလေးတွေကို စာပြတယ်။ ဒါပေမဲ့ ကလေးတွေ စာမရတဲ့အခါ ဆံပင်တွေ ဆောင့်ဆွဲတာရှိသလို ခြေသလုံးလှန်ပြီး တုတ်နဲ့ရိုက်တာလည်း ရှိတယ်တဲ့၊ သိပ်ဆိုးလာရင်တော့ ဝိုင်ယာကြိုးနဲ့ ရိုက်တယ်တဲ့ ညီမလေးရယ်။ အဲဒါနဲ့ အစ်မလည်း ကြောက်သွားပြီး မခန့်ရဲတော့တာ"

မိချောတို့ စကားကောင်းနေတုန်းမှာပဲ နောက်ထပ် အစ်မတစ်ယောက် ရောက်လာခဲ့သည်။

"သဇင်ရေ ကျောင်းပေါ် တစ်ခါတည်း သွားမလား"

"မသွားသေးဘူး ချိုရေ၊ ကျောင်းသားမိဘတွေနဲ့ ခဏတစ်ဖြုတ် ဆွေးနွေးလိုက်ဦးမယ်"

နာရီဝက်လောက်ရှိတဲ့အခါမှာတော့ ကျောင်းသားမိဘတွေနဲ့ ကလေးတွေ အများကြီးရောက်လာပါတော့သည်။ မသဇင် နာမည်အရင်းက နော်သဇင်ဖြစ်ပြီး ခရစ်ယာန်ဘာသာကိုးကွယ်သူတစ်ဦး ဖြစ်သည်။

"အားလုံးပဲ မင်္ဂလာပါ။ ကျွန်မနာမည်ကတော့ နော်သဇင် ဖြစ်ပါတယ်ရှင်၊ ကျွန်မက မြန်မာ့အလှ NGO အဖွဲ့က ဖြစ်ပါတယ်။ ဆရာတော်ဘုရားက ကလေးပျော် ကျောင်းလေးတစ်ကျောင်းလောက် ဖွင့်ချင်တယ်ပေါ့နော်။ ဒီကျောင်းကလေး ဖွင့်နိုင်ဖို့အတွက် ကျွန်မတို့က ဆရာတော်ဘုရားကို တတ်နိုင်သလောက်

mgyoe.com

mgyoe.com SAMPLE BOOK
လေး ကူညီပေးခွင့်ရတဲ့အတွက်လည်း ကျွန်မ တကယ့်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။ အစ်ကိုတို့၊ အစ်မတို့အနေနဲ့လည်း တစ်တပ်တစ်အားလေး အားပေးကြပါဦးလို့။ နောက် ကျွန်မတို့ဘက်မှာ လိုအပ်တာလေးတွေရှိရင်လည်းပဲ ထောက်ပြပြီးတော့ အကြံကောင်း၊ ဉာဏ်ကောင်းတွေ ပေးစေချင်ပါတယ်။ ပူးပေါင်းပြီးတော့လည်း အတူတူ ဆောင်ရွက်ချင်ပါတယ်ရှင်"

သည်အခါ ကျောင်းသားမိဘတစ်ယောက်က ထပြောသည်။

"ရပါတယ်ဗျာ။ ကျွန်တော်ကတော့ လက်သမားလုပ်တာ။ ကျောင်းမှာ ခုံတွေ၊ ဘာတွေ လိုအပ်တာရှိရင် ပြောပေါ့နော်၊ ကျွန်တော် တတ်နိုင်တာဆို လုပ်ပေးဖို့ အဆင်သင့်ပါပဲ။ ကျွန်တော့်သားသမီးတွေ ဒီဘကကျောင်းမှာ အေးအေးဆေးဆေး ပညာသင်လို့ရတာလည်း ဆရာတော်ဘုရားရဲ့ ကျေးဇူးကြောင့်ပါ။ မြို့ပေါ်ကျောင်းမှာ ထားဖို့ဆိုရင် မြို့ထဲသွားဖို့ ပြန်ဖို့ ကားခ တစ်ရက်လေးရာတောင် ကျွန်တော်တို့မယ် မတတ်နိုင်ပါဘူးဗျာ"

"ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မတို့ကျောင်းလေးက ဖွင့်ခါစဆိုတော့ လိုအပ်ချက်တွေ အပြည့်ပါပဲ။ ခုလို အားပေးစကားကြားရတော့ တကယ့်ကို အားဖြစ်မိတယ်"

ကြားရတာတော့ တကယ့်ကို အားရစရာပါပဲ။ အမှိုက်လာရှင်းပေးမည့်သူနှင့်။ ကစားစရာပစ္စည်း လာလုပ်ပေးမည့်သူနှင့်။ ဆယ်နာရီလောက်မှ ဆွေးနွေးပွဲပြီးသွားတော့ မိချောရယ်၊ မနော်သဇင်ရယ်၊ မချိုဆိုတဲ့ ခပ်ဝဝအစ်မရယ် သုံးယောက်သား မူကြိုကျောင်းကလေးရှိရာ တောင်ကုန်းပြေပြေလေးပေါ်သို့ တက်ခဲ့ကြပါသည်။

စိတ္တသုခ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းက ကုန်းပြန့်ပြန့်ပေါ်မှာ ရှိသည်။ ကျောင်းသူကျောင်းသား ၂၀၀၀ ကျော်ရှိပြီး ဆရာ၊ ဆရာမ ၄၀ ကျော်သည်။ ထို ၄၀ ကျော်ထဲတွင် ဆရာဦးပဥ္စင်း ဆယ်ပါးခန့် ပါလေသည်။ နှစ်ထပ်ဆောင်၊ တစ်ထပ်ဆောင် စုစုပေါင်းခြောက်ဆောင်ခန့် ရှိသည်။ ရှမ်း၊ ကချင်၊ ပလောင်၊ ဗမာ၊ ဝ၊ လီဆူး၊ လီရှော၊ ကရင်၊ ဓနု စသည်ဖြင့် တိုင်းရင်းသားမျိုးစုံ ရှိသည်။

ဘကကျောင်းမှ ဆက်တက်လာလျှင် အတော်အတန်ကျယ်သည့် မြေနီဘောလုံးကွင်းကြီးရှိသည်။ ဆိုင်ကယ်စီးကျင့်သူများ၊ ဘောလုံးကန်သူများနှင့် ကားမောင်းကျင့်သူတစ်ဦး တွေ့ရ၏။ အရင်ချိန်တွေကတော့ ဤနေရာသည်လည်း ကုန်းစောင်းကြီးတစ်ခုသာ။ နောက်မှ ဆရာတော်ဘုရား ဦးဆောင်ပြီး ကိုရင်လေး
mgyoe.com

mgyoe.com SAMPLE BOOK

များ၊ ကျောင်းသူကျောင်းသားအင်အား၊ ရပ်ရွာအင်အားဖြင့် မြေပြန့်အသွင် ညှိယူလိုက်ခြင်းဖြစ်၏။

ဘောလုံးကွင်းနှင့် မလှမ်းမကမ်းတွင် အပင်ကြီး မရှိတော့သော တောင်ကတုံးတစ်ခု ရှိ၏။ ဘောလုံးကွင်းထိပ်မှာမှ မူကြိုကျောင်းကလေး။ ပြီးမှ ကျိုက်ထီးရိုးကုန်း။ ဒီရပ်ကွက်လေးမှာနေတာ ကြာပြီဖြစ်ပေမယ့် မိချော သင်ရမယ့် မူကြိုကျောင်းလေးရဲ့ တည်နေရာဟာ ဒီလောက်ထိ သာယာမှန်း သတိမထားမိခဲ့ပါဘူး။ ကျိုက်ထီးရိုးကုန်းနှင့် မူကြိုကျောင်းကလေးကြားတွင် မှန်ကူသီးပင်၊ မာလကာပင်နှင့် သရက်ပင်များဖြင့် အေးချမ်းလှသည့် တောရကျောင်းကလေး ရှိသည်။ ကျောင်းရှေ့တွင် ရေချမ်းစင်ကလေးလည်း ရှိ၏။ မူကြိုကျောင်းလေးဟာ ကုန်းပြေပြေလေးပေါ်မှာ ရှိပြီးတော့ ဝါဖျော့ဖျော့အရောင်လေး ဆေးသုတ်ထားပါ၏။ ကျောင်းဝင်းလေးလည်း ကျယ်ကျယ်ဝန်းဝန်းရှိ၏။ မိချောအထင် ပေ ၈၀၊ ၁၀၀ လောက် ရှိမည်ထင်သည်။

အုတ်တံတိုင်းလေးက မိချောခါးလောက်သာရှိသည့် ဖြူန်းအုတ်အကြမ်းထည်လေး၊ တံခါးက ဝါးတံခါး။ တံခါးဝမှာ ခြူလုံးကလေးတွေ ချိတ်ဆွဲထားသည်။ အုတ်တံတိုင်းက နိမ့်နေပြီး တံခါးက မြင့်တော့ ပြုံးချင်စရာ။ တံခါးဘေးမှာ 'မေတ္တာရှင် ကလေးပျော်ကျောင်း'ဟူ၍ ဆိုင်းဘုတ်ထောင်ထား၏။

မိုးဦးကျမို့ ထင်ပါရဲ့။ ကြည့်လေရာရာ စိမ်းစိမ်းမြမြရှိလှသည်။ မနေ့က မိုးရွာထားသည့်အရှိန်ကြောင့် ဖုန်မထသလို ဒီမနက် နေသာတာကြောင့်မို့လည်း မြေနီလမ်းကလေးက ခပ်ထတ်ထတ်လေး ဖြစ်နေသည်။ ကျောင်းသို့သွားရာ လမ်းတစ်လျှောက်မှာရှိတဲ့ မဲဇလီပင်တန်းနှင့် ယူကလစ်ပင်တစ်ပင်ကလည်း သစ်လွင်နေသလို ထင်ရ၏။ မဲဇလီပင်ရိပ်မှာတော့ ကလေးတစ်သိုက် သားရေကွင်းဂှက်တမ်းကစားနေကြလေသည်။

ဘေးပတ်ဝန်းကျင်မှာ အိမ်ခြေသိပ်မများသေးတော့ ပတ်ဝန်းကျင်ကတော်တော်ကလေး တိတ်ဆိတ်အေးချမ်းလှပါ၏။ ရှုရသည့်လေကအစ လတ်ဆတ်ရှင်းသန့်လျက် ရှိလေသည်။ အဝေရာပင်တချို့နှင့် တောပန်းလေးတွေကလည်း လှနေကြသည်ပါပဲ။ အဝါရောင်၊ ခရမ်းရောင်၊ ပန်းရောင် စသဖြင့် အရောင်အသွေးစုံလှသည်။

မူကြိုကျောင်းလေးရဲ့ရှေ့မှာတော့ အရွက်ဖားဖား၊ ပင်စည်ဖြောင့်ဖြောင့်နှင့် ခပ်အုပ်အုပ် ကျွန်းတောကြီး ရှိလေသည်။ ကျွန်းတောအောက်ခြေမှာတော့

mgyoe.com

mgyoe.com SAMPLE BOOK

မြက်ပင်တချို့နှင့် ပန်းပင်တချို့ တွေ့ရသည်။ ပွင့်ဖတ်ငါးခု၊ အရွက်ခပ်ချွန်ချွန်၊ ပန်းရောင်ဖျော့ဖျော့ ပန်းကလေးတွေက အများဆုံး။ အလေ့ကျတော့ ဟုတ်ပုံမရ။ ဆရာတော်ဘုရားက အပင်စိုက်ရတာ ဝါသနာထုံပုံရပါသည်။ ဘုန်းကြီးကျောင်း ဝင်းထဲမှာ ပိန်းပန်း၊ မြတ်လေး၊ ဆိပ်ဖလူး၊ ရွက်လှ၊ သနပ်ခါးပန်း၊ ထင်းရှူး၊ မဲဇလီ၊ မာလကာ၊ သရက်၊ ပိတောက်၊ ကြောင်လျှာ၊ စိန်ပန်း၊ ဒန်း၊ ဆင်တုံးမနွယ်၊ ခရေ စံပယ် စသဖြင့် တော်တော်လေးကို စုံလှသည်။ စပါးလင်ပင်တွေဆိုလည်း အုံလိုက်။

ခွေး၊ ကြောင်၊ ကြက်၊ ဘဲ အစုံရှိသည်။ ညနေခင်းဆို ဘဲခေါင်းစိမ်းကြီး တွေ ရှောင်ရတာကိုက အလုပ်တစ်ခု။ မျောက်ကလေးတွေလည်း ရှိသည်။ အရင်က မျောက်ကလေးတွေကို ဒီအတိုင်းထားသော်လည်း တစ်လောက ရပ်ကွက်တွေ ထဲထိ ဆင်းလာပြီး လူတွေကို တိုက်ခိုက်မှုတွေ ပြုလာတာကြောင့် လှောင်အိမ်တွေ၊ သံကြိုးတွေနဲ့ ပြန်ထိန်းထားရသည်။ ကျွန်းတောနှင့် ဆက်လျက် အောက်ဘက်မှာ တော့ အရွက်ခပ်ဖားဖား ငှက်ပျောတောကြီး ရှိသည်။

ငှက်ပျောတောနှင့် ကပ်လျက်မှာတော့ ရပ်တော်မူဘုရားတစ်ဆူနှင့် နောက်လိုက် သာဝကများ၊ ဆင်ရုပ်၊ သူအို၊ သူနာ၊ သူသေ၊ ရဟန်း၊ အန်းကုန်းရုပ်ထု ကြီးများ ရှိ၏။ ကျွန်းတောကြီး၏ ညာဘက်၌ စေတီတော်တစ်ဆူရှိသည်။ ညောင်ပင် ပျိုတစ်ပင်လည်းရှိပြီး ကဆုန်ညောင်ရေသွန်းပွဲတော် ရောက်တိုင်း အနီးတစ်ဝိုက်မှ ကဆုန်ညောင်ရေသွန်းလောင်းသူများဖြင့် စည်ကားနေတတ်သည်။ စေတီရင်ပြင် ပတ်ပတ်လည်တွင် ကံ့ကော်ပင်နှင့် ခလောက်ပင်များအား တစ်ပင်ခြားစီ တွေ့ရ ပါသည်။ စေတီနှင့် ကျွန်းတောအစပ်၌ အဖြူရောင်အုတ်ဂူပျက် သုံးလုံးရှိပြီး အနီး အနားမှာ ဂျပန်ပိတောက်ပင် အများအပြား တွေ့ရသည်။ ကျောင်းရှေ့မြေနီလမ်း လေးအတိုင်း ဆက်တက်သွားလျှင် ကျိုက်ထီးရိုးကုန်းရှိပြီး ကျိုက်ထီးရိုးပုံစံတူ စေတီ တစ်ဆူနှင့် ရပ်တော်မူ ရုပ်ပွားတစ်ဆူရှိ၏။

ကျိုက်ထီးရိုးကုန်းတော်ပေါ်တွင် ကစော့သီးပင်နှင့် ပုန်းမကြည်ပင် အများ အပြားရှိ၏။ အစက ပုန်းမကြည်ပင်မှန်း မိချော မသိ။ အနံ့ခပ်သင်းသင်းနှင့် ပန်း သေးသေးလေးတွေပါသည့် ပန်းခိုင်အမျိုးအစား။ အမေ့ မေးကြည့်တော့မှ ပုံးမကြည် ပန်းမှန်း သိရသည်။ အဖူးတွေအားလုံး မပွင့်မီမှာပင် ပွင့်ပြီးသား အပွင့်လေးတွေက ခြောက်သွားတတ်၏။ ပန်းအညှိုးကိုရော၊ အသစ်ပွင့်သည့် ပန်းကိုရော တစ်ခိုင် တည်းမှာ တစ်ပြိုင်တည်း မြင်ရ၏။ မိချောက အလှပျက်သည်ထင်ပြီး ညှိုးနေတဲ့ အပွင့်တွေ လိုက်ခြွေတတ်လျှင်တော့ အမေက "ညည်းမို့ မပျင်းမရိ"ဟု ဆိုတတ်

mgyoe.com

mgyoe.com SAMPLE BOOK
သည်။

ကျိုက်ထီးရိုးစေတီအောက်ဘက် ချိုင့်ဝှမ်းထဲမှာတော့ သစ်မွှေးပင်ပေါက်အပင်တစ်ရာလောက်ရှိသည်။ ကျိုက်ထီးရိုးစေတီတော်နှင့် မူကြိုကျောင်းကလေးအား သစ်မွှေးပင်ကလေးများဖြင့် ခြားထားသကဲ့သို့ ထင်ရ၏။ တောင်တန်းကြီးတွေ စိမ်းရာကနေ တဖြည်းဖြည်း ဝေးဝေးသွားတဲ့အခါ အပြာရောင် ပြောင်းသွားတာကိုလည်း ချစ်လှပါသည်။ ခပ်ဝေးဝေးက နေထွက်တောင်ကိုလည်း မြင်ရ၏။

"ဆရာမချော ငေးလှချည်လား၊ ကလေးတို့ဆရာမလေး ဖြစ်သွားပြီဆိုတော့ ဆရာမချောလို့ပဲ ခေါ်တော့မယ်နော"

"ဟုတ်၊ ရှုခင်းတွေ သိပ်လှတာပဲနော်၊ ဟိုးမှာ မန်ဆူဘုရားကြီးကိုလည်း မြင်ရတယ်၊ သာသနာ့ဗိမာန်ကိုလည်း မြင်ရတယ်၊ အထက (၂) နားက ဘုရားရှိခိုးကျောင်းကြီးကိုလည်း မြင်ရတယ်။ ကြည့်ပါဦး တောင်တန်းတွေ၊ မြူခိုးတွေ၊ သစ်တောအုပ်အုပ်ကလေးတွေနဲ့ လှလိုက်တာနော် မသဇင်"

"ဟုတ်တယ် ဆရာမချောရဲ့။ အရင်ကတော့ ဆေးပေးခန်းလုပ်ဖို့ပဲ။ ဒါပေမဲ့ ဆရာတော်ဘုရားက ကျောင်းမှာ အတန်းကြီးတွေရှိပေမယ့် မူကြိုမရှိသေးဘူးပေါ့နော်။ နောက် ဒီရပ်ကွက်ထဲမှာကလည်း လက်လုပ်လက်စားတွေ များတော့မိဘတွေက အလုပ်လုပ်၊ ကလေးတွေကို ဒီအတိုင်း အိမ်နီးနားချင်း ဆွေမျိုးတွေနဲ့ပဲ ပစ်ထားခဲ့ကြရတာကိုး"

ဟုတ်တော့ဟုတ်ပါသည်။ ရပ်ကွက်ထဲမှာ အပေါ်ဆုံးဆိုလျှင် ကလေးနှင့်ခွေးသာပြရလိမ့်မည်။ ကလေးတွေများ ခြေချင်းလိမ်နေသည်မို့ ကလေးတစ်ယောက်ပျောက်လျှင်တောင် ချက်ချင်းသိနိုင်မည်မထင်။ ကလေးနှင့် ကလေးမိဘဆိုတာကလည်း တစ်နေ့နေလို့မှ ညအိပ်ချိန်လောက်သာ ကောင်းကောင်းမြင်ရသည့်ဘဝတွေ။

"ကလေးသဘာဝ ကစားနေရရင် ထမင်းမေ့ ဟင်းမေ့ပေါ့။ သန့်သန့်ရှင်းရှင်းလည်း မနေရ။ ထားခဲ့တဲ့ ထမင်းဟင်းကလည်း အထူးသဖြင့် ဟင်းပေါ့။ ကလေးတွေအကြိုက် တရုတ်ကလာတဲ့ အစပ်ချောင်းတွေ၊ နောက် တိရစ္ဆာန်ကလီစာတွေနဲ့ လုပ်ထားတဲ့ ရယ်ဒီမိတ်အစားအစာတွေပေါ့နော်။ အဲဒါတွေက ဈေးကလည်း ငါးဆယ်၊ တစ်ရာပဲကိုး၊ ကလေးတွေကလည်း ကြိုက်တယ်ဆိုတော့လေ။ အဲဒီမှာဆရာတော်ဘုရားက နေ့စဉ်ရက်ဆက် ဒါတွေပဲ မြင်နေရတော့ ဒီတိုင်းဆိုရင်တော့မဖြစ်တော့ချေဘူး။ မူကြိုကျောင်းလေးဖွင့်မယ်၊ ပြီးရင် ထမင်းနဲ့ဟင်းကိုလည်း ပူပူ
mgyoe.com

mgyoe.com SAMPLE BOOK

နွေးနွေးနဲ့ အာဟာရမျှမျှတတဖြစ်အောင် ကျောင်းကနေပဲ ချက်ကျွေးကြစို့ဆိုပြီး တော့ ဖွင့်ဖြစ်သွားတယ်"

"အို့. . . ဆရာတော်ဘုရားကြီးက မေတ္တာတရား ကြီးမားလိုက်တာ နော်"

"ဟုတ်တယ်၊ အစ်မတို့လည်း အဲဒါကြောင့်မို့ ရအောင် လုပ်ကြမယ်ဆိုပြီး ကူညီဖို့ သဘောတူလိုက်တာ"

အိပ်ရာခင်းနဲ့ ခေါင်းအုံးလေးတွေက ပန်းသီးပုံလေးတွေပါတဲ့ အညိုရောင် ဆင်တူလေးတွေ။ ကလေးတွေဆိုတော့ အပေခံအောင်လို့ ထင်ပါရဲ့။ အောက်မှာ ခင်းဖို့ ထင်ရတဲ့ တရုတ်ဂွမ်းကပ်အပုံကြီးကိုလည်း တွေ့ရလေသည်။ ဘယ်ကတည်း က ပြင်ဆင်ထားခဲ့ကြသည် မသိ။ တော်တော်တော့ အဆင်ပြေသည်။

"မသဇင် ဒီအိတ်ထဲက ဘာတွေလဲ"

"ပုံဖော်ချိတ်ဆက် ကစားစရာလေးတွေ"

ပုံဖော်ချိတ်ဆက် ကစားစရာလေးတွေက အဝါရောင်၊ အနီရောင်၊ အစိမ်း ရောင် စသဖြင့် အရောင်စုံလှသည်။

"ဒီအင်္ဂလိပ်အက္ခရာ၊ မြန်မာအက္ခရာတွေရော ဘယ်မှာကပ်မလဲ။ ကလေး မျက်လုံးနဲ့ တန်းတန်းလောက်ကို ခန့်မှန်းပြီး ကပ်ရမှာ။ အဲဒါမှ ကလေးတွေက စိတ်ဝင်စားမှာ။ ကိုင်တွယ်ထိတွေ့လို့လည်း ရတယ်ဆိုတော့ ပိုလည်း မှတ်မိတာ ပေါ့။ သူတို့နဲ့ အလှမ်းမမီတဲ့နေရာဆိုရင် ကလေးက စိတ်ဝင်စားခဲ့ရင်တောင်မှ ကုပ်ကလည်း ညောင်း၊ ထိတွေ့လို့ကလည်း မရဆိုတော့ ကြာတော့ မကြည့်တော့ ဘူး"

"ဪ. . . ဟုတ်၊ ဒီအိတ်လေးတွေကရော ဘာလုပ်ဖို့အတွက်လဲ အစ်မ"

"အဲဒါက သွားတိုက်တံလေးတွေ ထည့်ဖို့။ ကျောင်းမှာကတည်းက သွား တိုက်တာ နည်းစနစ်မှန်အောင် လေ့ကျင့်ပေးရမယ်လေ။ နောက်. ဒီအိတ်ကပ်ရဲ့ အပေါ်ပိုင်းမှာ ကလေးတွေရဲ့ နာမည်လေးတွေ ရေးပြီး ကပ်ထားပေးမယ်ဆိုရင် ကလေးတွေ ဘာရသွားသလဲဆိုတော့ သွားတိုက်ရမယ့် အကျင့်ကလေးရယ်၊ နောက် ဒီစာလုံးတွေကို ကလေးအနေနဲ့ တိတိကျကျ မသိသေးပေမယ့် ကိုယ့်နာမည်နဲ့ သွားတိုက်တံကို တွဲပြီး မှတ်မိသွားလိမ့်မယ်"

အောက်ခံအစိမ်းရောင် ပိတ်သားပေါ်မှာ အဝါရောင်အိတ်ကပ်ကလေး

mgyoe.com

mgyoe.com SAMPLE BOOK
တွေ အခုတစ်ရာလောက် ကပ်ချုပ်ထားသည်ကို တွေ့ရသည်။ အကျယ်နှစ်လက်မ၊ အမြင့်သုံးလက်မလောက်ရှိတဲ့ အိတ်ကလေးတွေ။

"ဒီအိတ်လေးတွေကရော"

"အဲဒါက နာမည်ခေါ်ဖို့။ အရင်ဆုံးတော့ ကလေးတွေ ဘာကြိုက်သလဲ၊ အကောင်ဆိုလည်း အကောင်၊ အသီးဆိုလည်း အသီးထဲကပေါ့။ မေးပြီးရင် ကတ်ထူလေးပေါ်မှာ တစ်ဖက်က ကလေးရဲ့နာမည်၊ တစ်ဖက်က ကလေးကြိုက်တတ်တဲ့ ပစ္စည်းပေါ့။ ပြီးရင် အဲဒီကတ်လေးကို ကလေးနဲ့ မိတ်ဆက်ပေးရမယ်။ မိတ်ဆက်ပြီးတာနဲ့ ကလေးနဲ့အတူတူ အိတ်ကလေးထဲ ထည့်ထားရမယ်။ ကျောင်းမလာခင်ဆိုရင် ရုပ်ပုံလေးတွေဘက် လှည့်ထားပေါ့။ ကျောင်းလာပြီဆိုမှ ကလေးကိုယ်တိုင် နာမည်ပါတဲ့ဘက် လှည့်ပစေပေါ့။ ဒါဆိုရင် နာမည်ဘက်လှည့်ထားတဲ့ ကလေးက ကျောင်းလာပြီးတော့ ပုံဘက်လှည့်ထားတဲ့ ကလေးက ကျောင်းမလာဘူးပေါ့။ ကျောင်းဆင်းခါနီးကျရင်တော့ ကတ်ကလေးတွေ တစ်ဘက်ပြန်လှည့်ထားပေါ့နော်။ တစ်ပတ် ဆယ်ရက်လောက်တော့ ကလေးတွေနဲ့အတူ လုပ်ပေးရမယ်။ နောက်ကျရင်တော့ ဘယ်သူ ကျောင်းလာသလဲ၊ မလာဘူးဆိုတာ ကလေးတွေကတောင် ပြောပြလိမ့်မယ်"

"မသဇင် တော်လိုက်တာနော်။ မိချောဆို ဘာမှမသိဘူးကော၊ ပုံတွေတော့ မိချော ဆွဲပေးမယ်နော်"

"အစ်မတို့လည်း သင်တန်းတွေ တက်ထားလို့ပါ ဆရာမချောရယ်။ ရော့ ဒီကတ်ထူလေးတွေကို ရေခဲမုန့်ပုံစံကလေးတွေညှပ်၊ ပြီးမှ အပေါ်ကနေ အသီးနဲ့ အကောင်လည်း နှစ်မျိုးပေါင်း ၅၀ လောက် ဆွဲပေးနော်"

မိချောက ငါးကလေးတွေ၊ ကြောင်ကလေးတွေ၊ အသီးကလေးတွေ စသဖြင့် ဆွဲလိုက်တာ တစ်နာရီနီးပါးကြာတော့ ပြီးသွားသည်။ ဆွဲပြီးသည်နှင့် ဖယောင်းရောင်စုံနှင့် အရောင်ခြယ်လိုက်တဲ့အခါမှာတော့ လှတပတကလေး ဖြစ်သွားရတော့သည်။ ပြီးတာနှင့် မသဇင်ကို ပေးလိုက်တော့၏။

"အဲဒါပြောတာ၊ သိပ်တော်တဲ့ ဆရာမလေး ရထားလို့၊ ဘုရားသခင် ကျေးဇူးတော်ပဲလို့"

ကျောင်းမှာ ဖိနပ်စင်တို့၊ လွယ်အိတ်စင်တို့ မရှိ။ ဒန်းတွေ၊ စီးလျှောတွေလည်း မတွေ့ရ။ ဦးပဥ္စင်းတစ်ပါး တွေ့မိသဖြင့် မသဇင်ကို မေးကြည့်တော့ ဘွဲ့တော်မှာ 'ဦးကေလာသ'ဟု သိရ၏။ ဦးပဥ္စင်းပုံစံမှာ အသားခပ်ညိုညို၊ အရပ်မနိမ့်မမြင့်၊
mgyoe.com

mgyoe.com SAMPLE BOOK
မပိန်မဝနှင့်။ အရယ်အပြုံးရယ်လို့လည်း မတွေ့ရ။ ကျောင်းနောက်ဘက် မြက်ခင်းပြင်မှာရှိသော ယုန်ကလေးများအား အစာကျွေးနေလေသည်။ ယုန်ကလေးများမှာ အဖြူဆွတ်ဆွတ်၊ ငါးပိရောင်၊ အမည်းရောင် စသဖြင့် အရောင်စုံလှသည်။ ပိန္နဲပင်အောက်မှာလည်း ကြက်နက်ကလေး လေးငါးကောင်နှင့် ကြက်ဖကြီးတစ်ကောင် တွေ့ရ၏။ ကျောင်းနောက်ဘက် အုတ်တံတိုင်းထောင့်စွန်းမှာတော့ သစ်သားယုန်လှောင်အိမ်လေးခု။

ဦးပဥ္စင်းက ကွမ်းကိုတော့ အတော်ကြိုက်ပုံရပါသည်။ ကွမ်းယာဘူးကလေး တွေ့ရသလို သံမနိုင်ကျောက်မနိုင်ဆေးဘူးလည်း တွေ့ရသည်။ သက်တော်ကတော့ မိချော အထင် ၂၅ လောက်ရှိမယ် ထင်ပါရဲ့။ ကျောင်းနောက်မြက်ခင်းပြင် ဘက်မှာတော့ ဦးပဥ္စင်းအတွက် အခန်းလေး ပေးထားပုံရလေသည်။ အခန်းရှေ့တွင် ဆက်တီခုံတစ်လုံးနှင့် သစ်သားခုံတစ်လုံးရှိပြီး သစ်သားခုံပေါ်တွင် ရေသန့်ဘူးကြီးတစ်ဘူး တင်ထား၏။

"အစ်မ ဒီခုံတန်းရှည်တွေက ဘာလုပ်ဖို့လဲ"

"ထမင်းစားတဲ့အချိန်၊ ထမင်းစားခုံပေါ့။ လက်မှုချိန်မှာတော့ လက်မှုခုံပေါ့"

မိချော မ. . . ကြည့်တော့ တော်တော်နှင့် ပါမလာ။ ဆွဲလိုက်မှ သမံတလင်းနှင့် ပွတ်တိုက်မိပြီး ရွေ့လာသည်။ မိုးပြာရောင် အောက်ခံဆေး သုတ်ထားပြီး အပေါ်ဘက်ကိုတော့ ပန်းနွယ်ပန်းခက်ပုံလေးတွေ မှုတ်ဆေးနှင့် ပုံဖော်ထားသည့် ခုံလှလှလေးငါးခုံ။ ခုံတစ်ခုံလျှင် တစ်ဖက်ငါးယောက်စီနှင့် ဆယ်ယောက်ခန့်ဆန့်၏။ သဘော်ဆေးနံ့ကလေး မွှေးပျံ့နေပုံထောက်တော့ လုပ်ထားတာ ကြာသေးပုံမရ။ မြက်ခင်းနဲ့နီးသည်မို့ လေကောင်းလေသန့်တော့ ရ၏။ မနီးမဝေးမှာတော့ ရေလောင်းအိမ်သာ လေးလုံးရှိ၏။ မြက်ခင်းလေးကတော့ အလှဆုံးပင်။

"ဒီမြက်ခင်းလေးက ဦးပဥ္စင်း မြေနီကွင်းက မြက်တွေ ပေါက်ပြားနဲ့ ပေါက်ယူလာပြီး သူ့ဘာသာ စိုက်ထားတာ"

"သုဝဏ္ဏ ဘောလုံးကွင်းအတိုင်းပဲ"

"ဟားဟားဟား ရောက်ဖူးတယ်ပေါ့"

"ဟီး၊ ရောက်ဖူးပါဘူး"

စုပေါင်းခန်းကလည်း ကျယ်ဝန်းပါသည်။ စုပေါင်းခန်း ပတ်ပတ်လည်မှာ ကလေးတွေအရုပ်နှင့် သိပ်မကွာသည့် အထပ်သားဗီရိုပုကလေးတွေ ရှစ်လုံး
mgyoe.com

mgyoe.com
SAMPLE BOOK

ခန့် ချထားသည်။ ဗီရိုတစ်ခုလျှင် အကန့်သုံးကန့် ပါသည်။ အထဲမှာ ပုံဖော်ချိတ်ဆက် ကစားစရာလေးတွေ၊ သစ်သားတုံးလေးတွေ နေရာချရ၏။ မြန်မာအက္ခရာ၊ အင်္ဂလိပ်အက္ခရာလေးတွေကို ကလေးမျက်စိနှင့် တစ်တန်းတည်း ကျနိုင်သည့်နေရာတွင် ကပ်ရ၏။ ခဏနေတော့ ဦးပဥ္စင်းနှင့် ကျောင်းသားကြီးတစ်ယောက် ရောက်လာပြီး အညိုရောင် ဖယောင်းပုဆိုးတွေ ခင်းပေးသွားသည်။

"ဒါက ကလေးတွေအတွက် လက်ဆေးကန်၊ ကလေးငါးယောက် တစ်ပြိုင်တည်း ဆေးလို့ရအောင် ဦးပဥ္စင်းကိုယ်တိုင် လုပ်ထားပေးတာ။ ဒီမှာ ဒီရေပိုက်ခေါင်းကို ဖွင့်လိုက်တာနဲ့ ဒီပိုက်လေးငါးခုကနေ ရေထွက်လာမှာ"

အဆင်ပြေလှပါ၏။ လက်ဆေးကန်နားတွင် ပဝါစင်လေးတစ်ခုလည်း ရှိပြီး ရောင်စုံပဝါလေးများ ချိတ်ဆွဲထားပါ၏။ အိပ်ခန်းဆောင်မှာတော့ သစ်သားကွပ်ပျစ်အကြီးကြီး နှစ်ခုခင်းထားပြီး အလယ်တွင် တစ်ပေခွဲခန့် လျှောက်လမ်းလေး ရှိ၏။ အိပ်ခန်းဆောင်နံရံမှာလည်း မြန်မာအက္ခရာ၊ အင်္ဂလိပ်အက္ခရာ၊ တိရစ္ဆာန်ပုံလေးတွေ၊ ပန်းကလေးတွေ ကပ်ရ ချိတ်ရ၏။ ပြတင်းပေါက်ရှစ်ပေါက်နှင့် တံခါးမကြီးတစ်ပေါက်ပါသည်မို့ လင်းလင်းကျင်းကျင်း ရှိလှပါသည်။ သစ်သားကွပ်ပျစ်လေးက လျှောက်လမ်းကလေးကလွဲ၍ အပြည့်ဆိုတော့ ကျယ်ကျယ်ဝန်းဝန်း ရှိလှ၏။

ပြတင်းပေါက်ကနေ ကျောင်းရှေ့ ငေးကြည့်လျှင် ကွန်းတောကြီးကို တွေ့ရပြီး ကျောင်းနောက်ဘက်ကို ကြည့်လျှင် မြက်ခင်းစိမ်းစိမ်း၊ ကျိုက်ထီးရိုးဘုရား၊ တောင်တန်းတွေ၊ မြူခိုးတွေ၊ တိမ်စိုင်တိမ်လိပ်တွေ၊ ပန်းကလေးတွေ၊ ငှက်ကလေးတွေ၊ သစ်ပင်စိမ်းအုပ်အုပ်ကလေးတွေ၊ ယုန်ကလေးတွေ၊ အိုး. . . ပြောရရင် ကုန်မည်မထင်။ ဘယ်လောက်များ အေးချမ်းလိုက်ပါသလဲ။ မိချောအိမ်ကလေးသာ ဖြစ်လိုက်စမ်းပါတော့ကွယ်။

အိပ်ခန်းဆောင်နှင့် စုပေါင်းခန်းကြားမှာတော့ ဆရာမများ နားနေခန်း ရှိလေသည်။ သစ်သားစားပွဲတစ်လုံး၊ ပန်းအိုးတစ်လုံးနှင့် ဗီရိုကြီးတစ်လုံး ရှိလေသည်။ မီးဖိုဆောင်လေးကတော့ အဆောင်သီးသန့်ကလေး ထုတ်ထားသည်။ မီးသွေးမီးဖိုကို ကြွေပြားနှင့် သေချာလုပ်ထား၏။ ပြတင်းပေါက်နှစ်ပေါက်နှင့် တံခါးမကြီးတစ်ပေါက် ပါသည်။ မဲဇလီပင်အကြီးကြီးရဲ့အောက်မှာ ရှိတာမို့ အရိပ်ရလှသည်။ ညနေဆိုလျှင်တော့ နေထိုးမှာမလွဲ။ မီးဖိုဆောင်ကနေ ကြည့်လျှင် အောက်ဘက်ကို လှမ်းမြင်နေရပြီး ကလေးတွေ ကျောင်းလာရင်လည်း ဟင်းချက်

mgyoe.com

mgyoe.com SAMPLE BOOK

ရင်းနဲ့ ကြည့်လို့ရသည်မို့ အဆင်ပြေလှသည်။ မီးဖိုဆောင်ကိုလည်း အဝါဖျော့ကလေး သုတ်ထားပါ၏။

မိချောအရပ်လောက်ရှိသည့် သစ်သားဗီရို ခပ်ဟောင်းဟောင်း တစ်လုံးလည်း ရှိသည်။ မီးဖိုဆောင်လေး ပတ်ပတ်လည်မှာတော့ ဗိုလ်ကတော် မျက်ခုံးပင်လေးတွေ စီရရီစိုက်ထားသည်။ မိချော ကြည့်နေတုန်းမှာပဲ ဦးပဥ္စင်းက အပင်ဖြတ်ကတ်ကြေးနှင့် ပုံပေါ်အောင် ညှပ်သွားလေသည်။ ခဏနေတော့ ဦးလေးကြီးတစ်ယောက်နှင့်အတူ မြက်တွေ ရိတ်ကြပြန်၏။ ဦးပဥ္စင်းက အလုပ်တော့ တော်တော်လုပ်သည်။ ဦးပဥ္စင်း သက်န်းဆိုတာ မြေကြီးချောက်ရောင် ပေါက်နေ၏။ ကျောင်းနောက်အုတ်တံတိုင်း အပြင်ဘက်တွင်လည်း အမှိုက်ကျင်းတူးပြန်၏။

မိချောတို့သုံးယောက် တံမြက်စည်းလှည်း၊ ကြမ်းတိုက် လုပ်စရာရှိတာ အကုန်လုပ်အပြီးမှာတော့ ခြောက်နာရီထိုးသွားပြီ ဖြစ်လေသည်။ ဦးပဥ္စင်းကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြသည်။ မိချော အလုပ်ရတော့ တစ်မိသားစုလုံး ဝမ်းသာနေကြသည်။ ကျူရှင်ချိန်ကိုတော့ ညနေပိုင်းပဲ ပြောင်းဖြစ်တော့သည်။ ခါတိုင်းလို တစ်ရက်သုံးခါ မသင်နိုင်တော့။ မနက်ဖြန်ဆို ကျောင်းတွေလည်း ဖွင့်ပြီကိုး။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ရောင်စုံပန်းကလေးများ

ကလေးတွေနဲ့ တွေ့ရတော့မည်ဆိုတော့ မိချောမှာ ထူးထူးခြားခြား ရင်တွေခုန်မိသည်။ အင်တာဗျူးပြီး ဟုတ်တိပတ်တိ လုပ်ဖြစ်တာဆိုလို့လည်း ဒီအလုပ်လေးသာရှိသည်။ ကျူရှင်သင်တာကတော့ နာမည်သာ။ လကုန်လျှင် ကျူရှင်ခကရတာမဟုတ်။ ကိုယ်ကလည်း ဆရာလုပ်နေရတာနဲ့ကို ပျော်နေတတ်သူမျိုး။ ကျူရှင်လခရယ်လို့လည်း သတ်မှတ်ထားတာမျိုး မရှိ။ အသီးအရွက်ရောင်းတဲ့ ကလေးက အသီးအရွက်ကလေး၊ မုန့်ညင်းချဉ်ကလေး လာပေးတာ ရှိသည်။ တချို့ရှိသေး။ အမေက နှစ်လုံးပေါက်မှ ကျူရှင်လခပေးပါ့မယ်၊ သုံးလုံးပေါက်မှ ပေးပါ့မယ်ဆိုတာတွေ။ တစ်ခါတည်း ပိတ်ပြောလိုက်သည်။ မပေးတော့နဲ့လို့။ လက်လုပ်လက်စားတွေရဲ့ အားကိုးရာက လွဲမှားစွာ လောင်းကစားဖြစ်နေပေမယ့် မိချောမှာ တားဆီးပိတ်ပင်နိုင်စွမ်းမှ မရှိတာဘဲ။

လကုန်ရက်ရောက်တိုင်း လက်ဖက်သုပ်၊ ရှမ်းခေါက်ဆွဲ၊ မာလာဟင်း၊ တစ်ခုခုလုပ်စားရင်း ကလေးတွေ တရုန်းရုန်းနဲ့ ပြောဟယ်၊ ဆိုဟယ် နေရတာကို ပျော်လှပါ၏။ ကလေးတွေ ယူလာသည့် ပစ္စည်းပေါ် မူတည်ပြီး အဆင်ပြေတာ လုပ်စားဖြစ်၏။ အမည်စုံစုံ ဆိုရင်တော့ မာလာဟင်းလုပ်စားဖြစ်သည်။ လိုတာ မိချောက စိုက်ရ၏။ ကလေးတွေ စာမေးပွဲဖြေပြီးသည့်ရက်မှာ အများဆုံး လုပ်စားဖြစ်၏။ စာမေးပွဲအတွင်းမှာ စိတ်ဖိစီးမှုမျိုးစုံနှင့် ရင်ဆိုင်နေခဲ့ရသည့် ကလေးတွေ

mgyoe.com

mgyoe.com SAMPLE BOOK
ကို သနားလှ၍ ဖြစ်သည်။ စားပြီးသောက်ပြီးတဲ့အခါ အိမ်ရှေ့လမ်းမဘက် ထွက်ပြီး ကစားကြ၏။ လပြည့်ညတွေနဲ့မှား တိုက်ဆိုင်ရင်တော့ အိမ်ပင် မနည်းပြန်လွတ်ရတတ်သည်။

မိချောတို့ အိမ်ရှေ့လမ်းက တစောင်းကြီး။ မိချောတို့အိမ်က အမြင့်ဘက်ခြမ်းမှာ။ ညဘက်ဆို ဆိုင်ကယ်တွေ၊ ကားတွေ အသွားအလာ သိပ်မရှိတတ်။ မိချောလည်း ကလေးတွေနဲ့ ရောယောင်ပြီး ကစားဖြစ်၏။ ကလေးတွေက မိချောကို မကြောက်ကြပေမယ့် ချစ်ခင်လေးစားကြသည်။ အိမ်မှာ ဘာလေးပဲလုပ်လုပ် မိချောကို တရေးတယူ ဖိတ်တတ်ကြသည်။ အဲဒီပီတိလေးကို စားပြီး အားရှိနေရသည်ပင်။

အလုပ်ဝင်ရမှာ တွေးပြီး ငါးနာရီလောက်ကတည်းက နိုးနေခဲ့သည်။ ဗိုက်ဆာဆာနှင့် အိုးတွေ လှန်လှောရှာသော်လည်း ထမင်းသာရှိပြီး ဟင်းမရှိ။ ဖူဂျီဆပ်ပြာပုံးအခွံထဲ လှန်လှောရှာတော့ ပုန်းရည်ကြီးတစ်ထုပ် တွေ့သည်နှင့် ကြက်သွန်နီ ပါးပါးလှီး၊ ငရုတ်သီးစိမ်းလေး ရိတ်ရိတ်ရိတ်ရိတ်လှီးပြီး ဆီ၊ ဆား၊ ဟင်းချိုမှုန့်လေးနဲ့ သုပ်လိုက်တော့သည်။ ထမင်းပူပူလေးနှင့်မို့ စားလို့တော့ အကောင်းသား။ စားတဲ့ကိစ္စတော့ ပြီးပြီ။

ဘာဝတ်သွားရပါ့။ ထင်းရှူးသေတ္တာလေး မှောက်ချပြီး လှန်လှောရှာလိုက်တော့ ရှားရှားပါးပါး ကိုမိုး မြစ်ကြီးနားသွားတုန်းက ဝယ်လာပေးတဲ့ လီဆူးဆင်ဝမ်းဆက်ကလေးတစ်စုံ ကျလာလေသည်။ မီးပူတိုက်မထားတော့ ဝမ်းဆက်ကလေးက တွန့်လိမ်နေ၏။ မိချော အပြင်ထွက်လာတော့ အမေ ဈေးက ပြန်ရောက်လာ၏။

"ဟဲ့ လုံချည်ကလည်း ကားလိပ်ကျနေတာပဲ။ တခြားအထည်မရှိတော့ဘူးလား။ အမေ့လုံချည် ဝတ်သွားပါလား"

"တော်ပါပြီ အမေရယ်။ ကလေးတွေ တက်နင်းတာနဲ့ ကျွတ်ကျလိမ့်မယ်။ အမေ့လုံချည် ဝတ်မယ့်အစားတော့ လည်ပင်းသိုင်းထားတာမှ ဟုတ်တုတ်တုတ်"

"ပြောလိုက်ရင် အမြီးအမောက်ကို မတည့်ဘူး။ ညည်းသိုင်းရဲရင် သိုင်းပြီးနေပေါ့တော်။ တကတဲမှပဲ"

"ဟီး မိချောက သဘောပြောတာပါ"

"ချွတ်၊ ချွတ်၊ ငါ မီးပူတိုက်ပေးလိုက်မယ်။ ဘယ်လိုမိန်းကလေးမှန်းကို မသိဘူး"

mgyoe.com

mgyoe.com
SAMPLE BOOK

အမေတိုက်ပေးလိုက်တော့လည်း ဝမ်းဆက်ကလေးက လှတပတလေး ဖြစ်သွားပြန်ပါသည်။ အင်း. . . ဒီမတိုမရှည်ဆံပင်ကိုရော ဘယ်လိုလုပ်သွားရပါ့။ မိချောဆံပင်က စိုးမြတ်နန္ဒာ ကေလေးကနေ ရှည်လာတာဆိုတော့ ချထားလည်း မဟုတ်၊ စည်းထားလည်း မဟုတ်နှင့် ကိုးလိုးကန့်လန့် ဖြစ်နေသည်။

"ဆံပင်က စည်းသွားပါလား။ ဟိုနားက အမြီးထွက်၊ ဒီနားက အမြီးထွက်နဲ့"

"ကိုဝဏ္ဏ သွားစည်းခိုင်းမယ်"

"ဟိုက နိုးသေးတာ မဟုတ်ဘူး၊ သွားနှိုးလို့ လုပ်လွှတ်လိမ့်မယ်တော့"

ဒါလည်း ဟုတ်သည်။ ကိုဝဏ္ဏက မအိပ်တဲ့အချိန်သာ သဘောကောင်းတာ။ သူ အိပ်မောကျနေတဲ့အချိန် သွားနှိုးလို့ကတော့ ထပြီး ကန်ကျောက်တာရယ်။ မိချောဆို ခဏခဏ အကန်ခံရပေါင်း မနည်းတော့။ မိချော အရှောင်မြန်လို့သာ သိပ်မထိမိတာ။ အင်း. . . ဘယ်လိုလုပ်ရပါ့။ မိချောလည်း အကန်မခံရအောင်။ ကိုဝဏ္ဏလည်း သူ့ဘာသာသူ နိုးလာအောင်။ မိချောက သီချင်းတစ်ပုဒ် ဆိုဖို့ ဆုံးဖြတ်လိုက်ပါသည်။ ဘာသီချင်း ဆိုရပါ့။ စိုင်းထီးဆိုင်သီချင်း ဆိုရမလား၊ စိုင်းဆိုင်မောဝ်သီချင်းပဲ ဆိုရမလား။ မဖြစ်သေးပါဘူး။ မိုးအေးအေးနဲ့ ဆက်အိပ်နေမှ ဒုက္ခ။ ဟုတ်ပြီ။ မိချောက ကိုဝဏ္ဏ အိပ်သည့် အခန်းရှေ့မှာ ရပ်လိုက်ပါသည်။

"မိန်းမ. . . မိန်းမ တဖွဖွ၊ ဂါထာကို ရွတ်ရင်းက၊ စုတ်ပြတ်သွားတဲ့ မေတ္တာစာလေးများ. . . ရောဂါ"

ဆက်လည်း မရတော့တာမို့ ဒါကိုပဲ အခေါက်ခေါက် အခါခါ အော်ဆိုနေမိတော့သည်။

"မိချောရာ အိပ်ကောင်းခြင်း မအိပ်ရဘူး အသံသေးအသံကြောင်နဲ့ ဘယ်လိုဖြစ်နေတာတုံး"

"ဟီး ဆံပင်စည်းချင်လို့"

"မျက်နှာက ကြောင်ချေးရုပ်နဲ့၊ မျက်နှာသစ်ပြီးမှ လာခဲ့၊ သွား"

ဟုတ်သား ထမင်းတောင် စားပြီးသွားပြီ မျက်နှာက မသစ်ရသေးဘူး။ မိချောအသံကြောင့် ကိုဝဏ္ဏသာမက တစ်အိမ်လုံး နိုးကုန်တော့သည်။ အဖေက တော့ ပြုံးပြုံးပြုံးပြုံးနှင့်ပင်။ မိချောရဲ့ ဉာဏ်နီ၊ ဉာဏ်နက်၊ ဉာဏ်ပြာတွေလည်း အကုန်သိနေတာကိုး။ ကိုဝဏ္ဏက စိတ်ညစ်နေသည့်ရုပ်နှင့် ခေါင်းကို တဖြင်းဖြင်း ကုတ်လေသည်။

"မိချောရာ ဆပ်ပြာတွေလည်း မစင်ဘူး၊ သွားတိုက်ဆေးတွေလည်း မစင်

mgyoe.com

mgyoe.com SAMPLE BOOK

ဘူး။ နင် ဒါများ မူကြိုဆရာမ လုပ်ဦးမယ်"

"ဘာဖြစ်တုံး အဲတော့"

"အေးပါ၊ ငိုပြီးတော့ ပြန်မလာရင် ပြီးရော။ လုံချည်လည်း ခိုင်ခိုင်ဝတ်သွားဦး"

"ဒါ ထဘီစကတ် ဆွဲချွတ်တောင် မကျွတ်ဘူး"

"ဟုတ်ရင် ပြီးတာပါပဲ။ စကားပြောတာ ထောင့်ကိုမကျိုးဘူး။ နင့်ကို ဘာများကြိုက်ပြီး ရွေးသလဲမသိဘူး"

"သူစိမ်းနဲ့တော့ အဲလိုပြောမလားလို့။ ကြည့်ကျက် ရှီးရတာပေါ့"

"ဟားဟား ဟုတ်ပါပြီ၊ ပင်ကိုစရိုက်တွေ မပေါ်ပါစေနဲ့လေ"

ကိုဝဏ္ဏ ဆံပင်စည်းပေးတာများ ကျွမ်းကျင်ချက်ဆိုတာ။ တစ်စက်ကလေးမှ နာကျင်တာမရှိ။ အမေ့များ စည်းခိုင်းလို့ကတော့ လက်ကြမ်းကြမ်းကြီးတွေနဲ့ ဆွဲစည်းပစ်တာရယ်။ နားထင်နားရင်းတွေများ ပူလို့။

"ဟ. . . အောင်မာ မျက်တောင်တွေများ စင်းလို့၊ ပြီးပြီ သွားတော့"

"ဟီး ကိုဝဏ္ဏက နူးနူးညံ့ညံ့ စည်းတတ်တာကိုး။ မာမီ လုပ်ပါလားဟင်၊ ရုပ်ကလေးကလည်း မှုန်နေတာပဲဟာ"

"သေဦးမယ်"

လက်မပါလာခင် အမြန်ထပြေးရသည်။ ကိုဝဏ္ဏက တော်ရုံတန်ရုံတော့ လက်မပါတတ်။ စိတ်ဆိုးလာရင်တော့ မိချောလက်မောင်းကို လက်သီးနှင့် ထိုးတတ်သည်။ အနာကြီးမဟုတ်ပေမယ့် အိမ်မြှောင်ဥလောက်သာရှိသည့် မိချောလက်မောင်းအိုးက အောင့်သွားရစမြဲ မဟုတ်လား။

မိချောသည် ဆံပင်လေး ငေါက်တောက်ငေါက်တောက်၊ ခြေထောက်လေး မြောက်ကြွမြောက်ကြွနှင့် မေတ္တာရှင် ကလေးပျော်ကျောင်းကလေးဆီသို့ ပျော်ရွှင်စွာ ထွက်လာခဲ့ပါသည်။

မူကြိုကျောင်းကိုသွားတဲ့ မြေနီလမ်းကလေးက ဘယ်အခါကြည့်ကြည့် မရိုးအောင်ကို သာယာလှပလွန်းလှသည်။ မိချောက လမ်းမဘက် ထွက်နေတဲ့ မဲဇလီပင်ငယ်လေးတွေရဲ့ အရွက်ကလေးတွေကို လက်နှင့် ရသလောက်လေး ပုတ်လိုက်သေးသည်။ အရွက်မှာရှိတဲ့ ရေကလေးတွေက မိချောလက်ကို လာထိတော့ စိတ်တွေ လန်းဆန်းသွားရသည်။

"နောင့်"

mgyoe.com

mgyoe.com
SAMPLE BOOK

တနောင့်နောင့်နှင့် ခေါ်နေသည်မို့ မိချော လှည့်ကြည့်တော့ ဘယ်သူမှ မတွေ့။ မိချော အရှေ့ပြန်လှည့်လျှင် ထပ်ခေါ်ပြန်သည်။ ဘေးဘီဝဲယာကြည့်လိုက်မှ မျောက်လှောင်အိမ်ရှေ့နားက သက်ငယ်မိုးဇရပ်လေးပေါ်က ကိုရင်လေးက စနေခြင်းဖြစ်သည်။ နောင့်ဆိုသည်မှာ ရှမ်းလို ညီမလေးဟု ခေါ်ခြင်း ဖြစ်လေသည်။

မိချောမှာ ရယ်ချင်သွားမိသည်။ ကိုရင်လေးက အလွန်ဆုံးရှိမှ ၁၃၊ ၁၄ ပေါ့။ ဗမာစကားလည်း တတ်သေးပုံမရ။ တောရွာလေးတစ်ရွာကနေ ကိုရင် လာဝတ်ပုံရပါသည်။ ဘုကကျောင်းမှာ ပလောင်နှင့် ရှမ်းကိုရင်လေးတွေ အပါး၂၀၀ ကျော်ကြီးများပင် ရှိသည်။

ရောက်စတွင် ဗမာစကား မပြောတတ်သော်လည်း နောက်များတွင်တော့ ဗမာကိုပင် ပြန်ရောင်းစားနိုင်၏။ မိချောက "နောင့်မဟုတ်ဘူး၊ ပီနန်းဘုရား" ဆိုပြီး တီးတိုးရေရွတ်လိုက်သည်။ ပီနန်းဆိုတာ အစ်မ။ ကိုယ့်အပြောကို သဘောကျပြီး ပြုံးရသေးသည်။

မိချော ကျောင်းကိုရောက်တော့ မနော်သဇင်၊ မချိုနှင့် အစ်မအသစ်တစ်ယောက်တို့က ရောက်နှင့်ပြီး ဖြစ်လေသည်။ ကလေးတွေတော့ မလာသေး။ ကြမ်းပြင်လေးတွေ၊ ကျောင်းတံခါးမှန်လေးတွေများ တိုက်ထားတာ တောက်ပြောင်နေတာပဲ။ မိချောက ဘာပန်းမှန်းမသိသည့် တောပန်းခရမ်းရောင်လေးတစ်ပွင့်ကို ခူးယူလိုက်ပြီး နားကြားညှပ်လိုက်ပါသည်။ ချုံထဲမှာ ဘယ်ကတည်းကရှိနေမှန်းမသိသည့် ငှက်ကလေးတစ်ကောင်က ရုတ်တရက် ထပျံသွားသည်။ ငှက်ကလေး လန့်သွားသည် ထင်ပါရဲ့။ မိချောလည်း လန့်သွားသည်ပါပဲ။

"မင်္ဂလာပါ ဆရာမချော"

"ဟုတ်၊ မင်္ဂလာပါ မသဇင်၊ ဘာလုပ်နေတာလဲဟင်"

"ပန်းကလေးတွေ ခြွေနေတာ၊ ကလေးတွေလာရင် ကော်နဲ့ ကပ်ခိုင်းမလို့"

"ဩော် . . . မိချော ဘာကူပေးရမလဲ"

"ဒီလိုပန်းကလေးတွေ ခူးပေးပါလား"

"ဟုတ်၊ ပန်းက သေးသေးလေးတွေနော်၊ အနံ့ကလည်း စူးလိုက်တာ၊ ဘာပန်းလဲဟင် အစ်မ"

"နာမည်တော့ မသိဘူး၊ ဟိုမှာတွေ့လား၊ အရောင်စုံလေးတွေ ပွင့်နေတာ"

ပန်းကလေးတွေက တကယ့်ကို သေးသေးလေးတွေ၊ အဝေးကကြည့်ရင် စံပယ်ပွင့်အရွယ် ပန်းတစ်ပွင့်နဲ့ တူပေမယ့် သေချာကြည့်လိုက်မှ မန်ကျည်းပွင့်

mgyoe.com

mgyoe.com SAMPLE BOOK

လောက်တောင် မရှိတတ်သည့် ပန်းသေးသေးတွေ အစုလိုက် ပွင့်နေသည့် ပန်းခိုင်လိုမျိုး ဖြစ်နေသည်။ ပန်းရောင်၊ အနီရောင်၊ လိမ္မော်ရောင်၊ စပ်ကြား စသည်ဖြင့် အရောင်စုံလှလေသည်။ အရွက်က စတော်ဘယ်ရီအရွက်လောက်ရှိပြီး အလေ့ကျပေါက်သည့် ချုံပင်အမျိုးအစားဖြစ်လေသည်။

မိချောမှာ တောင်ငေး၊ မြောက်ငေးလုပ်လိုက်၊ ပန်းလေးခူးလိုက်နှင့် အပျော်ကြီး ပျော်နေမိတော့သည်။ ဆန်ခါခုံးလေးနဲ့ ပန်းလေးတွေ တော်တော်ရလာတဲ့အခါမှာတော့ ကျောင်းဝင်းရှိရာ ကုန်းပြေပြေလေးပေါ်သို့ တရွေ့ရွေ့တက်လာမိတော့သည်။ ခြွေပြီးသား ပန်းရောင်စုံကလေးတွေကို ဖွဖွဆုပ်ကိုင်မိတော့ နူးညံ့လိုက်သည့်ဖြစ်ခြင်း။ ပန်းကလေးတွေ ခူးရတာ ဒီလောက်တောင်မှပဲ စိတ်ကို နူးညံ့ပျော့ပျောင်းမှု ဖြစ်စေပါသလား။ ကလေးလေးတွေသာဆိုရင်လည်း မိချော ခံစားရသလို ခံစားကြရမှာမလွဲ။ တစ်နေ့နေ့တော့ ကလေးပေါက်စလေးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ပန်းခူးလိုက်ဦးမည်ဟု တေးမှတ်ထားလိုက်သည်။

"ဟော. . . ပန်းမင်းသမီးလေး ပြန်လာပြီလား။ တို့ဆရာမလေးက တကယ်ချစ်ဖို့ကောင်းတာပဲ။ မြင်ယောင်ပါသေးတယ် ကလေးလေးတွေရဲ့ ကိုကိုတွေ၊ ဦးဦးတွေပဲ အကြိုအပို့များတော့မယ်ဆိုတာ။ ကံဆိုးရင် လူပျိုသိုးကြီးတွေတောင် ကြိုကြားကြိုကြား ပါလာဦးမှာ"

"အဲဒီတော့လည်း မသဇင်နဲ့ မချိုတို့နှစ်ယောက်ရဲ့ လိပ်စာလေးတွေ တိတ်တိတ်လေး ပြောပြလိုက်မှာပေါ့"

"ကြာသလားလို့၊ အိမ်ကလည်း ပြောနေကြပြီ။ တင်မကျွေးနိုင်တော့ဘူးတဲ့။ မိတ်ဆက်ပေးရဦးမယ် ဟိုအစ်မနာမည်က နော်ဖူးဖူးတဲ့။ အစ်မတို့ရုံးကပဲ။ ကလေးတွေအတွက် ဟင်းလာချက်ကူတာ"

မနော်ဖူးဖူးက နာမည်နဲ့လိုက်အောင်ပင် ဖူးဖူးတုတ်တုတ်ကြီး ဖြစ်လေသည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ဖော်ရွေသဘောကောင်းမည့်ပုံပင်။ ရှပ်အင်္ကျီအနီရောင်နှင့် အင်းလေးထည် ဘောင်းဘီခပ်ပွပွကြီး ဝတ်ထားလေသည်။ ဆံပင်က ရွှေဝါရောင်ခပ်ဖျော့ဖျော့ကို အဖြောင့်ဆွဲထားသည်။

"မနော်ဖူးဖူး"

"ဝေ့"

"ဘာဟင်းတွေ ချက်နေတာလဲ"

"ကြက်ရိုးနဲ့ ပဲပင်ပေါက်ရယ်၊ ပဲပြားရယ် ဟင်းရည်ချက်နေတာ"

mgyoe.com

mgyoe.com SAMPLE BOOK

မနော်ဖူးဖူးက မိချောကို မသိသော်လည်း သူ့ကိုနှုတ်ဆက်တော့ ဖော်ဖော်ရွေရွေပဲ ပြန်နှုတ်ဆက်ရှာပါသည်။

"အရောင်တင်တို့၊ နန္ဒင်းမှုန့်တို့ မသုံးဘူးလား။ မနော်ဖူးဖူး ဟင်းကလည်း ဖြူဖပ်ဖြူရော်နဲ့ လူနာဟင်းကြီးကျလို့"

"အရောင်တင်က ကျန်းမာရေးနဲ့ မညီညွတ်ဘူး။ နန္ဒင်းမှုန့်ကလည်း မထည့်တတ်ရင် ဟင်းအရသာပျက်တယ်လေ"

"ဩော်. . . မိချော ဘာလုပ်ပေးရမလဲဟင်"

"ဒီခွက်လေးတွေ ဆေးပေးပါလား"

ကော်ခွက်လေးတွေက အပြာရောင်၊ အစိမ်းရောင်၊ အနီရောင် စသဖြင့် လေးငါးဆယ်လောက် ရှိသည်။ အသစ်ဆိုတော့ နည်းနည်းပါးပါး ဆေးရုံသာ။ ဦးပဥ္စင်းက ကြက်တွေကို ကျွန်းတောထဲသို့ မောင်းထုတ်နေ၏။ ယုန်ကလေးတွေကိုလည်း ခြံထဲ ပြန်သွင်း၏။ မိချော ဟိုဟိုဒီဒီ စပ်စုနေဆဲမှာပဲ ကျောင်းတံခါးဝမှာ အရပ်ခြောက်ပေနီးပါးရှိသည့် ဂေါ်ရခါးမကြီးတစ်ဦးအား တွေ့လိုက်ရလေသည်။ အရပ်နှင့် ကျောင်းတံခါးက သိပ်မကွာလှ။

မသဇင်နှင့် တစ်ယောက်တစ်လှည့် 'ဂွတ်မောနင်း'ကြ၏။ ဂေါ်ရခါးမကြီး အသံက ပို၍ နားထောင်ကောင်း၏။ နောက်မှ မိချောကိုပါ မြင်သွားပြီး "ဂွတ်မောနင်း အဲဗရီးဝမ်း"ဟူ၍ နှုတ်ဆက်ပြန်၏။ မိချောမှာလည်း ယောင်နနနှင့် လက်ကြီးနှစ်ဖက်မြှောက်လျက် ပြန်လည်မောနင်းလိုက်ရတော့သည်။ မိချောပုံစံကိုကြည့်ပြီး မနော်ဖူးဖူးတစ်ယောက် တဟားဟား ဖြစ်နေတော့သည်။

ဂေါ်ရခါးမကြီးက မိချောနားကို ရောက်လာပြီး ပြုံးပြ၏။ သူက ပြုံးပြနေတော့ ကိုယ့်မှာလည်း ပြန်ပြုံးပြလိုက်ရတာ အာတွေများ ညောင်းလို့။ ဇက်တွေလည်း ညောင်းပါရဲ့။

"နာမည်ဘယ်လိုခေါ်လဲ ဆရာမလေး"

"ပန်းစကားပါရှင့်၊ အိမ်နာမည်ကတော့ ချောချော"

"ချစ်စရာလေး၊ အသက် ဘယ်လောက်ရှိပြီလဲဟင်"

"၁၉ နှစ်ပါရှင့်"

"အိုး. . . ငယ်ငယ်လေးပဲ၊ ကျောင်းရော ပြီးသွားပြီလား"

"ဟုတ်ကဲ့၊ မြန်မာစာနဲ့ ပြီးသွားပါပြီရှင့်"

"ကောင်းလိုက်တာ၊ ဆရာတော်ဘုရားတော့ ကံကောင်းတာပဲ၊ မမဖူးကြီး

mgyoe.com

mgyoe.com SAMPLE BOOK

ဘာတွေချက်နေလဲ"

"ကလေးတွေအတွက် ဟင်းပဲချက်ရတာ တီချယ်၊ ဆရာမတွေအတွက်ကတော့ ဘကကျောင်းဘက်က ပို့ပေးမှာ"

"အိုး. . . အဲဒါဆိုရင်တော့ ဝဦးမှာ စိတ်မပူနဲ့၊ ဘုန်းကြီးကျောင်းက ဟင်းပေါင်းဆို သိပ်စားလို့ကောင်းတာ"

"ဟုတ်လား၊ ဝလည်း တတ်နိုင်ဘူး၊ စားလို့ကောင်းလို့ကတော့ အကုန်စားပစ်မှာပဲ"

ကလေးမိဘနဲ့ ကလေးတစ်ယောက်စ၊ နှစ်ယောက်စတော့ ရောက်လာကြပြီဖြစ်သည်။ မသဇင်က ကလေးတွေကို မြင်တာနဲ့ လုပ်လက်စအလုပ်တွေ ပစ်ထားခဲ့ပြီး အူယားဖားယား ကြိုရှာလေ၏။ တက်ကြွတဲ့ အမူအရာ၊ ပြုံးရွှင်တဲ့ မျက်နှာထားလေးနဲ့ "မင်္ဂလာပါ သားသား၊ မင်္ဂလာပါ သမီးလေး"ဟူ၍ လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လေ၏။ ကလေးတွေတော့ မသိ၊ မိချောကတော့ အဲဒီမျက်နှာလေးကို တစ်သက်မမေ့စဖွယ် ချစ်သွားမိရ၏။ စကားပြောတော့လည်း ငုတ်တုတ်လေးထိုင်ပြီး ကလေးတွေနှင့် မျက်လုံးချင်းဆုံအောင် ကြည့်ပြီးမှ ပြော၏။

"မင်္ဂလာပါ ဆရာမ" ဆိုတဲ့ မရဲတရဲအသံလေးတွေ၊ "ချာမက လှရယ်" ဆိုတဲ့ မပီကလာ၊ ပီကလာအသံလေးတွေ ကြားရ၏။ ဟိုးအောက်မှာကတည်းက အာပြဲ ကြီးနဲ့ နှုတ်ဆက်နေကြတဲ့ ခပ်ကဲကဲကလေးများကိုလည်း တွေ့ရသည်။ နာရီဝက်ခန့် ကြာသည့်အခါမှာတော့ ဘကကျောင်းဘက်က လူကြီးတချို့ ထပ်ရောက်လာပါ၏။ လူစုံသလောက်ရှိချိန်မှာတော့ ကျောင်းဝင်းကလေးက ခပ်ကျဉ်းကျဉ်းလေး ဖြစ်သွားသလို ခံစားရပါသည်။ ဒန်းတွေ၊ ဆီးဆော်တွေ ဘာမှမရှိတော့ ကလေးတွေလည်း ဟိုနားမတ်တတ်၊ ဒီနားမတ်တတ်။ မနေ့တုန်းက ဘကကျောင်းဘက်က လူကြီးတွေ မပါတာမို့ ဆက်ပြီး ဆွေးနွေးကြသည်ထင်ပါရဲ့။ မိချောကတော့ ဆရာတော်ဘုရားကြီးရဲ့ မေတ္တာတရားကြီးမားပုံအတွက် သာဓုအကြိမ်ကြိမ် ခေါ်မိပါ၏။ ဘာပဲဖြစ်ဖြစ် လမ်းတကာလျှောက်သွားနေမယ့် ဆင်းရဲသားကလေးတွေအတွက်တော့ ဒီနေရာဟာ နတ်ဘုံနတ်နန်းကြီးတစ်ခုလို အပုံကြီးသာနေမှာမလွဲ ကလေးတွေဆိုတာ နောင်တစ်ခေတ်ရဲ့ မျိုးဆက်သစ်ကလေးတွေပဲမို့ အရေးကြီးပါသည်။ မျိုးဆက်သစ်လို့ တွေးမိတော့ တစ်နေ့ဆီက ကချင်အဒေါ်ကြီးတစ်ဦး၏ စကားတစ်ခွန်းအား ပြန်လည်ကြားယောင်မိ၏။

အဲဒီနေ့က မနက်စောစောစီးစီး အမေက ကွက်သစ်ဈေးသွားပြီး ခရမ်း

mgyoe.com

mgyoe.com
SAMPLE BOOK

ချဉ်သီး ဝယ်ခိုင်းခဲ့ပါသည်။ ခရမ်းချဉ်သီးဆိုင်ရှင် ကချင်အဒေါ်ကြီးက သူ့ဘေးက ငါးသည် ရှမ်းအစ်မကြီးတစ်ယောက်နှင့် စကားတွေ ကောင်းနေခဲ့၏။

"နိုင်ငံတစ်နိုင်ငံဟာ ဘယ်လောက်ပဲ တိုးတက်တိုးတက် ကလေးဆိုင်ရာ လုပ်ငန်းတွေမှာ တိုးတက်အောင် မလုပ်နိုင်ရင် သွားတာပဲတဲ့"။ အဲဒီတုန်းကတော့ ကြီးကျယ်ရန်ကောဟု တွေးခဲ့မိ၏။

ခုမှ စဉ်းစားမိတော့ ဟုတ်သား။ ကလေးတွေဆိုတော့ နောင်ကျရင် လူကြီးတွေ ဖြစ်လာမှာ။ လူကြီးတွေလက်ထဲက တာဝန်တွေကို လူငယ်တွေလက်ထဲ လွှဲပြောင်းခဲ့ရမှာပဲ မဟုတ်လား။ အဲဒါဆိုရင် ကလေးတွေက အခြေခံမှာကတည်းက ကောင်းကောင်းကြီးပြင်းလာဖို့ လိုတာပေါ့။ အဲဒါကြောင့် အဖေက ပြောခဲ့တာဖြစ်မည်။ လူတစ်ယောက်ကို အပြင်ပန်းကြည့်ရုံနဲ့ သူ့စိတ်ဓာတ်ကို ဘယ်လိုမှ မခန့်မှန်းနိုင်ဘူးတဲ့လေ။

သနပ်ခါးပါးကွက်ကျားလေးတွေနဲ့ ချစ်စရာကောင်းလှသည့် ကလေးလေးတွေကို ကြည့်ရင်း မိချောဆီကိုလည်း အပျော်တွေ ကူးစက်လာပါသည်။ မိချော ကြည့်နေတုန်းမှာပဲ ကလေးလေးတစ်ယောက်က သူ့အမေလက်ထဲကနေ ရုန်းထွက်ပြီး မိချောနားကို အပြေးကလေး ရောက်လာပါသည်။ မိချောရှေ့ တစ်ပေလောက် ရောက်တာနဲ့ လက်ကလေးကိုပိုက် မျက်နှာကလေးကို မော့ပြီး "မင်္ဂလာပါ ချရာမ" ဆိုပြီး နှုတ်ဆက်ပါသည်။ အဲဒီအသံလေးက မိချောနားထဲကိုသာမက နှလုံးသားသို့တိုင် ဖြည်းဖြည်းလေးနှင့် ငြိမ့်ငြိမ့်လေး စီးဆင်းသွားပါတော့၏။

မိချောမှာ အသည်းတွေ ယားလှသည်မို့ မိချောကို ပြုံးပြုံးလေး ကြည့်နေရှာတဲ့ ကလေးလေးရဲ့ ပါးဖောင်းဖောင်းနှစ်ဖက်အား အားရပါးရ မွှေးကြူမိတော့သည်။ ကလေးလေးက တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးပြီးတော့ ခိုးခိုးခစ်ခစ် ရယ်နေလိုက်တာများ သိပ်ကိုဖြူစင်ပြီး ချစ်စရာကောင်းလှပါ၏။

"မီးမီးနာမည် ဘယ်လိုခေါ်လဲ"

"ပူတူးမ"

"ဘယ်သူ"

"ပူတူးမရေ"

"ဘာကြီး"

"ပူတူးမပါ ချို့ ချိတ်က အရှည်တော့ဘူး"

မိချောမှာတော့ ကလေးပုတုကွေးလေးရဲ့ စိတ်မရှည်တဲ့ပုံစံလေးကို ကြည့်

mgyoe.com

mgyoe.com SAMPLE BOOK

ပြီး ချစ်စနိုးတွေဖြစ်လျက် ပိုလို့သာ စချင်၊ နောက်ချင်လာရတော့သည်။ သို့ပေမယ့် ပူတူးမလေးက မိချောဆီမှာ အာရုံမရှိတော့ပြန်ပါ။ ကျောင်းဝင်း အုတ်တံတိုင်း ပေါ်မှာ ပျံတက်ပြီး အားရပါးရ တွန်နေတဲ့ ကြက်ဖကြီးကို လက်ညှိုးတထိုးထိုး ဖြစ်နေတော့၏။

ကလေးများ၏ ချစ်စရာကောင်းလှသည့် အချက်တစ်ချက်ကိုလည်း တွေ့ ရပါသေးသည်။ အဲဒါကတော့ ကလေးအများစုဟာ သူတို့ရဲ့ လွယ်အိတ်နဲ့ဖိနပ်တွေ ကို အချွတ်မခံတာပါဘဲ။ အခန်းထဲဝင်ရမှာမို့ မဖြစ်မနေ ချွတ်ရရင်လည်း သူတို့ ပစ္စည်းကို စိတ်မချကြ။ အခန်းထဲရောက်တာတောင် နောက်ဆံတတင်းတင်းနှင့် သမင်လည်ပြန် ကြည့်ကြရှာသည်။ ကလေးတွေကြည့်ပြီး မိချောမှာ သနားလည်း သနားမိသလို ချစ်စနိုးလည်း ဖြစ်ရသည်။

မသဇင်ကတော့ ကလေးတွေရဲ့ ရေဘူး၊ ဖိနပ်နှင့် လွယ်အိတ်တွေ ရော ကုန်မှာ စိုးတာကြောင့် ဆော့ဖ်ပင်တစ်ချောင်းနှင့် နာမည်တွေ မေးလိုက်၊ ရေးမှတ် လိုက်နှင့် အလုပ်တွေ ရှုပ်နေရှာတော့သည်။

မိချောမှာ ဟိုကလေး ငေးကြည့်လိုက်၊ ဒီကလေး ငေးကြည့်လိုက်နှင့် သဘောအကျကြီး ကျနေခဲ့သော်လည်း စကားပြောသံတွေ၊ လူတွေ များလာသည့် အခါမှာတော့ ခေါင်းတွေရော၊ မျက်စိတွေပါ မူးလာရတော့သည်။

ဘကကျောင်းဘက်က လူကြီးတချို့၊ ကလေးမိဘများ၊ ဦးပဥ္စင်းတစ်ပါး နှင့် ကလေးအုပ်စုကြီးအားလုံး အိပ်ခန်းဆောင် သစ်သားကွပ်ပျစ်ကြီးပေါ်၌ စုပြုံ၍ ထိုင်လိုက်ကြသည်။ ကိုယ်ဆန္ဒရှိသော အရာများအား ပွင့်လင်းစွာ ပြောဆိုဆွေးနွေး ကြသည်။ ကျောင်းဆင်းချိန်ကို ဘကကျောင်းနှင့် တစ်ချိန်တည်းထားပေးဖို့ တောင်း ဆိုကြသည်။

ဘကကျောင်းမှာ တက်ရောက်နေသည့် အစ်ကိုတွေ၊ အစ်မတွေနှင့် အတူတူ ပြန်လာစေချင်၍ဖြစ်ကြောင်း၊ လူကြီးတွေအနေနှင့် လာမကြိုနိုင်သော ကြောင့်ဖြစ်ကြောင်း ဖြေကြသည်။ ဦးပဥ္စင်းကလည်း လက်ခံသည်။

ကျောင်းလခကို အခမဲ့ သတ်မှတ်ထားသော်လည်း ကျောင်းသားမိဘ များဘက်မှ ကျပ်ငါးထောင်ခန့်တော့ ပေးချင်ကြကြောင်း၊ ကလေးတစ်ယောက် မုန့်ဖိုးပေးလျှင်ပင် တစ်ရက် နှစ်ရာပေးရကြောင်း၊ ကျောင်းက ထမင်း၊ ဟင်း၊ မုန့်ပဲ သရေစာပါ ကျွေးမည်ဖြစ်သောကြောင့် ပေးရသည်ကတစ်ကြောင်း၊ တစ်ချိန်ချိန် ကလေးအရေအတွက် များလာတဲ့အခါ ဤကျောင်းလေး ဆက်လက်တည်တံ့ခြင်း

mgyoe.com

mgyoe.com
SAMPLE BOOK

မရှိမှာ စိုးရိမ်ကြကြောင်း ပြောကြ၏။ ဦးပဥ္စင်းက ခေါင်းညိတ်ပြပြီး လက်ခံလိုက်လေ၏။ မိချောလည်း သဘောကျ၏။

ကလေးတွေကို စာရေး၊ စာဖတ်သင်ဖို့ကို လိုလားကြသည်။ ဒီနေရာမှာတော့ အုပ်စုနှစ်စု ကွဲသွား၏။

ဦးပဥ္စင်းက သင်ပေးလိုသော ဆန္ဒရှိပြီး မသဇင်ကတော့ မသင်လိုကြောင်း။ အထူးသဖြင့် စာရေးခြင်းကိစ္စကို ပို၍ ဆွေးနွေးကြ၏။ ဤကိစ္စမှာတော့ ဆုံးဖြတ်ချက်မချနိုင်ခဲ့။ မိချောတို့တုန်းကတော့ ဒီအရွယ်ဆိုတာ အမေ့ရင်ခွင်ထဲမှာ နို့စို့ကောင်းတုန်းအရွယ်ပေါ့။ အသက်ငါးနှစ်၊ခြောက်နှစ်ရောက်မှ အတန်းကျောင်းပို့ကြ၏။ နွေရာသီဆို ဘုန်းကြီးကျောင်းပေါ့။ ရွာမှာဆိုတာကတော့ မူကြိုဆိုတာကြားတောင် မကြားဖူးကြ။ ကျူရှင်ဆိုတာလည်း မရှိ။

ကလေးတွေကလည်း အစပိုင်းမှာတော့ ကိုယ့်အဖေ၊ ကိုယ့်အမေပေါ်မှာ ငြိမ်ငြိမ်သက်သက် ထိုင်နေကြပေမယ့် နောက်ပိုင်းမှာတော့ ကလေးသဘာဝ ရေသောက်ချင်တယ်တွေ၊ အီးပါချင်တယ်တွေ ဖြစ်လာပါရော။ တချို့မိဘတွေက လူကြီးစကားပြောနေတုန်း ထအော်ရပ့ါမလားဆိုပြီး ဆွဲဆိတ်လိုက်၊ နားထင်မွေးလေးတွေ ဆောင့်ဆွဲလိုက်၊ ခေါင်းခေါက်လိုက် လုပ်နေကြတော့သည်။ ငြိမ်တဲ့ကလေးက ငြိမ်သွားပေမယ့် တချို့ကလေးတွေက ပိုဆိုးသွားပြီး အော်ဟစ်ငိုယိုလိုက်ကြတာများ နားစည်ကွဲမတတ်ပါဘဲ။

လူစုံ၊ အနံ့စုံဆိုတော့ ပြတင်းပေါက်ကနေ ခေါင်းဝင်ပြီး နားထောင်နေသည့် မိချောပင် ခေါင်းတွေ မူးနောက်လာရတော့သည်။ ဘကကျောင်းဘက်က ဦးလေးကြီးတစ်ယောက် ထလာပြီး "ကဲ. . . ကဲ၊ ဆွေးနွေးစရာရှိလည်း နောက်မှသာ ဆက်ဆွေးနွေးကြပေတော့၊ ဒီနေ့တော့ ဆက်ပြီးဆွေးနွေးလို့ မဖြစ်ပေတော့ဘူး၊ ကိုယ့်ကလေးကို ထားပြီးသာ ပြန်ကြပေတော့၊ ကျွန်တော်လည်း ပြန်ပြီ"ဆိုပြီး ရှိသမျှအသံတွေ ညှစ်ထုတ်ပြီး ပြောယူရရှာ၏။ ချွေးတွေဆိုတာ မျက်နှာမှာအပြည့်။ စတစ်အင်္ကျီအဖြူမှာလည်း အကွက်လိုက်။ တချို့မိဘတွေက ဘကကျောင်းဘက်က ဦးလေးကြီးစကား တစ်သဝေမတိမ်း လိုက်နာကြတော့ ကလေးတွေများ မပဉ္စာမြေလှူးသလား အောက်မေ့ရသည်။ ဖိနပ်လေးတွေက ကြက်ပေါင်ဖိနပ်ဆင်တူလေးဆိုတော့ မှားကြပြကြပြန်သည်။ မိဘတချို့ကတော့ ကိုယ့်ကလေးအခြေအနေကိုယ်ကြည့်ပြီး ကလေးမေ့သွားလောက်ပြီထင်မှ အသာလေး ထွက်သွားကြ၏။

တစ်ကျောင်းလုံး ဆူညံပွက်လောရိုက်ချက်ဆိုတာ တစ်နာရီလောက်ကြာ

mgyoe.com

mgyoe.com SAMPLE BOOK
မှ ဆူညံသံတွေ လျော့သွားတော့၏။ အမောဆို့သွားကြပြီ ထင်ပါရဲ့။ သိပ်မအော်နိုင်ကြတော့ဘဲ တောင်ငေးမြောက်ငေး ငေးနေကြတော့၏။ ဦးပဥ္စင်းကတော့ ကလေးတွေ ကြည့်ပြီး ယောင်ယောင်လေး ပြုံးနေတာ တွေ့ရသည်။

အဲလိုလေးလည်း တိတ်ပေးကြဦးမှပါပဲ။ မိချောကသာ တစ်ယောက်တည်း စိတ်တွေညစ်ပြီး သေချင်စိတ်ပေါက်နေပေမယ့် ဂေါ်ရခါးမကြီး၊ မသဇင်၊ မချိုတို့ကတော့ အေးအေးဆေးဆေး၊ သက်သောင့်သက်သာ ရှိလှသည်။ တစ်ချက်တစ်ချက် ရယ်သံများတောင် ထွက်လာသေးရဲ့။

"ကလေးတို့ရေ လာကြဟေ့၊ ဆရာမတို့နဲ့ ကစားရအောင်၊ ကဗျာလေးတွေရော နားထောင်ချင်ကြလားဟေ့"

နားထောင်ချင်ပါတယ်လို့ ဖြေတဲ့ကလေးလည်း ရှိသလို နားမထောင်ချင်ပါဘူးလို့ ဖြေတဲ့ကလေးလည်း ရှိလေသည်။ ဘာမှမဖြေဘဲ တိတ်တိတ်ကလေးကြည့်နေတဲ့ကလေး၊ စကားပြောနေကြသည့်ကလေး၊ အချင်းချင်း အံကြိတ်ပြလိုက်၊ ပြောင်ပြလိုက်လုပ်နေသည့် ကလေးတွေလည်း ရှိပါ၏။

"ကဲ. . . ဒါဆို အရင်မိတ်ဆက်ပေးမယ်။ ဆရာမနာမည်က ဒေါ်သဇင်၊ ခေါ်ကြည့်ကြပါဦး၊ ခေါ်တတ်လားလို့" ဒေါ်သဇင်ခေါ်တဲ့သူလည်း ရှိသလို ဒေါ်ဒဂုင်ခေါ်တဲ့သူလည်း ရှိရဲ့။ မသဇင်က ကလေးများကို မိချောတို့အားလုံးနှင့် မိတ်ဆက်ပေးလေသည်။ မသဇင် မိတ်ဆက်ပေးမှ ဂေါ်ရခါးမကြီး အမည်မှာ ဒေါ်ဒေဝီဟု သိရလေသည်။ ဒေါ်ဒေဝီနှင့် မိတ်ဆက်ပေးစဉ်မှာတော့ နည်းနည်းကြီးနေပြီး လုံးဝ မငိုသေးသည့် ကလေးတစ်ယောက်က "ဟင်. . . ကုလားမကြီး၊ အသားကလည်း မည်းတူးနေတာပဲ"ဟူ၍ ထပြောလေသည်။ မိချောမှာ မဆီမဆိုင် အားတွေနာမိသည်။ သူပြောတာနှင့် တခြားကလေးတွေကပါ ထရယ်ကြတော့သည်။

ဒေါ်ဒေဝီ၊ မသဇင်နှင့် မချိုတို့ကတော့ တဟားဟားနှင့် သဘောတွေတောင်ကျလို့။ မိချော အားနာနေတာကို ဒေါ်ဒေဝီက သိပုံရပါသည်။ မိချောနှင့် မိတ်ဆက်ပေးတော့လည်း ဆရာမကလည်း သေးသေးလေးတဲ့လေ။

"ကလေးတွေဆိုတာ ဖြူစင်တယ် ဆရာမလေးရဲ့။ သူတို့စိတ်ထဲမှာ ရှိတဲ့အတိုင်းပဲ ပြောတတ်ကြတယ်။ အားနာတာတွေ၊ သင့်လျော်တာတွေ သူတို့မှ နားမလည်သေးဘဲကိုး"

မိချောမှာတော့ သူတို့တွေကို လေးစားပြီးရင်း လေးစား၊ အားကျပြီးရင်း အားကျနေမိပါတော့သည်။ ဒေါ်ဒေဝီက အရပ်လည်း ရှည်သလို စိတ်လည်း ရှည်

mgyoe.com

mgyoe.com SAMPLE BOOK

လှသည်။

"ကဲ. . . ကဗျာဆိုပြတော့မယ်၊ သေချာနားထောင်ကြနော်၊ နားရွက်လေးတွေ ပါကြလား"

"ပါကြတယ်"

"ပါရင် ပြကြည့်ကြပါဦး နားရွက်ကလေး၊ ဆရာမသဇင် မသိလို့"

ကလေးတွေ သူ့ထက်ငါ အပြိုင်အဆိုင်ပြကြသည်မှာ အုန်းအုန်းကျွက်ကျွက်။ ပြနိုင်သည့် ကလေးလည်းရှိသလို ပြချင်ရာပြသည့် ကလေးလည်း ရှိသည်။ ဘာမှမပြောဘဲ နှပ်ချေးကလော်နေတဲ့ ကလေးတောင် ရှိသေးရဲ့။

"သားသားမီးမီးတို့က သိပ်တော်ကြတာပဲ

တစ်. . . နှစ်. . . သုံး. . . လေး. . . ငါး

ငါးလေးတစ်ကောင် ဖမ်းမိတယ်

ဘာဖြစ်လို့ လွှတ်လိုက်လဲ

ကျွန်တော့်လက်ကို သူကိုက်တယ်

အားလားလား. . . အားလားလား"

မသဇင်က လက်ဝါးလေးနှစ်ဖက်ကို ထပ်လိုက်ပြီး တစ်ဖက်တစ်ချက်စီကနေ လက်မကလေးတွေ ထွက်လာပြီး လှုပ်လိုက်တဲ့အခါမှတော့ ငါးကလေးတစ်ကောင် ရေကူးနေတဲ့ပုံစံကလေး ဖြစ်သွားပါတော့သည်။ ကလေးတော်တော်များများ ကဗျာလိုက်မဆိုသော ကလေးများပါ ငါးကလေးလိုတော့ လိုက်လုပ်ကြတာ တွေ့ရသည်။

"ဆရာမ သမီးလုပ်တာ မှန်လား"

"လက်မလေးကို လှုပ်လိုက်၊ လက်မဆိုတာ ဒီလက်လေး၊ အဲ ဟုတ်ပြီ ဟုတ်ပြီ၊ အိုး. . . သမီးလေးက သိပ်တော်တာပဲ"

"ဆရာမ သားလုပ်တာရော ငါးကလေးနဲ့ တူလား"

"တူပါ့ရှင်. . . တူပါ့ တူပါ့"

"ရွှေငါးလေးနဲ့ တူတာလား ဆရာမ"

"ဒါပေါ့"

"ဆရာမ သားက ငါးမန်းအကြီးကြီးဗျ"

"အိုး. . . ဟုတ်လား"

"ငါက ငါးမန်းသိလား၊ သိလားလို့ နွေးနွေး"

mgyoe.com

mgyoe.com SAMPLE BOOK

"အမယ်လေး ငါးမန်းတဲ့၊ ကြောက်စရာကြီး"

"ဟားဟားဟား၊ စကြောက်ကြီး၊ ဆရာမ နွေးနွေးက စကြောက်ကြီး၊ ဆရာမရော ကြောက်လား"

ကလေးပေါင်းများစွာကို ဖြေနေရသော မသဇင်တစ်ယောက် ခဏခဏ ရေပြေးသောက်နေရရှာ၏။ ကလေးတွေလည်း ငိုတဲ့သူ မရှိသလောက်။ ဒါပေမဲ့ လည်း ကျောင်းနံရံကိုမှီပြီး ကစားနေတဲ့သူတွေ ငေးလိုက်၊ အမေကို သတိရတော့ ငိုလိုက်နှင့် ငေးတစ်လှည့်၊ ငိုတစ်လှည့် ကလေးတွေလည်း ရှိပါသေး၏။

အင်းလေ။ ကိုယ်နှင့် အရင်းနှီးဆုံးဖြစ်တဲ့ မိဘရင်ခွင်ထဲကနေ တစ်ခါမှ မမြင်ဖူးတဲ့ သူစိမ်းတွေရဲ့ ရင်ခွင်ထဲကို ခိုလှုံရမှာဆိုတော့လည်း နုနယ်လှတဲ့ သူတို့ နှလုံးသားတွေ နာကျင်ရှာကြမှာပေါ့။ မိချောပင် ခုချိန်ထိ အမေ ခရီးဝေးထွက်ရင် ငိုချင်တုန်း။ ကလေးတွေအားလုံးနီးပါး ငါးကလေးသီချင်းကို ဆိုလည်းဆိုတတ်၊ ကလည်းကတတ်တဲ့အချိန်မှာတော့ မသဇင်က အာရုံတစ်ခု ပြောင်းပေးပြန်ပါသည်။ ဦးပဥ္စင်းက ကျောင်းဝင်မှတ်တမ်းတွေ ဖြည့်နေရင်း တစ်ချက်တစ်ချက်တော့ လာကြည့်ပေးရှာသည်။ ရန်ဖြစ်နေတဲ့ ကလေးတွေတွေ့လျှင် လှမ်းအော်ပေးတာမျိုး၊ အုတ်တံတိုင်းတွေပေါ် တက်နေတာတွေ့လျှင် တုတ်တစ်ချောင်းနှင့် ခြောက်တာမျိုး။

"ကဲ. . . အားလုံး ရထားလေးလို ချိတ်ပြီး အပြင်ထွက်ကြမယ်လေနော်၊ အထဲမှာ ပူပူကြီးနော်"

ကလေးတွေက မသဇင်နဲ့ သံယောင်လိုက်ပြီး "ဟုတ်တယ်နော်"လုပ်နေသောကြောင့် မိချောမှာ ပြုံးမိရသေးသည်။ တတ်လည်း တတ်နိုင်တဲ့ဟာလေးတွေ။

"ဆရာမ လာလေ ရထားကြီး လုပ်မယ်လေ"

"ရော်၊ ဇွတ်ကြီးကို ဆွဲနေတော့တာပဲ"

အမြွှာလေးနှစ်ယောက်က ဇွတ်ဆွဲနေသည်မို့ မိချောမှာ ယက်ကန်ယက်ကန်နှင့် ပါသွားရသည်။ အမြွှာနှစ်ယောက်က ညိုညိုစိုစိုကလေးတွေ။ ရယ်လိုက်ရင် မျက်လုံးကလေးတွေက ဂငယ်ကလေးလို ကွေးသွားသည်။

မသဇင်နဲ့ မချိုတို့ရဲ့ ရထားကြီး အပြင်ဘက် ရောက်တဲ့အချိန်မှာတော့ မနော်ဖူးဖူးနှင့် ဒေါ်ဒေဝီတို့က ကျောင်းဆောင်ရဲ့နောက်ဘက် မြက်ခင်းစိမ်းစိမ်းလေးမှာ အဆင်သင့်ရောက်နေကြပေပြီ။ ကလေးတွေက အပြင်ပန်းမှာတော့ ဝတ်ကောင်းစားလှတွေ ဝတ်ထားပေမယ့် သေသေချာချာကြည့်လျှင် လည်ပင်းတွေမှာ ကြေးကြောင်းကြီးတွေများ ထင်းနေသည်။ တစ်ခါတစ်ခါ မိချောကို လာနမ်းလျှင်

mgyoe.com

mgyoe.com
SAMPLE BOOK

ချေးနံ့လိုလို၊ သေးနံ့လိုလို အနံ့ကြီးတွေရတာမို့ အောင့်အည်းပြီး နေရသည်။ နှပ်ချေးတွဲလောင်းကြီးနှင့် လာနမ်းသည်လည်း ရှိသည်။

"ရထားကြီး အထဲဝင်လို့ ရပါပြီရှင်"

မိချောနောက်က ကလေးတွေခမျာမှာတော့ ခေါင်းလေးတွေ ဘယ်ညာယမ်းရင်း လှုပ်လှုပ်ရွရွ ဖြစ်နေကြတော့သည်။ မသဇင်က London Bridge ဆိုတဲ့ ကဗျာလေးကို ရွတ်ရင်း သွားနေတာဆိုတော့ ကလေးတွေကလည်း အားကျမခံ သိသလိုလိုနှင့် ဗူးဗူးဝါးဝါး လိုက်အော်ကြသည်။ မြက်ခင်းပြင်ကို လေးငါးပတ်လောက် ပတ်ပြီးချိန်မှာတော့ ကလေးတွေရဲ့ ပါးစပ်ဖျားမှာ London Bridge ကဗျာလေး လုံးလုံးလျားလျား ရောက်သွားတော့၏။

မသဇင်ဟာ ကလေးတွေအပေါ်မှာ တော်တော့်ကို အလေးထားသူတစ်ယောက်ပါပဲ။ စိတ်ရှည်တာတော့ မပြောနှင့်တော့။ ကလေးအထာလည်း နပ်လှသည်။ အရှေ့ရောက်နေသော်လည်း အနောက်က ကလေးပြောသည့် စကားတို့ကို နားစွင့်နေတတ်၏။ ကလေးတွေ ငြီးငွေ့နေပြီလား၊ ဘာတွေ လိုအပ်သလဲ စဉ်ဆက်မပြတ်အောင် ကြည့်နေတတ်သည်။ ကလေးတွေ ငြီးငွေ့လာပြီထင်လျှင် ရုတ်တရက် အာရုံလွှဲနိုင်စွမ်း ရှိလေသည်။

"ဟဲ့ ဟဲ့ ဟဲ့၊ အဲဒါ ဘာလုပ်မလို့လဲ"

"ချေးပါမလို့လေ"

"ရော်. . . ချေးပါမယ်ဆိုလည်း အိမ်သာထဲ သွားပါလေ၊ ဘာလို့ ဖင်လှန်ပြီး လျှောက်ပြေးနေတာတုံး၊ ဒီမှာ ချေးပါလို့ မရဘူး"

"ဘာလို့မရတာလဲ၊ သားတို့အိမ်မှာ အိမ်သာမှမရှိတာ၊ ဒီမှာပဲ ပါလိုက်တော့မယ်"

"ဟဲ့. . . ဟဲ့၊ မသဇင်ရေ ဒီမှာ မြေကြီးပေါ် ချေးပါချမလို့တဲ့"

"ဟုတ်လား သား၊ အိမ်သာရှိတယ်လေ၊ လာ. . . လာ ဆရာမ လိုက်ပို့မယ်"

"ဟုတ်"

ဦးပဉ္စင်းက အခြေအနေကို စောင့်ကြည့်နေပေမယ့် ဘာမှ ဝင်မပြော။ မိချောလည်း တစ်ခုခု အကူအညီဖြစ်လိုဖြစ်ငြား လိုက်သွားပေမယ့် တဗွီးဗွီး၊ တဗွမ်းဗွမ်း အသံတွေနှင့် နံစော်လှသည့် အနံ့အသက်တွေကြောင့် မနီးမဝေးကသာ စောင့်ကြည့်ရင်း နားစွင့်နေလိုက်တော့၏။

mgyoe.com

mgyoe.com SAMPLE BOOK

"သားပြီးပြီ ဆရာမ"

"ဒီမှာ ဒါလေးကို နှိပ်လိုက်၊ ဟုတ်ပြီ ရေတွေကျလာတယ် တွေ့လား၊ နောက်တစ်ခါ အိမ်သာတက်ပြီးရင် ရေလောင်းရမယ်နော်၊ သားလည်း လောင်းတတ်သွားပြီလေ"

"ဟုတ်"

"လိမ္မာလိုက်တာ သားလေးက၊ အိမ်သာတက်ပြီးရင် ဖင်ကိုလည်း ရေနဲ့ ဆေးရမယ်နော်"

"သား မဆေးတတ်ဘူး ဆရာမ၊ အဘွားကလည်း မဆေးပေးဘူး"

"ဟုတ်လား၊ ဆရာမ ဆေးပေးမှာပေါ့၊ နောက်တစ်ခါကျရင်တော့ သားကိုယ့်ဘာသာကိုယ် ဆေးရမယ်နော်၊ ဟော ဒီမှာကြည့်၊ ဒါလေးက ရေပန်း၊ အဲဒါလေးနဲ့ ဒီလိုလောင်းဖျန်းလိုက်ရုံပဲ၊ ရော့. . . လုပ်ကြည့်ပါဦး"

"ဒီလိုလား ဆရာမ"

"တော်လိုက်တာကော သားသားက၊ ကဲလာ လက်သွားဆေးရအောင်၊ ဆပ်ပြာမွှေးမွှေးလေးနဲ့"

"ဟုတ်"

"အိမ်သာတက်ပြီး လက်မဆေးရင် ရောဂါပိုးတွေ ပါလာတတ်တယ် သားရဲ့"

"ရောဂါပိုးတွေက မကောင်းဘူးလား ဆရာမ"

"ဟုတ်တာပေါ့"

"ရောဂါပိုးက ဘယ်ထဲကို ပါသွားမှာလဲ ဆရာမ"

"သားရဲ့လက်ထဲမှာ အရင်ပါလာမှာပေါ့၊ သားက အဲဒီလက်ကို မဆေးဘဲနဲ့ အစာစားမိရင် အဲဒီကနေ တစ်ခါ သားရဲ့ဗိုက်ထဲကို ပါသွားမှာပေါ့"

"သူက သားဗိုက်ထဲရောက်ရင် သားကို ဘာလုပ်မှာလဲ"

"သားကို နေမကောင်းဖြစ်အောင် လုပ်မှာပေါ့"

"သားနေမကောင်းရင် ဆေးထိုးရမှာပေါ့ ဆရာမ၊ သား လက်ဆေးတော့မယ်နော်"

"လိမ္မာလိုက်တာ သားက၊ လာ ဆရာမက ဆပ်ပြာခဲမွှေးမွှေးလေးနဲ့ ဆေးပေးမယ်၊ အရင်ဆုံး လက်ဖဝါးနှစ်ဖက်ကို ဒီလိုတိုက်၊ ဟုတ်ပြီ၊ ပြီးရင် လက်ချောင်းလေးတွေ အားလုံးကိုလည်း တိုက် ကဲ ဆယ်ချောင်းလုံး ပြည့်သွားပြီနော်၊ လက်ဖမိုး

mgyoe.com

mgyoe.com
SAMPLE BOOK

လေးတွေကိုလည်း ဆေးမယ်၊ တော်လိုက်တာ အားလုံးနှံ့သွားပြီ၊ ဆပ်ပြာလည်း ပြောင်အောင် ဆေးနော်"

အောင်မယ်၊ သင်းလေးက လက်နှစ်ဖက်ပွတ်ပြီး ဆေးတာ၊ ဆေးတာများ ဆိုတာ ရေတွေ တဖွားဖွားကိုဖြစ်လို့။

"ဆရာမ သားလက်ကလေး မွှေးနေတာပဲ"

"အေးပေါ့ သားလေးရဲ့၊ နောက်ဆို မှတ်ထားနော်၊ အစားအစာ မစားခင်ရော၊ စားပြီးတိုင်းရော၊ အိမ်သာတက်ပြီးတိုင်းရော လက်ကို ဆပ်ပြာနဲ့ပြောင်အောင် ဆေးရမယ်၊ အိမ်ရောက်ရင်လည်း မေမေ့ကို ပြောပြနော်"

"သားအမေက အိမ်ပြန်မလာဘူး၊ အဖေရိုက်လို့၊ သားအဘွားကို ပြောပြမယ်နော် ဆရာမ"

"ကောင်းပါပြီရှင်၊ သားနာမည် ဘယ်လိုခေါ်လဲ"

"သားနာမည်က မောင်ပြည့်စုံတဲ့၊ စောစောတုန်းက ဆရာမကို ပြောပြတယ်လေ၊ ဆရာမ မေ့သွားတာလား"

"ဟုတ်ပဲ့၊ ဆရာမ မေ့သွားတာ၊ ဟောဒီမှာကြည့် ဒီလက်ကိုင်ပဝါ အဝါရောင်လေးက သားရဲ့ လက်ကိုင်ပဝါလေး၊ ဆရာမ မောင်ပြည့်စုံလို့ မှတ်ထားပေးမယ်၊ လက်ဆေးပြီးတဲ့အခါတိုင်း လက်သုတ်ရမယ်နော်"

"မစိုအောင်လို့လား ဆရာမ"

"ဒါပေါ့"

"ဆရာမရေ ဟိုမှာ နွေးနွေး အန်နေတယ်"

စုပေါင်းခန်းထဲက အော်သံကြောင့် မသဇင်က တဒိုင်းဒိုင်းနှင့် ပြေးထွက်သွားပါသည်။ တဝေါဝေါ ထိုးအန်နေသော နွေးနွေးရဲ့ရှေ့ကို လက်ဝါးလေးနှစ်ဖက်ထိုးပေးပြီး အန်စေပြန်သည်။ အန်ဖတ်ချဉ်စုတ်စုတ်နံ့က ထောင်းခနဲ။ မိချောမှာ အန်နေသည့် နွေးနွေးကိုကြည့်ပြီး ပျို့တက်လာရသည်မို့ ရေပြေးသောက်ရသည်။ ခဏနေတော့ နွေးနွေးက သက်သာသွားသလိုမျိုး ပြန်ကစားနေသည်မို့ တော်ပါသေးသည်။ မသဇင်က သူ့လက်ထဲက အန်ဖတ်တွေကို ကြွပ်ကြွပ်အိတ်တစ်လုံးထဲထည့်ပြီး အေးအေးဆေးဆေး လက်သွားဆေး၏။

"မသဇင် မရွံတတ်ဘူးလားဟင်"

"ရွံတတ်တာပေါ့ ဆရာမချောရယ်၊ ဒါပေမဲ့ ကလေးတွေ အန်နေတဲ့အခါ သူတို့ခံစားနေရတာကိုကြည့်ပြီး ဖြစ်ပေါ်လာတဲ့ ကြင်နာသနားစိတ်ဟာ ရွံတတ်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ကလေးကို မေ့သွားစေနိုင်တယ်"

အို. . . ကြက်သီးမွေးညင်းများတောင် ထမိပါရဲ့။

"ကလေးတွေကို အပြစ်ဆိုလို့ မဖြစ်ဘူး ဆရာမချောရေ၊ သူတို့အတွက် အားလုံးက အတွေ့အကြုံသစ်တွေလေ၊ နောက်. . . ကလေးတွေက ဖြူစင်ပြီး အရောင်ဆိုးရ သိပ်လွယ်တော့ သူ နေထိုင်ကြီးပြင်းရတဲ့ ပတ်ဝန်းကျင်က စရိုက်တွေအတိုင်းပဲ သူတို့ကို မြင်ရလိမ့်မယ်၊ ဗီဇနဲ့လည်း ဆိုင်သေးတာပေါ့"

"ဟုတ်၊ နားလည်ပါတယ်၊ ဒါပေမဲ့ မသဇင်ပြောရင် တဟုတ်ဟုတ်နဲ့၊ မိချောကိုကျ ပြန်ပြန်ပြောတယ်"

"အဲဒါက ပြန်ပြောတာ မဟုတ်ပါဘူး၊ မေးခွန်းထုတ်တာပါ၊ သူတို့ နားလည်အောင် ကိုယ်က ရှင်းပြဖို့လိုတယ်၊ အစ်မကိုလည်း မေးခွန်းတွေ ထုတ်တာပဲလေ၊ နောက်တစ်ခုက ဆရာမချောက မလုပ်ရဘူး၊ မစားရဘူး စသဖြင့် 'မ'ဆိုတဲ့ အငြင်းစကားကို သုံးတာကြောင့်လည်း ပါပါတယ်"

"မိချော နားမလည်ဘူး"

"ဒီလိုလေ ဆရာမချောရဲ့၊ ဆရာမချော အပျိုဖော်ဝင်စက အချစ်ဝတ္ထုတွေ ဖတ်လား၊ အိမ်ကရော ဖတ်ခွင့်ပြုလား"

"ဟီး. . . ဖတ်တာပေါ့၊ လွှန်းထားထားတို့၊ ပုညခင်တို့၊ အိမ်က ဘယ်ပေးဖတ်ပါ့၊ ခိုးဖတ်ရတာပေါ့"

"အဲဒါပါပဲ၊ လူ့သဘာဝ မလုပ်နဲ့လို့ပြောတဲ့ဟာဆို ပိုလုပ်ချင်ကြတယ်၊ မတည့်ဘူးလို့ပြောတဲ့ အစားအစာဆို သိပ်စားချင်ကြတယ်၊ ခုလည်း ဒီသဘာဝပဲ၊ ကလေးတွေကို 'မ'ဆိုတဲ့ အငြင်းစကား မသုံးမိအောင် နေနိုင်လေ ကောင်းလေပဲ၊ ပြီးတော့ ဒီအရွယ်ဆိုတာက အရာရာကို စူးစမ်းလေ့လာချင်ကြတဲ့ အရွယ်ကိုး"

"နားလည်သလိုလိုရှိပေမယ့် မလည်သေးဘူး၊ ဥပမာ၊ ကလေးက ပြတင်းပေါက်ပေါ် တက်ပြီး ခုန်ချမယ်ဆိုရင်ရော သူ အဲဒီလိုမလုပ်အောင် မိချောက 'မ' ဆိုတဲ့ အငြင်းစကားကို မသုံးဘဲနဲ့ ဘယ်လိုပြောရမှာလဲ"

ကြုံလာခဲ့သည်ရှိသော် ဖြေရှင်းနိုင်အောင် မေးထားခြင်းဖြစ်သည်။ ကလေးတွေ ကြည့်ရသလောက်လည်း မျောက်လောင်းလေးတွေက ခပ်များများရယ်၊ ဆော့လိုက်ကြတာလည်း တာတေကိုလန်လို့။

"ဥပမာပေါ့ ဆရာမချောရယ်၊ ဆရာမပြောတဲ့အတိုင်း ဖြစ်နေပြီ ဆိုပါစို့ 'သားသား. . . ပြတင်းပေါက်ဆိုတာ တက်လို့ရတဲ့အရာ မဟုတ်ပါဘူး၊ ဒီပေါ် တက်

mgyoe.com

mgyoe.com
SAMPLE BOOK

လို့ သားပြုတ်ကျခဲ့ရင် ခြေတွေ၊ လက်တွေ နာနိုင်ပါတယ်၊ ကျိုးနိုင်ပါတယ်၊ အဲဒီအခါ ဆေးရုံသွားရပါမယ်၊ ဆေးရုံသွားတဲ့အခါ ဆရာဝန် ဆေးထိုးပေးတာ ခံရပါမယ်၊ ဆေးလည်း သောက်ရပါမယ်'ဆိုပြီး ပြောကြည့်ရမှာပေါ့၊ ဆေးရုံဆေးခန်းဆိုရင်တော့ ကလေးအများစုက ကြောက်တတ်တယ်ဆိုတော့ ဆရာမချော စကားနားထောင်ကြမှာပါ"

"နားမထောင်ဘဲ ခုန်ချလိုက်ရင်ရော၊ ကလေးကို နောက်တစ်ခါမတက်အောင် ဘယ်လိုပြောရမလဲ"

"ဟော ဆရာမ ပြောတယ်မဟုတ်လား၊ ခုနာပြီ မဟုတ်လားလို့ ပြောရင် သူ လက်ခံပါပြီ"

"အကယ်၍ ကျိုးသွားခဲ့ရင်ရော ဘယ်လိုဖြေရှင်းမလဲ၊ အဲဒီအခါကျရင် မိဘတွေပါ ပါလာတော့မှာလေ မသဇင်ရဲ့၊ အဲဒီအစား ပြတင်းပေါက်ပေါ် လုံးဝမတက်ရဆိုပြီး ကြိုပြောထားရင် ပိုမကောင်းဘူးလား"

"ကလေးတွေက ဆရာမချောစကား နားထောင်မယ် ထင်လို့လား၊ ဆရာမချောကရော တစ်ယောက်စီတိုင်းကို အချိန်ပြည့် လိုက်ပြောနေနိုင်မှာလား၊ ပြတင်းပေါက်က ကလေးတွေ တက်နိုင်တယ်ဆိုတဲ့ အနေအထားဆိုကတည်းက ခုန်ချရင်လည်း ကျိုးနိုင်တဲ့ အနေအထားတော့ ပုံမှန်ဆို မရှိပါဘူး၊ နောက် ကလေးတွေ ခုန်ချတယ်ဆိုတာကလည်း ဆရာမချောရဲ့စကားက သူတို့ ယုံကြည်နိုင်လောက်တဲ့ အနေအထားမဟုတ်လို့ပါ။ သူတို့ ယုံကြည်လောက်တဲ့ အနေအထားထိ ကိုယ်က ရှင်းပြနိုင်ရမယ်၊ နောက် ဖြေရှင်းနည်းတစ်မျိုးက သားတို့ ပြတင်းပေါက်ဆိုတာ လေဝင်လေထွက်နဲ့ အလင်းရောင်ရဖို့အတွက် ထားတဲ့အရာဖြစ်တယ်၊ သားတို့ ခြေထောက်တွေနဲ့ ပြတင်းပေါက်ပေါ် တက်ရင် ပေါင်(ဘောင်)တွေ ပေကုန်မယ်၊ ဆရာမတို့က ရေနဲ့ သေချာဆေးထားတာပါ၊ ညစ်ပတ်တာကို ဆရာမ မကြိုက်ပါဘူး စသဖြင့်ပေါ့ ကိုယ်က ပြောပြပေးနိုင်ရမယ်၊ ကလေးဆိုတာကတော့ ခုန်တာတွေ၊ ဟိုကြားဒီကြား ဝင်ရတာတွေ သိပ်ကြိုက်ဆိုတော့ ကျောင်းက အရာမှန်သျှက သူတို့အတွက် ကစားစရာတွေချည်းပဲ၊ ကိုယ်က ရှင်းပြနိုင်မှပဲ ရမယ်၊ ဘယ်ဟာက ဘာအတွက် ထားတယ်ဆိုတာ မသိတဲ့အတွက် လုပ်နေတာလည်း ပါပါတယ်"

"ဟုတ်၊ တော်တော်တော့ နားလည်သွားပြီ မသဇင်၊ တစ်ခုတော့ မေးချင်သေးတယ်၊ အကယ်၍လေ ကလေးတစ်ယောက်က ပလပ်ပေါက်ကို နှိုက်နေတယ်ဆိုရင်ရော၊ မိချောက ခါတိုင်းလိုပဲ 'မ'ဆိုတဲ့ အငြင်းဝါကျကို မသုံးဘဲ အသေခံလိုက်

mgyoe.com

mgyoe.com SAMPLE BOOK

ရမှာလား၊ ကြိုလည်း ပြောထားပါလျက်နဲ့လေ"

"အိုး. . . မေးခွန်းတော့ ကြိုက်သွားပြီ၊ မေးခွန်းက ကြမ်းလွန်းလို့ အသက်ရှုတောင် မှားတယ်ကွယ်"

"တွေးမိလို့ပါ"

"ဒါမျိုးဆိုရင်တော့ ကြိုတင်ကာကွယ်နည်းကိုပဲ သုံးမှရမယ်၊ ဒါက အသက်အန္တရာယ်နဲ့ သိပ်ကို နီးကပ်တယ်လေ၊ ကလေးတွေနဲ့ လက်လှမ်းမီတဲ့နေရာမှာ ပလပ်ပေါက် လုံးဝမရှိရပါဘူး၊ အသက်အန္တရာယ် စိုးရိမ်ရတဲ့ ချွန်ထက်တဲ့အရာတွေ၊ ကတ်ကြေး၊ ဓား၊ ပေါက်တူးတွေလည်း မရှိရပါဘူး၊ ကျောင်းဝင်းတစ်ခုလုံးဟာ အသက်အန္တရာယ်ကင်းစင်တဲ့နယ်မြေ ဖြစ်ရပါမယ်၊ ဥပမာ၊ ကျောင်းဟာ လူနေရပ်ကွက်နဲ့ သိပ်ဝေးနေတာမျိုး မဖြစ်ရပါဘူး၊ အဖုံးအကာမပါတဲ့ ရေတွင်းရေကန်တွေ မရှိရပါဘူး၊ ကလေးအရပ်မြုပ်နိုင်တဲ့ မြေကျင်းမရှိရပါဘူး၊ အကယ်၍ ကျောင်းက ကားလမ်းဘေးမှာဆိုရင် တံခါးအဖွင့်အပိတ်ကို ကြပ်ကြပ်မတ်မတ် လုပ်ဆောင်ရပါမယ်၊ ဒါကတော့ အကြမ်းဖျင်းပေါ့၊ အမှန်ကတော့ ကလေးတွေအတွက် ဘာအန္တရာယ်မှ မရှိလေ ကောင်းလေပဲ"

"မသဇင်ရယ် တော်လိုက်တာ၊ မိချော လုံးဝကို ရှင်းသွားပြီ"

မိချောတို့နှစ်ယောက် စကားကောင်းနေတုန်း ရှိသေးသည်။ ပြည့်ဖြိုးမောင်တစ်ယောက် ပြတင်းပေါက်ပေါ်ကနေ ခုန်ချနေသည်မို့ မိချောမှာ အပြေးတစ်ပိုင်း သွားလိုက်ရသည်။

"ပြည့်ဖြိုးမောင် ဘာလုပ်တာလဲ အဲဒါ"

"ခုန်ချနေတာလေ"

"ဒါ ဘာလဲ"

"ပြတင်းပေါက်လေ"

"ပြတင်းပေါက်ဆိုတာ ဘာလုပ်တဲ့နေရာလဲ"

"ဘယ်သိမှာတုံး"

ဖြေတာကိုက နားပန်ကျင်းချင်စရာ ကောင်းလှသည်။ မိချောကို ဂရုမစိုက်ဘူးဆိုသည့် ရုပ်နှင့်။

"မှတ်ထား၊ ပြတင်းပေါက်ဆိုတာ ခုန်ချတဲ့နေရာ မဟုတ်ဘူး၊ အလင်းရောင်ရအောင်လို့၊ လေကောင်းလေသန့်ရအောင်လို့ တပ်ထားတာ၊ ဒီမှာကြည့်ဆရာမတို့ အဝတ်နဲ့ သေချာသုတ်ထားတာ၊ ခုသားလုပ်တာနဲ့ ညစ်ပတ်ကုန်ပြီ"

mgyoe.com

mgyoe.com
SAMPLE BOOK

ပြည့်ဖြိုးမောင်က ပေကတ်ကတ်နှင့် ကြည့်နေသည်။ ခဏနေတော့ ယုန်ကလေးတွေနား ထွက်သွား၏။ မိချောလည်း တခြားကလေးတွေ ကစားနေတာကြည့်ရင်း ကျောင်းနောက်ဘက် ရောက်သွား၏။ သတိရလို့ ပြန်လာကြည့်တော့ ဒင်းလေးက ပြတင်းပေါက်ပေါင်ပေါ် တက်နေပြန်သည်။ ခုတစ်ခါတော့ သူတစ်ယောက်တည်းတောင် မဟုတ်တော့။ အဖော်နဲ့ အပေါင်းနဲ့။ ကြည့်နေတုန်းရှိသေး ပြည့်ဖြိုးမောင်တစ်ယောက် အကျမတော်ဘဲ လက်နာသွားရှာသည်။ ငိုတော့မငို အီးအီးအဲအဲနှင့် မျက်နှာကြီး ရှုံ့မဲ့နေတော့သည်။

"ခုတော့ ပြုတ်ကျပြီမဟုတ်လား၊ လက်နာသွားပြီမဟုတ်လား၊ ပြောတယ်လေ ပြတင်းပေါက်ဆိုတာ ခုန်ချဖို့ မဟုတ်ဘူးလို့"

မိချောက ပြောပြောဆိုဆိုနှင့်ပင် ပြည့်ဖြိုးမောင်ရဲ့ နာသွားပုံရတဲ့ လက်ကလေးကို ဖွဖွလုပ်ပေးပြီး ပွတ်ပေးနေမိသည်။ ပြည့်ဖြိုးမောင်က မိချောမျက်နှာကို မျက်လုံးဝိုင်းလေးတွေနှင့် ငေးကြည့်နေရှာသည်။ စောစောကလို ပေကတ်ကတ်မျက်နှာ မဟုတ်တော့။ ပြည့်ဖြိုးမောင်နှင့် မိချော အဆင်ပြေနေခါမှ ဦးပဥ္ဇင်းကို ဘယ်ကလေးက ဘာသွားပြောသည်မသိ၊ အနားသို့ ရောက်လာသည်။ လက်ထဲမှာလည်း ဝါးခြမ်းပြားတစ်ချောင်းနှင့်။

"စောစောတုန်းက ဘုန်းဘုန်း ဘာပြောခဲ့လဲ"

"ပြတင်းပေါက်တွေပေါ် မတက်နဲ့လို့ ပြောပါတယ်"

"အဲဒါကို ဘာလို့တက်တာလဲ၊ ဘောင်းဘီမထားပါ"

ဦးပဥ္ဇင်းက ပြည့်ဖြိုးမောင်ရဲ့ ခြေထောက်တွေကို ဝါးခြမ်းပြားဖြင့် ခပ်စပ်စပ်ကလေး ရိုက်လေသည်။

"တခြားသူတွေလည်း မှတ်ထားနော်၊ ဘုန်းဘုန်းရဲ့ ပြတင်းပေါက်တွေပေါ် မတက်ပါနဲ့၊ တက်ရင် ခုလိုပဲ အရိုက်ခံရပါမယ်၊ အဲဒီလောက် တက်ချင်ရင် မင်းတို့အတွက် စင်လုပ်ပေးမယ်ဗျာ"

ဦးပဥ္ဇင်းက ပြောပြောဆိုဆိုပင် အောက်ဘက်ထဲ ဆင်းသွားလေသည်။ ကြည့်ရတာ လက်သမားဆရာခေါ်ပြီး အကောင်အထည်ဖော်တော့မည် ထင်ပါသည်။ နောက် ဆယ်မိနစ်လောက်ရှိတော့ ကလေးတွေ ပြတင်းပေါက်ပေါင်ပေါ် တက်ကြပြန်သည်။ ဦးပဥ္ဇင်းမရှိတော့ အော်မရ၊ ပြုမရ။ ထူးဆန်းတာက ပြည့်ဖြိုးမောင်။

"ဟိတ်ကောင်တွေ ပြတင်းပေါက်က တက်တဲ့နေရာမဟုတ်ဘူး၊ အွလင်း

mgyoe.com

mgyoe.com SAMPLE BOOK
ရောင်ရအောင် လုပ်ပေးတာ၊ လေကောင်းလေသန့်ရအောင်လို့ လုပ်ပေးထားတာ၊ ဆင်း ဆင်း အကုန်ဆင်း၊ ပြုတ်ကျရင် လက်နာလိမ့်မယ်ဗျ"

မိချောမှာ အံ့တွေများသြလို့။ ဘာပဲဖြစ်ဖြစ် မိချော ပျော်ပါသည်။ ခဏနေတော့ ဦးပဍင်းနှင့် လက်သမားအဖွဲ့ ရောက်လာသည်။ ဦးပဍင်းကိုလည်း ရပ်ရွာက လေးစားကြပုံပေါ်ပါသည်။ ရွှေပေါ်တွေထိုးကြ။ တိုင်ပင်ကြနှင့်။

"သဇင်ရေ ဆယ့်တစ်ခွဲနေပြီ ကလေးတွေ ထမင်းကျွေးတော့မလား"

"ဟုတ်သားပဲ၊ ခဏလေး သူတို့ပစ္စည်းသိမ်းတဲ့ အကျင့်လေးရသွားအောင် ပစ္စည်းသိမ်းတဲ့ သီချင်းလေးနဲ့ ပစ္စည်းသိမ်းလိုက်ကြဦးစို့၊ ဆရာမချောက လက်ဆေးကန်နားမှာ စောင့်ပေးနော်၊ နော်ဖူးဖူးလည်း လာကူလိမ့်မယ်"

မိချောက လက်ဆေးကန်လေးနားမှာ ရပ်ရင်း ကလေးတွေအလာကို စောင့်နေလိုက်ပါသည်။

"ကစားပြီးရင် သိမ်းမယ်၊ သိမ်းမယ်၊ သိမ်းမယ်၊ ကစားပြီးရင် သိမ်းမယ်၊ နေရာတကျသိမ်းပါမယ်"

"အထဲဝင်မယ် ပြည့်ဖြိုးမောင်"

"သားက အထဲဝင်ပြီးတော့ ဘာလုပ်ရမှာလဲ"

"ပစ္စည်းတွေ သိမ်းရမှာပေါ့"

"သားမှ မကစားတာ"

"တကယ်လား"

"မကစားပါဘူးဆိုမှ ဘယ်နှခါပြောရမှာတုံး"

မိချောမှာ ပြည့်ဖြိုးမောင်နဲ့ မနော်ဖူးဖူးတို့နှစ်ယောက်ရဲ့ စကားရည်လုပွဲကို စိတ်ဝင်စားနေမိ၏။ အဲဒီကလေးဟာ တော်တော်စကားတတ်သည်။ အကြောက်အလန့်လည်း မရှိ။ သူနဲ့မတော်တဲ့ ကျောင်းစိမ်းဘောင်းဘီခွပြကြီး တမမနှင့် ကက်ကက်ကို လန်နေတော့၏။ မသဇင် ပြောသလို သူကြီးပြင်းရာဝန်းကျင်ကြောင့်ပဲ ထင်ပါရဲ့လေ။

"သား မကစားဘူးလို့ ပြောတယ်နော်၊ ရတယ်၊ ဟိုမှာ ဘုန်းဘုန်းရှိတယ် တွေ့လား၊ ဘုန်းဘုန်းကို မေးကြည့်မယ်"

ပြည့်ဖြိုးမောင်တစ်ယောက် ဦးပဍင်းအသံကြားတော့ နည်းနည်းတွန့်သွားပုံပါပဲ။

"သားက ခဏလေးပဲ ဆော့တဲ့ဟာကို"
mgyoe.com

mgyoe.com
SAMPLE BOOK

အသံကလေးက ညောင်နာနာဖြစ်သွားပြန်သည်။ တတ်လည်း တတ်နိုင်သည့်ကလေး။ ဖင်ကလေး လိမ်ကျစ်လိမ်ကျစ်လုပ်လျက် စုပေါင်းခန်းထဲ ဝင်သွားတော့သည်။ မနော်ဖူးဖူးက သဘောတွေကျလျက်။

"အစားအစာ စားတိုင်းကွယ်၊ လက်ဆေးကြရမယ် လက်ကို စင်စင်ဆေး၊ ကျန်းမာရေးနဲ့ ညီညွတ်တယ် တူပျော်ပျော်၊ တူပျော်ပျော်၊ ထမင်းစားဖို့ ဆရာမခေါ် လက်ဆေးကြစို့နော်၊ လက်ဆေးကြစို့ကွယ်"

"သားသားမီးမီးတို့ရေ ဗိုက်ဆာကြပြီလား"

"ဟုတ်၊ ဆာတယ်"

"သားမဆာဘူး ဆရာမ"

"ဘာဟင်းစားရမယ်လို့ ထင်လဲ"

ကြက်သား၊ အရွက်၊ ဝက်သား၊ ကြက်ဥ၊ အမဲသား၊ ငါးကြော် စသဖြင့် အစုံဖြေကြ၏။

"သိပ်တော်ကြတာပဲ၊ ကြက်သားလည်း ပါတယ်၊ ပဲပင်ပေါက်၊ ပဲပြားလည်း ပါတယ်၊ ကြိုက်ကြလား"

"ဆရာမ သမီးက ပဲပြားမကြိုက်ဘူး"

"ဘာလို့မကြိုက်တာလဲ၊ သမီး ဘီဒယား"

"မကြိုက်ချင်လို့ မကြိုက်တာပေါ့"

အေးရော။

"သားလည်း မကြိုက်ဘူး ဆရာမ"

"မသိဘူး"

လာပြန်ပြီ နောက်တစ်ယောက်။ မိချောမှာတော့ တခွီးခွီးနှင့် အပျင်းတွေကို ပြေလို့။ အံမယ် မိချောရယ်တော့ ဒင်းတို့ကပါ လိုက်ရယ်ကြသည်။ အတော်ကို မနိုင်တဲ့ဟာလေးတွေ။

"ဆရာမ သီမီးက ကြိုက်တယ်၊ သီမီးမားမားက အောက်ဈေးမှာ ပဲပင်ပေါက်နဲ့ ပဲပြားရောင်းတယ်"

"ဟုတ်လား၊ အဲဒါကြောင့် သမီးရင်ရင်က အသားလေးဖြူပြီး လှနေတာကိုး၊ စန္ဒီးဗိုက်မင်းသမီးလေးကျနေရော"

ရင်ရင်ဆိုတဲ့ ကလေးလေးခမျာ သူ့ကို မင်းသမီးလေးနဲ့တူတယ်လို့ ချီးကျူးခံရတာကြောင့် လက်ကလေးနှစ်ဖက်ယှက်ပြီး မျက်နှာလေးပြုံးနေတာများ ချစ်ဖို့

mgyoe.com

mgyoe.com SAMPLE BOOK
ကောင်းလိုက်ပါဘိတော့။ အနည်းငယ်တော့ ရှက်နေပုံရလေ၏။

"ဆရာမ ပဲပင်ပေါက်နဲ့ ပဲပြားစားရင် အသားဖြူမှာလားဟင်"

"ဖြူတာပေါ့၊ သူငယ်ချင်းရင်ရင်ကို ကြည့်ပါလား၊ ပဲပင်ပေါက်နဲ့ ပဲပြား စားလို့ အသားလေးကို ဖြူနေတာပဲ"

"ဟုတ်တာပေါ့၊ ဒါဆို သမီးလည်း စားမယ်"

"သားလည်းစားမယ် ဆရာမ"

မသဇင်ရဲ့ အဟောအပြောကောင်းမှုကြောင့် သူ စားမယ်၊ ငါ စားမယ် ဖြစ်သွားကြပြန်သည်။ မသဇင်က သူမရဲ့ နှုတ်ခမ်းထူထူစုစုလေးပေါ် လက်ညှိုး လေးတင်ပြီး "ရှူး"ဆိုပြီး လုပ်ပြပြန်တော့လည်း အားလုံးတိတ်ဆိတ်သွားသည်မှာ အပ်ကျသံပင် မကြားရ။ အားကျလိုက်ပါဘိတော့။ ကိုယ်တွေများပြောရင် လိပ်ခေါင်း သာ ထွက်လာမည်။ တစ်ယောက်မှ နားထောင်မယ့်ပုံမပေါ်။

"နားထောင်ပါ၊ ထမင်းစားတော့မယ်ဆိုရင် မစားခင် လက်ကို ဆပ်ပြာ လေးနဲ့ အရင်ဆုံး ပြောင်အောင် ဆေးရမယ်၊ ပြီးရင် လက်ကိုင်ပဝါလေးနဲ့ လက် သုတ်ရမယ်၊ လက်ကိုင်ပဝါလေးမှာ သားသားမီးမီးတို့ နာမည်လေးတွေ ရေးထား ပေးတယ်၊ ပြီးရင် သီချင်းဆိုရမယ်၊ ထိုင်ခုံယူပြီး ထိုင်ရမယ်၊ ထမင်းစားပြီးရင် သွား ပါတိုက်ရမယ်နော်၊ မှတ်မိကြလား"

လက်ဆေးရမယ်၊ လက်သုတ်ရမယ်၊ သွားတိုက်ရမယ် စသဖြင့် ကိုယ် မှတ်မိသလောက် ပြန်ဖြေကြပါ၏။

"လက်ဆေးရင် ဆပ်ပြာနဲ့ ဆေးရမှာနော် ဆရာမ"

"ဟုတ်ပ၊ ရင်ရင်လေးက သိပ်တော်တာပဲ"

"ဟိဟိ၊ ဆရာမက သီမီးကို သိပ်တော်တာပဲလို့ ပြောတာ ချစ်လို့ပြော တာနော်"

"ဒါပေါ့"

ရင်ရင်ဆိုတဲ့ တရုတ်မလေးက တခြားဗမာစကား မတတ်သေးတဲ့ တရုတ် ကလေးတွေနားသွားပြီး မသဇင်က သူမကိုချစ်တဲ့အကြောင်း အားပါးတရ ပြောပြ ၏။ တခြားကလေးတွေက အားကျလှသည့် မျက်နှာလေးတွေနှင့်။

"ငါက မနက်ကတည်းက လက်ဆေးဖူးသွားပြီဗျ၊ ဆပ်ပြာလေးက မွှေး နေတာပဲ၊ နော် ဆရာမရာ"

မောင်ပြည့်စုံဆိုတဲ့ ကလေးလေးက ဂုဏ်ယူဟန်အပြည့်နှင့် ပြောသည်။
mgyoe.com

mgyoe.com SAMPLE BOOK
မျက်နှာကလေးကို ချီလို့ပါပဲ။

"ဟုတ်ပါ့ရှင်၊ သားသားမီးမီးတို့က သိပ်လိမ္မာကြတာပဲ၊ သိပ်လည်း ချစ်ဖို့ကောင်းကြတာပဲ"

"ဘယ်လောက်ချစ်တာလဲ ဆရာမ"

"မိုးလောက်ကြီး ချစ်တယ်"

"ပင်လယ်ကြီးလောက်ရော ချစ်ဖူးလား၊ မီးမီးမေမေဆို မီးမီးကို ပင်လယ်ကြီးလောက် ချစ်တာတဲ့"

"ချစ်တာပေါ့၊ ပင်လယ်ကြီးလောက်လည်း ချစ်တယ်၊ စကြဝဠာကြီးလောက်လည်း ချစ်တယ်"

"စကြဝဠာဆိုတာ ဘာကြီးလဲ၊ ပင်လယ်ကြီးထက် ကြီးသလား"

"ကြီးတာပေါ့"

"ဟာ. . . ပင်လယ်ကြီးထက်တောင် ကြီးတယ်တဲ့၊ အိမ်ရောက်ရင် ငါ. . . ငါ့အမေကို ပြောပြမှာ"

"ငါရောပဲ"

"ဆရာမက လှတယ်၊ ဆရာမကို ချစ်တယ်၊ သမီးက ဘုန်းဘုန်းကို အချစ်ဘူး၊ ဘုန်းဘုန်းက လှလည်းမလှဘူး၊ ဂျပင်လည်း အရှည်ဘူး၊ အတားကလည်း မည်းမည်းကြီး၊ ဘုန်းဘုန်းကိုလည်း ပဲပြားနဲ့ပဲပင်ပေါက်လေး ကျွေးလိုက်ပါလား"

မိချောမှာ ကလေးတွေရဲ့ ပေါက်တတ်ကရ အပြောတွေကြောင့် တဟားဟား ဖြစ်နေရတော့သည်။ ဦးပဥ္စင်းမျက်နှာ ပြုံးတုံ့တုံ့ကို မြင်ရတော့ ပို၍ပင် ရယ်ချင်လာရသည်။

"သူကတော့ ဘယ်လောက်ဖြူတာကျနေတာပဲ၊ ဘုန်းဘုန်းကို အဲလိုပြောရင် နင်ငရဲအိုးထဲ ဇောက်ထိုးကျမှာ သိလား နွေးနွေး၊ ဘုန်းဘုန်းက ငါတို့အိမ်ဆွမ်းခံကြွတယ်ဗျ၊ အဲဒီအခါကျရင် ငါ နင့်ကို ဘုန်းဘုန်းနဲ့ တိုင်ပြောမှာ"

"တိုင်ပေါ့၊ တိုင်တိုင်ကုလားထိုင်၊ နင်မထိုင် ငါထိုင်"

နွေးနွေးနဲ့ ပြည့်ဖြိုးမောင်မှာ အိမ်နီးချင်းတွေ ဖြစ်ပုံရပါသည်။

"ပြည့်ဖြိုးမောင်၊ ဝင်းကိုကိုထွန်း၊ နွေးနွေး၊ မမကြီး၊ မိမိငယ် ငါးယောက်အပြင်ထွက်ပါမယ်၊ သူတို့ငါးယောက်က အသံအကျယ်ကြီးဆိုတယ်၊ ဒါကြောင့်မို့ အရင်ထွက်ရတာ ဖြစ်ပါတယ်"

လက်ဆေးကြတော့လည်း ဆပ်ပြာကို အကြိုက်တွေ့ပြီး မပြီးနိုင် မစီးနိုင်
mgyoe.com

mgyoe.com SAMPLE BOOK
လုပ်နေကြတော့၏။ မနော်ဖူးဖူး အော်လိုက်မှပဲ ရပ်ကြတော့သည်။ ရောင်စုံကော်ထိုင်ခုံအပုလေးတွေနားမှာတော့ ဦးပဥ္စင်းတစ်ပါး တုတ်တစ်ချောင်းကိုင်ပြီး စောင့်နေလေ၏။

"ကိုယ်ကြိုက်တဲ့အရောင် ကိုယ်ယူပါ၊ ပြီးရင် စားပွဲနား သွားကြပါဗျာ"

ဦးပဥ္စင်းကိုတော့ ကြောက်ကြပုံပါပဲ၊ ကိုယ်ကြိုက်တဲ့ အရောင်လေးတွေကိုယ့်ဘာသာ ရွေးယူကြပြီး ထမင်းစားပွဲပုလေးတွေနား ငြိမ်ငြိမ်သက်သက်ပဲ သွားကြလေသည်။ ထမင်းမစားခင် ဦးပဥ္စင်းတိုင်ပေးသည့် ဘုရားစာ လိုက်ဆိုကြရသည်။ ထမင်းစားသည့်အခါ စားတတ်သည့်ကလေးရှိသလို မစားတတ်သည့်ကလေးလည်း ရှိ၏။

တချို့ကလေးတွေက ထမင်းမစားချင်၍ ငိုကြပြန်သည်။ ထမင်းတော့ပါးစပ်ထဲ ထည့်ပါရဲ့၊ မဝါးဘဲ ငုံနေသည်မို့ မျိုချခိုင်းရပြန်သည်။ ထမင်းစားပွဲပေါ်မှာ ထမင်းစေ့တွေ ဖိတ်စဉ်နေတာ မြင်မကောင်း။ မသဇင်က "ထမင်းစေ့တွေ ဖိတ်ကြတယ်နော်၊ လိမ္မာတဲ့ကလေးဆိုတာ ထမင်းလုံးတွေ အောက်မကျအောင် စားတတ်တယ်"ဆိုပြီး ကလေးတွေကို ဇွန်းနဲ့ စားတတ်အောင် သင်ပေး၏။

မနော်ဖူးဖူး၊ မချိုနှင့် ဦးပဥ္စင်းတို့က ထမင်းစားတဲ့ ကလေးတွေနား စောင့်ကြပ်ပေးနေစဉ်မှာ မိချောနှင့် မသဇင်က ထမင်းစားပြီးသွားသော ကလေးများအားသွားတိုက်တံ အရင်ရွေးစေသည်။ ပြီးတာနှင့် နာမည်နှင့် တစ်ခါတည်း မိတ်ဆက်ပေးပြီး သွားတိုက်ပုံတိုက်နည်း ကျင့်ပေးရပြန်သည်။ မိချောက မသိတော့ မိချောတိုက်သလိုပဲ ကလေးတွေကို သွားတိုက်ဆေးတွေ အများကြီး ထည့်ပေးမိသည်။ မသဇင်က လက်သည်းလောက်သာ ထည့်ရန်နှင့် ထည့်တာများရင် သွားပေါ်မှာအဖြူကွက်ကလေးတွေပေါ်ကြောင်း ရှင်းပြပေး၏။ သွားတိုက်ဆေးက ချိုတော့ကလေးတော်တော်များများက မျိုချပစ်ကြသည်။ အပေါ်အောက် တိုက်ဖို့လည်းသင်ပေးရ၏။

"ဆရာမ သားကို သွားတိုက်ဆေးလေး အပိုပေးပါဦး"

"ဟဲ့ တိုက်ပြီးပြီမဟုတ်လား၊ ဘယ့်နှယ် အပိုလာတောင်းနေတာတုံး"

ဒုက္ခ။ သွားတိုက်ဆေး အပိုတောင်းတဲ့ကလေးက ရှိသေး။ သွားတိုက်ပြီးတော့ မျောက်ရှုံးအောင် ဆော့ကြပြန်၏။ မနော်ဖူးဖူးနှင့် မချိုတို့နှစ်ယောက်ကပန်းကန်တွေ ဆေးကြောနေကြချိန်မှာ မသဇင်တစ်ယောက် ကလေးတွေနား ရောက်သွားပြန်သည်။ မိချောကတော့ နားအေးပါးအေး တံမြက်စည်းသာ လှည်းနေလိုက်
mgyoe.com

mgyoe.com SAMPLE BOOK
တော့သည်။

“ဆရာမ သား ပန်းသီးကြိုက်တယ်၊ ပန်းသီးပုံယူမယ်နော်၊ ဒီလိုလှည့်ထားရမှာလား ဆရာမ”

“တော်လိုက်တာ သားသားပြည့်ဖြိုးမောင်က၊ ညနေကျောင်းစဆင်းရင် တစ်ဖက်ပြန်လှည့်နော် သား”

“ဘာလို့လဲ ဆရာမ”

“ဒီဘက်က ကျောင်းလာလို့လေ၊ ဒီဘက်ကကျတော့ သား ကျောင်းဆင်းသွားပြီဆိုတာ သိရအောင်ပေါ့”

“ဟုတ် ဆရာမ”

“ကလင် လင် လင် လင်”

ရုတ်တရက် မြည်လာတဲ့ ကျယ်လောင်စူးရှလှသည့် အသံကြောင့် ထခုန်မိမတတ် လန့်သွားရသည်။ မနော်ဖူးဖူးဆီမှလည်း စတီးပန်းကန်ကြီး ဂွမ်ခနဲ ပြုတ်ကျသွားသံ ကြားရသည်။ ကလေးတွေဆိုလျှင်တော့ ဆိုဖွယ်ရာမရှိ။ အမေလို့အော်ပြီး ငိုတဲ့ကလေးကငို၊ ကျောင်းပတ်ပြေးတဲ့ ကလေးကပြေး။ ပြည့်ဖြိုးမောင်တစ်ယောက်ကတော့ ‘အယ်. . . ဘယ်ကလာတဲ့ အသံပါလိမ့်’ဆိုပြီး စူးစမ်းလိုက်သေးသည်။ မိချောတို့ အခန်းထဲမှာ ဘဲလ်ရှိမှန်း ခုမှသိ၏။

“ရှူးပေါက်ချင်တဲ့ ကလေးတွေ ပေါက်ပါ၊ ရေသောက်ချင်တဲ့ ကလေး သောက်ပါ၊ ပြီးရင် အိပ်ရပါမယ်”

ဦးပဥ္စင်းရဲ့ ခပ်ပြတ်ပြတ်အသံကို ကြားကြပါမှ ငြိမ်သွားကြပါသည်။ ဒါတောင်မှ မအိပ်ချင်ဘူးလို့ တွင်တွင်ပြောပြီး ပတ်ပြေးတဲ့သူ၊ အမေကို တပြီးငိုတဲ့သူ၊ ကိုယ်တိုင်မငိုပေမယ့် သူများငိုတာကြည့်ပြီး ငိုမဲ့မဲ့ဖြစ်နေသူတချို့ကိုလည်း မြင်ရပါသေးသည်။ ကွပ်ပျစ်နှစ်ခုရဲ့ကြား သမံတလင်းပေါ်မှာတော့ ဦးပဥ္စင်းက ကုလားထိုင်တစ်လုံး ဆွဲထိုင်ပြီး ကလေးများကို လိုက်ကြည့်နေပါသည်။ လက်ထဲမှာလည်း တုတ်တစ်ချောင်းနှင့်။

အညိုရောင်အောက်ခံမှာ ပန်းသီးပုံလေးတွေပါတဲ့ အိပ်ရာခင်း ဆင်တူ၊ ခေါင်းအုံး ဆင်တူ၊ စောင်ဆင်တူလေးတွေကို ကြည့်ပြီး မိချောပင် အိပ်ချင်လာရသည်။ လူလည်း ဖြူခါကျနေပေပြီ။ မနက်ကတည်းက နားရတယ်ရယ်လို့ မရှိ။ မျက်စိ၊ နား၊ ပါးစပ် အကုန်သုံးနေရသည်။ မသဇင်ကတော့ အပင်ပန်းဆုံး ဖြစ်မည်ထင်ပါသည်။
mgyoe.com

mgyoe.com SAMPLE BOOK

"ဘုန်းဘုန်းကို ကြည့်ပါ၊ ဘုန်းဘုန်းလို ထိုင်ကြပါ"

ဦးပဥ္စင်းက ပြောပြောဆိုဆို ခါးကို ဆန့်ဆန့်ထားပြီး တင်ပျဉ်ခွေထိုင် ထိုင်ပြပေးလေသည်။ လက်ဖဝါးနှစ်ဖက်ကိုလည်း တစ်ခုပေါ် တစ်ခု ထပ်လျက် မျက်စိမှိတ်ပြီး ငြိမ်သက်စွာ နေလေသည်။ ကလေးတွေက အစဆိုတော့ လိုက်မလုပ်တတ်ကြချေ။ မိချောတို့က လိုက်ကူကြရသည်။

"တင်ပျဉ်ခွေကာ ထိုင်နေပါ၊ ခါးကိုဖြောင့်အောင်ထား မျက်စိမှိတ်ကာ ခေါင်းတည့်ပါ၊ ဝမ်းမှာ စိတ်ကိုထား မလှုပ်ကြနဲ့ ငြိမ်ငြိမ်နေ၊ မှတ်ပါ ကျောင်းသား ကျောင်းသူများ"

ဦးပဥ္စင်းက ဆယ်ခေါက်ခန့်ထိ ချပေးလေသည်။ ကလေးတွေလည်း လိုက်ဆိုကြပါ၏။

"မျက်စိမှိတ်ထားပါ၊ စကားမပြောပါနဲ့၊ မလှုပ်ပါနဲ့"

ဦးပဥ္စင်းက မျက်စိမှိတ်ထားပါဆိုသော်လည်း မျက်စိတစ်ဖက် ဖွင့်ပြီး ချောင်းကြည့်သူက ချောင်းကြည့်၊ နှစ်ဖက်စလုံး လှုပ်ခတ်လှုပ်ခတ်နှင့် ခိုးကြည့်သူက ကြည့်၊ မျက်လုံးနှစ်ဖက်လုံး ပိတ်ထားသော်ငြား မျက်ခွံတလှုပ်လှုပ် ဖြစ်သူက ဖြစ်နှင့် ရယ်စရာ၊ ချစ်စရာကောင်းလှသည်။

နာရီဝက်ခန့် ကြာသည့်အချိန်မှာတော့ တချို့ကလေး တဝိုင်းဝိုင်း သမ်းလာကြသည်။ မတ်မတ်ထားထားတဲ့ ခါးလေးတွေလည်း ဘယ်ယိမ်းလိုက်၊ ညာယိမ်းလိုက်နှင့်။ တချို့များဆို ဗုန်းခနဲ လဲသွားသည့်အတွက် မျက်လုံးလေး ပေကလတ် ပေကလတ်နှင့် ကုန်းရုန်းထကြရရှာ၏။ ဦးပဥ္စင်းက ဆွမ်းဘုဉ်းပေးပြီးပြီမို့ ဦးပဥ္စင်း ကလေးသိပ်တုန်း မိချောတို့မှာ ထမင်းစားကြရသည်။

ဗိုက်ပဲ ဆာနေလို့လားတော့ မသိ။ စားလို့ မြိန်ချက်ဆိုတာ။ ဘကကျောင်း ဘက်က ပို့ပေးတဲ့ မှျစ်ကြော်ပဲပြုတ်နဲ့ ကြက်သားချက်၊ ငါးပိရည် တို့စရာ။ တို့စရာကတော့ ခရမ်းကစော့သီးနဲ့ မျှစ်ပြုတ်လေးတွေပေါ့။ ထမင်းစားပြီးတော့ နားရမလား မှတ်သည်။ အိမ်သာဆေး၊ ကြမ်းတိုက် လုပ်ကြရပြန်သည်။ ပြီးလျှင် ကလေးတွေ နိုးလာတဲ့အခါ အဆာပြေစားဖို့ မုန့်လုပ်ရဦးမတဲ့လေ။ မုန့်ဆိုရင် စားဖို့လောက်သာ သိတဲ့ မိချောနဲ့တော့ တွေ့ကြပြီပေါ့။

"ဆရာမချော ပုလင်းတစ်လုံးလောက် ရှာပေးပါလား၊ ကလေးတွေ ချာပါတီ လုပ်ကျွေးမလို့"

မီးဖိုချောင်ထဲ ပိုက်စိပ်တိုက် ရှာလိုက်သည့်အခါမှာတော့ ကြာညို့ပုလင်း

mgyoe.com

mgyoe.com SAMPLE BOOK
ခွံတစ်လုံး ထွက်လာလေသည်။ ဒေါ်ဒေဝီက ချာပါတီလုပ်တာ တော်တော်ကျွမ်းပုံရပါသည်။ ဦးပဥ္စင်းက လက်သမားတွေနား ပြန်ရောက်သွား၏။ မိချောနဲ့ ဒေါ်ဒေဝီက မီးဖိုဆောင်ထဲ၊ မနော်ဖူးဖူးက ကလေးတွေနားမှာ ရောက်နေပြီး မသဇင်နဲ့မချိုကတော့ ကျွန်းတောထဲ ရောက်သွားလေတော့သည်။ မိချောလည်း ပျင်းလာသည်မို့ ကျွန်းတောထဲ ထွက်ခဲ့လိုက်၏။

"မသဇင် အဲဒီအရွက်တွေက ဘာလုပ်ဖို့လဲ"

"ဒါလေးတွေကို ကတ်ကြေးနဲ့ အပြားညီညီလေးတွေဖြစ်အောင် အရင်ညှပ်၊ ပြီးတာနဲ့ အင်္ဂလိပ်အက္ခရာပုံလေးတွေ ဆွဲပြီး အဲဒီပေါ်ကို ဒါလေးတွေနဲ့ ကပ်ခိုင်းမှာ၊ ဒီနေ့တော့ အေတစ်လုံးပဲ ကပ်ခိုင်းမှာပါ၊ အေအကြီးပေါ့"

"မနက်က ခူးထားတဲ့ပန်းတွေကျတော့ရော မသုံးတော့ဘူးလား"

"ညှိုးကုန်ပြီ ဆရာမချောရဲ့၊ အဆင်မပြေတော့ဘူး၊ အလျဉ်လည်းမမီတော့ဘူး၊ ညနေပိုင်းတောင်မှ ဦးပဥ္စင်းက စာရေးသင်ဦးမယ် ပြောနေတယ်"

စိတ်ညစ်လိုက်တာ ဦးပဥ္စင်းကလည်း အလျှော့ပေးမယ့်ပုံမရှိ၊ မသဇင်ကလည်း ခေါင်းမာ၊ အင်း. . . ဘာတွေဖြစ်လာဦးမယ် မသိ။

"အစ်မတို့ ကလေးတွေအတွက် သင်ခန်းစာအချိန် ဇယားဆွဲထားပြီးသား၊ အဲဒါကိုကြည့်ပြီး ဘာပြီးဘာဆိုတာ လုပ်သွားလိုက်ရုံပဲ၊ မဟုတ်ရင် ဒီကလေးတွေနဲ့ အလျဉ်မီမှာမဟုတ်ဘူးလေ၊ ကလေးမိဘတွေက ဒီနေ့မှ ကျောင်းဖွင့်တာတွေ၊ ဘာတွေ တွက်မှာမဟုတ်ဘူး၊ အိမ်ရောက်တာနဲ့ ကိုယ့်ကလေးကို ကျောင်းမှာ ဘာတွေသင်လဲဆိုတာ မေးကြမှာပဲ၊ အဲဒီအခါကျရင် ကိုယ်က ဒါတွေသင်ပေးထားတော့ ဘာပဲဖြစ်ဖြစ် ကလေးမိဘတွေ စိတ်ကျေနပ်မှုရတာပေါ့၊ ပြောသာပြောရတာပါ၊ မိဘတွေကတော့ စာရေးတာကိုပဲ ပိုနှစ်သက်ကြမှာပါပဲ"

"သင်ခန်းစာဆိုတာ ဘာကိုပြောတာလဲ၊ ဒီအရွယ်ကလေးတွေအတွက် သင်ခန်းစာဆိုတာ လိုသေးတာလား"

"လိုတာပေါ့၊ မူကြိုအတွက် မူကြိုလမ်းညွှန်စာအုပ်၊ ဖတ်စာအုပ်ဆိုတာမှ မရှိဘဲ၊ ကိုယ့်ဘာသာ ဆွဲရမှာ"

"ဘယ်လိုဆွဲရမှာလဲ"

"ဆရာမချော ပြောကြည့်၊ ကလေးတွေကို ဒီတစ်ပတ် ဘာအကြောင်းသင်ချင်လဲ"

"မပြောတတ်ဘူး"
mgyoe.com

mgyoe.com SAMPLE BOOK

"လုပ်ပါ ပြောကြည့်ပါ"

"အင်း၊ ကျောင်းမှာ ငှက်ပျောခြံကြီး ရှိတယ်ဆိုတော့ ငှက်ပျောပင်အကြောင်း သင်ပေးချင်တယ်၊ ရလား"

"ရတာပေါ့၊ ငှက်ပျောပင်နဲ့ပတ်သက်ပြီး ဘာတွေသိလဲ"

"ငှက်ပျောသီး၊ ငှက်ပျောဖူး၊ ငှက်ပျောဖက်၊ ငှက်ပျောအူတိုင် ဒါပဲသိတယ်"

"အိုကေ၊ အဲဒါဆို ဆရာမ နားလည်အောင် ပြောပြမယ်၊ အစ်မတို့ ပုံမှန် ကလေးတွေ ကျောင်းဖွင့်ရက်က ငါးရက်မဟုတ်လား၊ ဒါပေမဲ့ ဒီမှာတော့ ခြောက် ရက်လည်း ရှိတယ်ပေါ့နော်၊ ဆိုပါတော့ ငါးရက်အတွက် အရင်လုပ်မယ်ဆိုရင် စောစောက ဆရာမချော ပြောခဲ့တဲ့ ငှက်ပျောသီးတို့၊ ငှက်ပျောဖူးတို့ဆိုတာက ပုံပန်းသဏ္ဌာန်ထဲမှာ ပါတယ်။ အဲဒီအခါ ပထမတစ်ရက်မှာ ငှက်ပျောပင်ရဲ့ ပုံပန်း သဏ္ဌာန်ဆိုပြီးတော့ သင်မှာပေါ့"

"ဘယ်လိုသင်မှာလဲ"

"ပထမဆုံးတော့ ကတ်ထူပေါ်မှာ ငှက်ပျောပင်မှာပါတဲ့ အစိတ်အပိုင်း တွေအားလုံးကို ပုံဆွဲပြီး စုပေါင်းချိန်မှာ ကလေးတွေကိုပြပြီး သင်မှာပေါ့၊ မသင်ခင် မှာ ကလေးတွေ သိထားတာကို အရင်ဖော်ထုတ်ရမယ်၊ သားသားမီးမီးတို့ ဒါဘာပင် လဲ သိလား၊ အဲဒီလိုမေးခွန်းလေးတွေနဲ့ စလိုက်ရင် အဖူးဆိုလည်း အဖူးအလျောက် အသီးဆိုလည်း အသီးအလျောက် သူတို့ဖြေကြမယ်၊ နောက်တစ်ဆင့်ကျတော့ အပင်အစစ်နဲ့ပြ၊ သူတို့ကိုလည်း စမ်းသပ်ကိုင်တွယ်ခွင့်ပေးပြီးတော့ ဒါကတော့ အရွက်၊ ဒါကတော့ အဖူး၊ ဒါကတော့ အသီး စသဖြင့် သင်ပေးရတာပေါ့၊ ဒီလိုသင် ပေးခြင်းက ကျောက်သင်ပုန်းမှာ စာရေးပြပြီး ဆရာမဆိုသမျှ ဘုမသိ ဘမသိ လိုက်ဆိုနေတာထက် အများကြီး ထိရောက်တယ်၊ ကလေးတွေ ပိုမှတ်မိသလို စေ့စေ့စပ်စပ်လည်း သိသွားတယ်၊ ပန်းချီဆွဲတဲ့အချိန်မှာလည်း ငှက်ပျောနဲ့ဆိုင်တာ တွေကိုပဲ ဆွဲကြမယ်ပေါ့၊ ပုံပြင်ပြောတဲ့အခါလည်း ငှက်ပျောအကြောင်းပါတဲ့ ပုံပြင် လေးတွေ ပြောပေါ့"

"ကိုယ်သင်ပေးတာကို သူတို့ဦးနှောက်ထဲ ရောက်၊ မရောက် ဘယ်လို စမ်းသပ်ရမှာလဲ"

"မနက်က သင်ပြီးသမျှကို ညနေပြန်ခါနီးမှာ ပြန်မေးကြည့်တာနဲ့ သိနိုင် ပါတယ်၊ နောက်တစ်ခုက သူတို့ အတုလုပ်တမ်း ကစားတဲ့နေရာမှာ ငှက်ပျောရွက် တွေ၊ ငှက်ပျောသီးအစိမ်း၊ အမှည့်၊ အဖူးတွေ ထားပေးရပါတယ်၊ အဲဒီအခါ သူတို့နဲ့

mgyoe.com

mgyoe.com SAMPLE BOOK
စကားပြောကြည့်ပေါ့၊ မသိသလိုနဲ့ မေးခွန်းလေးတွေ မေးကြည့်၊ အဲဒါဆို သိပြီပေါ့"

"ဟုတ်၊ ဒုတိယနေ့အတွက်ကျရင်ရော"

"အနံ့အရသာအကြောင်းပေါ့၊ အဲဒီနေ့မှာ ငှက်ပျောသီးကို ကျွေးပြီးတော့ ဘယ်လိုအရသာရှိတယ်၊ မွှေးတယ်၊ ချိုတယ်ဆိုတာတွေ သူတို့ သိလာမယ်၊ အာဟာရ ကျွေးချိန်မှာ ငှက်ပျောသီး ကျွေးလိုက်ရုံပေါ့၊ အစိမ်းကိုလည်း အရသာဖန်တယ် ဆိုတဲ့ အကြောင်းလေး၊ စတိလေး ကျွေးကြည့်လို့ ရပါတယ်"

"နားလည်သွားပြီ"

"နားလည်ရင် တတိယနေ့ ဘာအကြောင်းသင်မလဲ၊ ပြောကြည့်ပါဦး"

"အရောင်အဆင်း၊ ငှက်ပျောသီးက အဝါရောင်၊ ငှက်ပျောရွက်က အစိမ်း ရောင်၊ ငှက်ပျောသီးက မှည့်မှ အဝါရောင် မမှည့်ရင် အစိမ်းရောင်ဆိုပြီး သင်လို့ ရတယ်၊ ငှက်ပျောဖူးလေးတွေက အညိုရောင် အဲဒီလိုသင်ပေးမယ်၊ စတုတ္ထနေ့ကျ တော့ ငှက်ပျောသီးနဲ့ လုပ်လို့ရတဲ့ မုန့်တွေအကြောင်း သင်မယ်၊ အာဟာရကျွေးတဲ့ အခါ ငှက်ပျောကြော်၊ ငှက်ပျောပေါင်း ကျွေးမယ်"

"တော်သွားပြန်ရော၊ ဆက်ပြောပါဦး"

"နောက်ဆုံးနေ့အတွက် ငှက်ပျောပင်ရဲ့ အသုံးဝင်ပုံ သင်ပေးမယ်၊ ငှက် ပျောလက်နဲ့ ငှက်ပျောသေနတ်လုပ်လို့ ရတယ်၊ ငှက်ပျောဖက်နဲ့ လှေကလေးတွေ၊ ခမောက်လေးတွေ လုပ်လို့ရတယ်၊ နောက် ငှက်ပျောဖူးသေးသေးလေးတွေနဲ့ ပုတီး လေးတွေ လုပ်လို့ရတယ်"

"ဟော. . . လက်မှုချိန်အတွက်ပါ ရသွားသေးတယ်၊ နောက်. . . ကလေးတွေကို အေးအေးဆေးဆေး၊ မပင်မပန်း ထိန်းသွားလို့လည်း ရတယ်၊ သူတို့ တွေ ကစားနေကျအရာလည်း မဟုတ်တော့ တော်တော်ကို စိတ်ဝင်စားကြမှာ၊ ဆရာမချောကလည်း လုပ်ပြပေါ့နော်၊ ကလေးတွေရဲ့ တီထွင်ကြံဆမှုတွေကိုလည်း ဖော်ထုတ်ခွင့်ပေးရမယ်၊ ဆိုလိုတာက ဆရာမလုပ်တာကိုပဲ လိုက်လုပ်ရမယ် မဟုတ် ဘူး၊ ကလေးတို့ ဘာလုပ်တတ်သလဲဆိုပြီး သူတို့ကို မေးရမယ်၊ သူတို့လုပ်ထားတာ ကို စောင့်ကြည့်ပေးရမယ်၊ ချီးကျူးပေးရမယ်"

မိချော မသဇင်ရဲ့ သင်ပုံသင်နည်းကလေးကို တော်တော်သဘောကျ သွားသည်။

"အရေးကြီးတာက ကိုယ့်အနီးနားမှာ လွယ်လွယ်ကူကူရနိုင်တဲ့ အကြောင်း အရာမျိုးကိုပဲ ရွေးချယ်သင့်တယ်၊ ဥပမာပေါ့ ဒီရှမ်းပြည်လိုနေရာမျိုးမှာ ထန်းသီး

mgyoe.com

mgyoe.com SAMPLE BOOK
အကြောင်း သင်မယ်ဆိုရင် ကလေးတွေကို လက်တွေ့ပြဖို့ဆို ခဲယဉ်းတယ်လေ၊ အဲဒီတော့ ထန်းသီးအစား ပန်းသီးပြောင်းသင်ပေးမယ်ပေါ့၊ ဒါမျိုးလေးတွေတော့ ကိုယ်က ချင့်ချိန်တတ်ရမယ်ပေါ့နော်"

"ဟုတ်"

"ဒါဆို အစ်မတို့ အချိန်ဇယားကို မသုံးတော့ဘူး၊ ဆရာမချော့ပဲ တာဝန်ယူပေးနိုင်မလား"

"ဟုတ် မိချော လုပ်နိုင်ပါတယ်၊ မသဇင်တို့ ခေါင်းစားရမှာပဲနော်"

"အစပိုင်းမို့ပါ ဆရာမချော့ရဲ့၊ ကလေးတွေနဲ့ အသားကျသွားတဲ့အခါကျရင်တော့ အဲဒီလောက်ကြီး မဟုတ်တော့ပါဘူး၊ အလုပ်ဆိုတာကတော့ ဘာပဲလုပ်လုပ် လွယ်တယ်ဆိုတာ ဘာမှမရှိဘူး၊ ဒီလိုပဲ လုပ်ရင်းကိုင်ရင်း၊ အတွေ့အကြုံတွေကနေ သင်ယူရင်း ဘယ်လိုလုပ်လိုက်ရင် ပိုကောင်းနိုင်မလဲဆိုတဲ့အချက်ကို ရှာဖွေကြရတာပေါ့"

မိချော ကျောင်းဝင်းထဲ ပြန်ဝင်လာတော့ စုပေါင်းခန်းရှေ့မှာ ခုံတစ်လုံးချ၍ အလုပ်များနေသော ဦးပဥ္စင်းအား တွေ့ရသည်။ ခွေးခြေခုံလေးပေါ်မှာ ယူနီဆက်က လှူထားသည့် ဗလာစာအုပ်အပြာလေးတွေက အထပ်လိုက်။ ပေတံတွေရော၊ ခဲတံတွေရော သုံးနေသည်ဆိုတော့ ကလေးတွေ စာရေးဖို့အတွက် ပြင်ဆင်နေတာ ဖြစ်ပေမည်။

"ဦးပဥ္စင်း တပည့်တော် ဘာကူရမလဲ ဘုရား"

"မျဉ်းသားပေးဗျာ၊ ရှေ့ အဖေ့ဖုံးစာရွက်နဲ့ တစ်စင်တီမီတာပတ်လည် အကွက်ကလေးတွေ အရင်သားပေး၊ အဲဒါနဲ့ ရေးတတ်မှ ဗလာစာအုပ်ထဲ ရေးခိုင်းမှာ"

စောဒက မတက်ရဲလို့သာ။ တစ်စင်တီမီတာဆို သေးသေးလေးတွေပေါ့။ ကလေးတွေ စာလုံးရေ အများကြီး ရေးရပေတော့မည်။ ကိုယ်တွေလည်း ငယ်ငယ်က စာအများကြီးဆို ရေးချင်တာမဟုတ်။

"ဟိုဆရာမတွေ အရင်မေးကြည့်ပါဦးဗျာ၊ လုပ်စရာ ရှိမရှိ၊ ကျုပ်က ရတယ်"

ဦးပဥ္စင်းက စာအုပ်မျဉ်းသားတာ ရပ်ပြီး မုန့်လာဖတ်အကြွမ်းတစ်ထုပ်ကိုင်ပြီး ယုန်တွေ အစာသွားကျွေးပြန်သည်။ ယုန်စာအတွက်ကတော့ မပူရ။ ဈေးထဲမှာ မုန့်ညင်းအကြွမ်း၊ မုန့်လာဖတ်အကြွမ်းတွေ ဒီအတိုင်း ပစ်ထားကြ၏။
mgyoe.com

mgyoe.com
SAMPLE BOOK

အထဲက မြင်ကွင်းကြောင့် မိချောမှာ ဘုရားတမိသည်အထိ။ မနော်ဖူးဖူး တစ်ယောက် အိပ်နေလိုက်တာများ တစ်ချက်တစ်ချက် လက်ကြီးက မြောက်တက်လာပြီး တပြန်းပြန်း ရိုက်လိုက်သေးသည်။ တော်ပါသေး၊ သူ့နားမှာ ဘယ်ကလေးမှ ရှိမနေလို့။ နိုးခါစကလေးတွေခမျာ ကစားချင်ကြပေမယ့် မနော်ဖူးဖူးကြည့်ပြီး မထရဲကြ။ မျက်လုံးလေးအပြူးသားနဲ့ ကြည့်နေကြရှာ၏။ မိချောမှာ ဘာလုပ်ရမှန်းမသိ။ ဦးပဥ္စင်း ပြေးခေါ်ရကောင်းနိုး၊ မသဇင် ပြေးခေါ်ရကောင်းနိုး ဗျာများနေတုန်း မသဇင်တို့ ရောက်လာသည်။

"လုပ်ပြီဟေ့၊ ငါတို့မမကတော့ ကျောင်းမှန်းမသိ အိမ်မှန်းမသိနဲ့ ဖြစ်ပျက်နေတာ၊ ဦးပဥ္စင်း အားနာစရာ"

မသဇင်က မနော်ဖူးဖူး မျက်နှာကို ရေဆွတ်ပြီး တဖတ်ဖတ်ရိုက်တော့သည်။ ထိုအခါမှ တအင်းအင်း၊ တအဲအဲ ညည်းညူပြီး နိုးလာသည့်ပုံကြီးမှာ မျောက်ဝံကြီးနှင့်ပင် တူသေးတော့သည်။

"မိုက်တယ်ဗျာ၊ မင်းသမီးက လူဆိုးမကြီးကို ပါးတီးတာ၊ ဟောင်ကောင်ဂျက်မအတိုင်းပဲ"

"ဆရာမက ပါးတီးတာ မဟုတ်ပါဘူး ပြည့်ဖြိုးမောင်ရယ်၊ သူ အိပ်နေလို့ ရေဆွတ်ပြီး နှိုးတာလေ"

"လာလိမ်မနေပါနဲ့ ခုမှ၊ လုပ်တုန်းက လုပ်ပြီးတော့ ခုတော့ ရဲလာဖမ်းမှာ ကြောက်နေတာ မှတ်လား"

"မယုံရင် ဆရာမချိုကို မေးကြည့်ပါလား"

"သူကတော့ ဟုတ်တယ်ပဲ ဖြေမှာပေါ့။ ဆရာမအဖွဲ့ပဲဟာ"

"ဒါဆို ဆရာမကြီးဒေဝီကို မေးကြည့်"

"သူမှ မမြင်ရတဲ့ဟာ"

"ဒါဆို ဆရာမချောကို မေးကြည့်"

"အဲဒီဆရာမကလည်း ကြောက်မှာပေါ့ ဆရာမကို၊ သူက သေးသေးလေး ဥစ္စာ"

အောင်မာ လူကိုများ။ မသဇင်က ပြည့်ဖြိုးမောင် နားလည်အောင် သေချာ ရှင်းပြတဲ့အခါ နောက်ဆုံးတော့ လက်ခံသွားလေ၏။ မိချောသာဆို အဲလောက် ရှင်းမနေဘူး။ အတော်အရစ်ရှည်လှတဲ့ ကလေး။

"ကဲ. . . နှစ်နာရီထိုးပြီ၊ သားတို့သမီးတို့ ထကြတော့၊ စောင်တွေလည်း

mgyoe.com

mgyoe.com SAMPLE BOOK
ခေါက်ရဦးမယ်"

"သားမခေါက်တတ်ဘူး ဆရာမ"

"ပူတူးမလည်း ခေါက်တတ်ဘူး ဆရာမ"

"ဆရာမ သင်ပေးမှာပေါ့၊ ဒီမှာကြည့်၊ ဒီလိုလေး ဒီလိုလေး ခေါက်လိုက် ရုံလေးပဲ၊ လွယ်လွယ်လေး"

"ဟင့်အင်း၊ ခေါက်တတ်ပါဘူး"

"ကဲ. . . ဒါဆိုလည်း စောင်လေးတွေပဲ သယ်လာပေးကြတော့ ဟုတ်ပြီလား"

လည်လိုက်ကြတဲ့ ကလေးတွေဆိုတာ။ ပန်ကာထိပ်က ဝက်အူလေးတွေ၊ ခေါက်တတ်ပါဘူးဆိုတာချည်းပဲ။ နွေးနွေးတစ်ယောက်ကတော့ ကြိုးစားပမ်းစား ခေါက်ပေးရှာသည်။ မသဇင်က စိတ်ရှည်ရှည်နဲ့ သင်ပြပေးသည်မို့ နောက်ဆုံးတော့ ခေါက်တတ်သွားတော့သည်။ နွေးနွေးက သူစောင်ခေါက်တတ်ကြောင်း ပြောမဆုံး ပေါင် တောသုံးထောင် ဖြစ်နေတော့သည်။ တခြားကလေးများကိုပင် သင်ပေးလိုက်သေး၏။ ငါးယောက်လောက် သင်တာမှာ နှစ်ယောက်လောက်တော့ ခေါက်တတ်သွား၏။

"ကဲ. . . အားလုံး အပြင်ထွက်ကြပါ၊ လက်ဆေးပါ။ မုန့်စားမယ်၊ ရှူးပေါက်ချင်ရင် အိမ်သာသွားကြပါ"

"ဟေး ဟေးဟေး"

"အစားအစာ စားတိုင်းကွယ် လက်ဆေးကြရမယ်။ လက်ကို စင်စင်ဆေး ကျန်းမာရေးနဲ့ ညီညွတ်တယ်။ တူပျော်ပျော် တူပျော်ပျော်၊ မုန့်စားကြဖို့ ဆရာမခေါ် လက်ဆေးကြစို့နော်၊ လက်ဆေးကြစို့ကွယ်"

"မနက်ကကျတော့ ထမင်းစားဖို့ ဆရာမ ခေါ် ဆို"

"ပြည့်ဖြိုးမောင်က တော်လိုက်တာ၊ ဟုတ်တယ်လေ မနက်က ထမင်းစားတာလေ၊ ခုက မုန့်စားမှာလေ သားရဲ့"

လက်ဆေးရင်း စကားတွေ ပြောလိုက်ကြသည်မှာ လက်ပံပင် ဆက်ရက်ကျနေသလား မှတ်ရသည်။

"ကဲ အားလုံး ငြိမ်ငြိမ်လေးနေပေးပါ၊ ဆရာမဒေဝီကတဲ့ သားသားတို့ မီးမီးတို့ကို ချစ်လို့ မုန့်လုပ်ကျွေးတာတဲ့"

"ဟုတ်တယ်ပေါ့၊ ဘာမုန့်လဲ"

mgyoe.com

mgyoe.com
SAMPLE BOOK

"ခဏလေးပဲစောင့်၊ ခဏလေးဆို သိရတော့မှာ"

"ဟင့်အင်း အခုပြ၊ မပြရင် မစားဘူး"

"ဟော လာပါပြီရှင် ဒီဆရာမကြီးရဲ့ နာမည်မှတ်မိလား"

ဒေါ်ဒေဝီက စတီးဇလုံကြီးနှစ်လုံးနှင့် အလုပ်တွေ ရှုပ်နေတော့သည်။ ချာပါတီတစ်လုံး၊ အာလူးဟင်းတစ်လုံး။

"ဒေါ်ဒေဝီ"

"ဟယ်. . . တော်လိုက်ကြတာကော"

ဒေါ်ဒေဝီဆီက ချာပါတီတစ်ချပ်ကို ကိုင်ပြီး မသဇင်က ကလေးတိုင်းကို လိုက်ပြပါသည်။ ပြတာကလည်း ဝတ်ကျေတမ်းကျေမဟုတ်ဘဲ သေချာအသေးစိတ်။ တို့ထိစေသည်။ အနံ့ခံစေသည်။

"ကဲ. . . အားလုံးလည်း ကြည့်ပြီးသွားကြပြီ၊ ဒါ ဘာမုန့်လဲ သိလား"

"သားသိတယ် ဆရာမ၊ အဲဒါ အီကြာကွေး"

"ခွိးခွိး"

"ဘာမှ အီကြာကွေးမဟုတ်ဘူး၊ သမီးသိတယ် ဆရာမ၊ အဲဒါထပ်တစ်ရာ၊ မသိရင် မှတ်ထားလိုက်၊ နွှာဆရာမရာ"

"ကဲ. . နွှေးနွှေးက ထပ်တစ်ရာတဲ့၊ ကျန်တဲ့သူတွေရော ဘယ်လိုထင်ကြလဲ"

စာကလေးချီးကြာ၊ ပလာတာ၊ ကောက်ညှင်းပေါင်း စသဖြင့် ပေါက်တတ်ကရ ဖြေကြသည်မို့ မိချောမှာ ပါးစပ်စေ့ရတယ်လို့ မရှိ။ ဖြေချင်တာဖြေပြီး သူတို့ဟာ သူတို့လည်း ပျော်နေကြပါသည်။ အဲဒါကြောင့် အဖေက ပြောတာ ကလေးတစ်ယောက်ရဲ့ စည်းစိမ်ဟာ စကြဝတေးမင်းရဲ့ စည်းစိမ်နှင့် ညီမျှသတဲ့။ ဦးပဥ္စင်းလည်း ပြုံးတော်မူ၏။ မိချောတို့နှင့်သာ မျက်နှာထားတည်သော်လည်း ကလေးများနှင့် တွေ့လျှင်တော့ ဦးပဥ္စင်းလည်း မတည်နိုင်ရှာတော့။

"ချာပါတီ"

"ဟယ်. . . တော်လိုက်တာ၊ တော်လိုက်တာ၊ ဘယ်သူပြောလိုက်တာလဲ"

အုတ်တိုင်းထောင့်လေးကို မှီပြီး ထိုင်နေတဲ့ မျက်လုံးပြူးပြူး၊ နှုတ်ခမ်းဖူးဖူးလေးနှင့် အလွန်ချစ်စရာကောင်းလှသည့် 'ရွှေတိုက်ဝန်'ဆိုတဲ့ ကလေးလေးက ဖြေပြီးတော့ ရှက်နေရှာပါသည်။

"ဆရာမ ကြားလိုက်ပါတယ်၊ ဒီနားလေးက ထင်တယ်၊ ဟုတ်လား"

သိရဲ့သားနဲ့ မသိချင်ယောင်ဆောင်နေတဲ့ မသဇင်ပုံစံလေးကို ကလေး

mgyoe.com

mgyoe.com
SAMPLE BOOK
တွေက တခိခိနှင့် သဘောတွေ ကျနေကြပါသည်။ ပြည့်ဖြိုးမောင်တစ်ယောက်က ဖြင့် ရွှေတိုက်ဝန်ကို မျက်လုံးကြီး ထောင့်ကပ်ပြီး ကြည့်နေ၏။

"သိပ်တော်တာပဲ၊ ဘယ်သူလေးလဲ၊ နောက်တစ်ခေါက်လောက် ပြောပေးပါဦး"

သုံးနှစ်သာရှိသေးသည့် ရွှေတိုက်ဝန်လေးက ဟိုလူ့ပြုံးကြည့်လိုက်၊ ဒီလူ့ပြုံးကြည့်လိုက်နှင့်။ တော်တော်လေးကြာတော့မှ "ချပါတီ"ဟု ခပ်တိုးတိုးလေး ဖြေပြန်ပါသည်။ ပြောပြီးသည်နှင့် ငုံ့လိုက်သည့်ခေါင်းမှာ စားပွဲနှင့် ထိမတတ်။ နားရွက်ဖျားလေးတွေများ ရဲလို့၊ အတော်အရှက်သည်းတဲ့ ကလေး။

"ဪ. . . သိပြီ၊ ရွှေတိုက်ဝန်မဟုတ်လား"

"ဟုတ်တယ်လေ ဒီကောင်၊ သူ့ဘာသာသူ ပြောပြီး သောက်ပဲက များနေသေးတယ်"

"ဟယ် သူငယ်ချင်းကို အဲလိုပြောတယ်ပေါ့"

"ဟုတ်တယ်လေ၊ ကြည့်ပါလား၊ ဟိတ်ကောင် မင်းယောကျ်ားလား၊ အခြောက်မလား ဟမ်"

ပြောကာမှ ပိုဆိုးနေသည်။ ဦးပဥ္စင်းက ပြည့်ဖြိုးမောင် ခေါင်းကို ဒေါက်ခနဲ ခေါက်လိုက်ပြီး "စကားပြောရင် ယဉ်ယဉ်ကျေးကျေး ပြောပါဗျာ၊ သောက်လို့မပြောပါနဲ့၊ ဘုန်းဘုန်းမကြိုက်ပါဘူး"ဟု ဆုံးမလေသည်။ ပြည့်ဖြိုးမောင်တစ်ယောက် ခေါင်းကလေးပွတ်ပြီး အသံတိတ်သွားသည်။ မဆီမဆိုင် ဘေးက နွေးနွေးကို မျက်စောင်းလှည့်ထိုးတော့ နွေးနွေးပါ ငြိမ်သွား၏။ ဦးပဥ္စင်းပဲ ကြောက်လို့လား၊ ပြည့်ဖြိုးမောင်ကိုပဲ ကြောက်လေသလားတော့ မပြောတတ်။

"ပြည့်ဖြိုးမောင် သား ချပါတီကြိုက်လား"

"ကြိုက်တာပေါ့၊ ပေး ဘယ်နှခုပေးမှာလဲ"

အင်း. . . ဒီအသွက်လွန်နဲ့ အရှက်လွန်နှစ်ယောက်ကို နည်းနည်းစီမျှပေးလို့ရရင် ဘယ်လောက်ကောင်းလိုက်မလဲ။

"အားလုံးပဲ မှတ်ထားကြနော်၊ ဒီမုန့်ကလေးကို ချပါတီလို့ ခေါ်တယ်၊ ရွှေတိုက်ဝန်လေးက သိပ်တော်တာပဲ၊ ချပါတီနဲ့ တို့စားဖို့ အာလူးဟင်းမွှေးမွှေးလေးလည်း ချက်ထားတယ်၊ တို့စားကြည့်ကြနော်၊ အာလူးစားရင် အားရှိတယ်"

"အရပ်ရောရှည်မှာလား ဆရာမ"

"ရှည်တာပေါ့"

mgyoe.com

mgyoe.com
SAMPLE BOOK

"ဒါဆို စားမယ်၊ ပါဝါရိန်းဂျားလိုဖြစ်အောင် စားမှာ သားသားက"

"ဆရာမ သားက အာလူးကြော်ပဲ ကြိုက်တာ၊ အာလူးဟင်း မကြိုက်ဘူး"

"ဟုတ်လား၊ နောက်တစ်ခါက် ဆရာမ ကြော်ကျွေးမယ်လေနော်၊ ဒီနေ့တော့ စားလိုက်ပါဦး၊ သားက လိမ္မာတယ်"

"ဟုတ်"

"အာလူးဟင်းလေးက ဘာအရောင်လဲ သိလား"

"ချေးတုံးရောင်"

"ဟယ်. . . အဲလိုပြောတယ် ဟုတ်လား၊ ရွံစရာကြီး"

"ဟုတ်တယ်လေ၊ ဒီအရောင်ပဲ ဥစ္စာ ချေးတုံးလည်း"

"ဟုတ်ပါပြီ ကိုပြည့်ဖြိုးမောင်ရယ်၊ ပြောပါဦး ဒါဆို၊ အဲဒီချေးတုံးကရော ဘာအရောင်လေးလဲ"

"အာလူးဟင်း အရောင်လေ"

မိချောမှာ အာလူးနဲ့ ချေးတုံးဇာတ်လမ်းတိုကို ကြည့်ပြီး တဟားဟားဖြစ်နေရတော့သည်။

"ဆရာမ ချပါတီက အဝါရောင်၊ သမီးသိတယ်၊ ဆရာမ ဟိုးမှာကြည့် ဘုရား၊ ဘုရားလည်း အဝါရောင်ပဲနော်"

နွေးနွေးက ကျိုက်ထီးရိုးဘုရားကို လက်ညှိုးထိုးပြီး ပြော၏။ မသဇင်က တော်လိုက်တာဆိုပြီး ချီးကျူးသည်။

"စားပြီးတဲ့သူတွေ ပန်းကန်တွေ လာထားမယ်၊ ပြီးရင် ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြပါ"

စားပြီးကြတော့လည်း အပေါ့သွားကြ၊ အလေးသွားကြနှင့် ရှုပ်နေကြပြန်သည်။ မနက်တုန်းကလို အပင်တွေအောက် မထိုင်ကြတော့ပေမယ့် ခွက်ထဲ တည့်အောင် မပေါက်ကြတော့၊ အနံ့တွေက တထောင်းထောင်း အသက်အောင့်ကာ ရေချိုးခန်းထဲက ရေတစ်ပုံးဆွဲပြီး လောင်းလိုက်ရတော့သည်။

"အရွက်ကလေးတွေနဲ့ ကော်ကပ်ကြရအောင်၊ ကပ်ချင်ကြလား"

"ကပ်ချင်ပါတယ်"

"ကော်ဆိုတာ ဘာလဲ သိလား"

"သိပါတယ်၊ ကပ်တဲ့ဟာ"

"ဟယ် တော်လိုက်တာ၊ ရွှန်းလဲ့ဦးက ဘယ်လိုသိတာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"သမီးအဖေက စက်ချုပ်တတ်တယ်၊ သမီးတို့အိမ်မှာ ကော်တွေ အများကြီးပဲရှိတယ်"

"ဟုတ်လား၊ ကဲ. . . ဆရာမ အရင်ကပ်ပြမယ်၊ ဒါလေးကို အင်္ဂလိပ်အက္ခရာ အေအကြီးလို့ ခေါ်တယ်၊ ကပ်တတ်မလား"

မသဇင်က အေဖိုးစာရွက်ကို လေးပိုင်းဖြတ်ထားသည့် စာရွက်ကလေးပေါ်မှာ 'A' စာလုံးလေး ကပ်ပြလေ၏။

"ဆရာမရေ ဒီမှာ မမကြီး ကော်. . . ကော်တွေ စားနေတယ်"

"ဩော်. . . ဒုက္ခ၊ အဲဒါစားတဲ့ဟာလား၊ သေချာလည်း နားမထောင်ဘူးနော်၊ ကော်ဆိုတာ ကပ်တဲ့အရာလေ"

"မသိဘူးလေ၊ ဆရာမက မစားရဘူးလို့မှ မပြောတော့ မ. . . မ. . . မမကြီးက စားရတယ် မှတ်တာပေါ့"

"မမကြီးကအလိုက်တာနော်၊ မိငယ်တောင်မ... မစားဘူး၊ နော်ဆရာမရာ"

"အိမ်ရောက်ရင် အ. . . အ. . . အမေနဲ့ တိုင်ပြောမှာ၊ မိငယ်က မမကြီးကို လူတွေရှေ့မှာ. . . အ. . . အ. . . တယ်လို့ ပြောတာ"

"တိုင်ပေါ့၊ အမေက ရယ်တောင်ရယ်ဦးမှာ၊ မိငယ်က ပြောမှာပေါ့၊ မမကြီးက ဗိုက်ဆာလို့ ကော်တွေ ကောက်စားတာလို့ ခစ်ခစ်"

မမကြီးနှင့် မိငယ် အမြွာနှစ်ယောက်မှာ မိငယ်က ပို၍သွက်၏။ မျက်နှာထားလည်း ပိုချိုသည်။ ရုပ်ချင်းက ချွတ်စွပ်မို့ မှားခေါ်မိတာ ခဏခဏ။ စကားပြောတဲ့အခါ နှစ်ယောက်စလုံးထစ်ပြီး မမကြီးက ပိုထစ်၏။

"ဆရာမချောချော"

"ဟေ"

"ခိခိ ရှင်လို့ ထူးလေ၊ ဆရာမဖြစ်ပြီးတော့၊ ဟေတဲ့၊ ဘုန်းဘုန်းနဲ့ တိုင်လိုက်ရမလား"

အောင်မာ လာ. . . လာချေသေးရဲ့၊ ကျောင်းတက်တာ တစ်ရက်မပြည့်သေး ဘုန်းဘုန်းနဲ့ တိုင်လိုက်ရမလားတဲ့။ ဘုန်းဘုန်းကလည်း တိုင်ချင်စရာပေပဲကိုး။ တုတ်တပြပြနှင့်ဆိုတော့။

"အမယ်လေးတော်၊ ဟုတ်ကဲ့ပါရှင်၊ ဘာလုပ်မလို့ပါလဲရှင်"

"ရေသောက်ချင်လို့"

"ကောင်းပါပြီရှင်"

mgyoe.com

mgyoe.com SAMPLE BOOK

"ခိခိ၊ ဆရာမကလည်း လာရွဲ့နေပြန်ပြီ"

တော်တော်ကို မလွယ်တဲ့ဟာလေးတွေ။ ရွဲ့တာလည်း သိသည်။ တိုင်ပြောရမှန်းလည်း သိသည်။ နောက်ထပ် ဘာတွေသိကြသေးသည် မသိ။ မိချောတို့ ဒီအရွယ်ကများ ဘာမှမသိပေါင်။ ငိုမယ်၊ စားမယ်၊ အိပ်မယ်၊ ကစားမယ်၊ ရယ်မယ်။ ဒီလောက်ပါပဲ။

အားလုံးပြီးသွားတော့ မသဇင်က ကလေးတွေရဲ့ လက်ရာလေးတွေကို နာမည်လေးတွေ တစ်ခါတည်း မှတ်ပြီး စုပေါင်းခန်းနံရံမှာ လိုက်ကပ်သည်။ သူမ ဘယ်လိုခွန်အားနဲ့များ တစ်နေကုန် အလုပ်လုပ်နိုင်သလဲ မသိ။ ဦးပဥ္စင်းက နည်းနည်းကြီးတဲ့ ကလေးတွေကို ရွေးထုတ်ပြီး စာရေးသင်သည်။ ကျောင်းဝင်းအနှံ့ ဝလုံးသံတွေ ညံနေတော့၏။ ညံပင်ညံသော်ငြား ပျော်၍ရွှင်၍ လိုက်ဆိုကြခြင်း မဟုတ်။ အသံမထွက်လျှင် သို့တည်းမဟုတ် ဝလုံးဝိုင်းဝိုင်း မရေးလျှင် ဦးပဥ္စင်းရဲ့ တုတ်စာ မိကြရသောကြောင့် လိုက်ဆိုကြခြင်း ဖြစ်လေသည်။

အကြီးတန်း၊ အငယ်တန်း ခွဲပေးလိုက်သလို ဖြစ်သွားတော့ နည်းနည်းတော့ ထိန်းရကွပ်ရ သက်သာသွားသည်။ တချို့ကလေးငယ်တွေက ယုန်ကလေးတွေနား သွားကြည့်ကြသည်။ တချို့ကလေးတွေက ကျောင်းရှေ့ ကွန်းတောကြီးထဲ မသဇင်နှင့် တောပန်းကလေးတွေ ခူးကြသည်။ ဒေါ်ဒေဝီနှင့်အတူ သစ်သားတုံးကလေးများနှင့် အိမ်ဆောက်တမ်း ကစားနေသည်လည်း ရှိသည်။ မိချောက ဘယ်ကလေးနား သွားရမည်မှန်း မသိတာမို့ အကုန်လိုက်ကြည့်နေမိသည်။ ပြည့်ဖြိုးမောင်က ဝလုံးကလေးတွေ ဝိုင်းနေအောင် ရေးတတ်သည်။

"စာရေးရင် မငေးကြပါနဲ့ဗျာ၊ အိမ်က ဘာသင်တုံး မေးရင် ဝလုံးရေးရတယ်လို့ ပြောကြပါဗျာ၊ ကြားကြသလား"

"ဟုတ်"

မျက်ရည်စက်လက်နှင့် စာရေးနေသည့် ကလေးများကို ကြည့်ပြီး မိချော စိတ်ညစ်ရသည်။ အများကြီးတော့ မရှိ။ လေးငါးယောက်သာ။ ကျန်တဲ့ကလေးတွေကတော့ အိမ်မှာလည်း ရေးဖူးကြသည်ထင်ပါသည်။ ဝလုံးတစ်မျက်နှာ ရေးပြီးသည့် ကလေးတွေက ကျောင်းတွင်း၊ ကျောင်းပြင် ကြိုက်သည့်နေရာ ကစားနိုင်ကြသည်။

"ဘုန်းဘုန်း ပြည့်ဖြိုးမောင် ရေတွေ ဆော့နေတယ် ဘုရား"

"မနက်ကလည်း ရိုက်ပြီးပြီ ရေမဆော့ပါနဲ့ဗျား၊ ပြောမရရင် တုတ်ကျွေးမှာဗျနော့"

mgyoe.com

mgyoe.com SAMPLE BOOK

ပြည့်ဖြိုးမောင်က မကျေနပ်၊ မောင်ပြည့်စုံအား ဦးပဥ္စင်းကွယ်ရာတွင် ခေါင်းရိုက်၏။ ရိုက်ပုံရိုက်နည်းက ဦးပဥ္စင်းကဲ့သို့ပင်။ ဦးပဥ္စင်းက တုတ်နှင့် မရိုက်ချင်သည့်အခါ လက်နှင့်နဖူးတို့၊ ခေါင်းတို့ ရိုက်တတ်၏။ မောင်ပြည့်စုံက မခံဘဲ ပြန်ရိုက်သည်။ ပြည့်ဖြိုးမောင်က အရှောင်ကောင်းတော့ မထိ။ မောင်ပြည့်စုံက စိတ်ပိုတိုလာပြီး နောက်တစ်ကြိမ် ပြန်ရိုက်သည်။ ပြည့်ဖြိုးမောင်က ပတ်ပြေးသည်။ တဖြည်းဖြည်း မောင်ပြည့်စုံ မျက်နှာကြီး နီရဲလာတော့၏။

"မင်း ငါ့ကိုရိုက်တယ်နော်၊ ငါ ဘုန်းဘုန်းနဲ့ တိုင်မှာဗျ"

"မင်းကလည်းကွာ ငါက စတဲ့ဟာကို၊ မင်း ငါ့အဖွဲ့လုပ်မလား"

ပြည့်ဖြိုးမောင်က လူလည်ကလေး။ ဦးပဥ္စင်းတိုင်မှာ ကြောက်တော့ မောင်ပြည့်စုံကို ပခုံးကနေ ဖက်သည်။ သူနဲ့အဖွဲ့ လုပ်မလားတဲ့။ မောင်ပြည့်စုံက လည်း ချက်ချင်းလက်ခံသည်။ ခုတော့ တပူးပူး၊ တတွဲတွဲ ဖြစ်သွားကြပြန်သည်။ ဦးပဥ္စင်းမသိအောင် နှစ်ယောက်သား အတူတူ ရေဆော့နေကြသည်မို့ မိချောမှာ စနောက်ချင်လာရသည်။

"ဟိတ် ဦးပဥ္စင်းက ရေမဆော့ခိုင်းတာကို ဘာလို့ ဆော့နေကြတာလဲ"

"ဆရာမသဇင်ပြောတာ ဆော့လို့ ရတယ်တဲ့၊ အဝတ်အစားတွေမစိုရင် ပြီးရောတဲ့"

မိချောပင် ကြောင်သွားသည်။ ဦးပဥ္စင်းက မဆော့ခိုင်းတာကို မသဇင်က ခွင့်ပြုသည်တဲ့။ ဘာတွေပါလိမ့်။ ကျွန်းတောထဲ လှမ်းကြည့်လိုက်တော့ မသဇင်ကို တွေ့ရသည်။ မိချောတို့ကို လှမ်းကြည့်နေ၏။

"ကလင်. . . လင် လင် လင်"

ဒီတစ်ခါတော့ ကလေးတွေ တောင်ပြေး မြောက်ပြေး မပြေးတော့ပါ။ အားလုံး မသဇင်ရှေ့မှာ ငြိမ်ငြိမ်သက်သက်ကလေး ရှိနေကြလေသည်။ ဦးပဥ္စင်းက ကလေးအားလုံး အခန်းထဲရောက်အောင် စုပေးပြီး လက်သမားတွေနား ပြန်ရောက်သွားပြန်သည်။

ဦးပဥ္စင်းက သူ့ကို လာလှူတာ မှန်သမျှ ကျောင်းရန်ပုံငွေထဲ ထည့်မည်ဆိုသည်။ ဒီတစ်ချက်ကိုတော့ မိချော သာဓုခေါ်မိသည်။ ဦးပဥ္စင်းရယ်လို့လည်း ဟိတ်ကြီးဟန်ကြီး မရှိလှ။ ပေါက်ပြားတစ်လက်နှင့် အလုပ်ရှုပ်နေတတ်သလို ပိုက်ဆက်ပစ္စည်းများစွာနှင့်လည်း အလုပ်ရှုပ်နေတတ်သည်။ သင်္ကန်းကတော့ အရောင်ခပ်မှိန်မှိန် သင်္ကန်းထည်များသာ။

mgyoe.com

mgyoe.com SAMPLE BOOK

"ကဲ သားသားတို့၊ မီးမီးတို့ ဘယ်လောက်ဉာဏ်ကောင်းသလဲ ပြန်မေး ကြည့်မယ်နော်။ ဒီနေ့ ဘာကဗျာတွေ ဆိုရလဲ"

ငါးကလေးကဗျာ၊ London Bridge, ဦးပဥ္စင်း၏ ဘုရားစာ၊ လက်ဆေး ကဗျာ တော်တော်များများ မှတ်မိကြ၏။

"ကစားပြီးရင် သိမ်းမယ် သိမ်းမယ် သိမ်းမယ်၊ ကစားပြီးရင် သိမ်းမယ်၊ နေရာတကျ သိမ်းပါမယ်"

"ဝိုး. . . ပြည့်ဖြိုးမောင်က သိပ်တော်တာပဲ၊ သူများတွေ မမှတ်မိတာ သူက မှတ်မိတယ်တော့"

"ဆရာမ သားလည်း မှတ်မိတယ်၊ သားက မဆိုချင်လို့"

"ဟုတ်ပါပြီ၊ နောက်ဆို ဆိုရမယ်နော်၊ နောက်ထပ်ရော ဘာတွေလုပ်ရ သေးလဲ"

ဒါလည်းပဲ ဖြေနိုင်ကြသည်။ ဝလုံးရေးရတာ၊ လက်ဆေးရတဲ့အချိန်တွေ၊ ချပါတီစားရတာ၊ ကော်ကပ်ရတာ၊ ဝလုံးလှလှမရေးရင် ဦးပဥ္စင်းရိုက်တတ်တာက အစ တရားထိုင်ရတာအဆုံး အကုန်မှတ်မိကြသည်။

"သွားလည်းတိုက်ရတယ်၊ သား သွားတိုက်တံက မျောက်ရုပ်ကလေး"

"သမီးက ဝက်ဝံကလေး"

"အမယ်လေး တော်လိုက်ကြတာ၊ အားလုံး မှတ်မိကြတယ်ကော၊ အိမ်ပြန် ချင်ကြပြီလား"

"ဝေး. . . ပြန်ချင်ပါတယ် ဆရာမ"

"ရှူး တိတ်တိတ်လေးနေ၊ ဟိုးအရှေ့မှာ အလံပုံလေး ကပ်ထားတယ် တွေ့လား၊ အလေးပြုကြရအောင် ဆရာမကို သေချာကြည့်နော်၊ ဆရာမက အားလုံး သတိလို့ ပြောလိုက်တာနဲ့ ခါးကို မတ်မတ်ထားမယ်၊ လက်သီးဆုပ်ထားမယ်။ ခြေထောက်နှစ်ချောင်းကို ကပ်ထားရမယ်၊ ခေါင်းကိုလည်း ရှေ့တည့်တည့်ကို ထား ရမယ်၊ ဟုတ်ပြီနော်"

"ဆရာမ၊ သေးပေါက်ချင်တယ်"

"သမီးလည်း ပေါက်ချင်တယ်"

"သားက အီးအီးပါချင်တာ"

"တကယ်လား၊ တကယ်ဟုတ်မှ ပြောမယ်နော်"

"တကယ်ပေါ့၊ မယုံရင် သား ပါချလိုက်မှာနော်"

mgyoe.com

mgyoe.com SAMPLE BOOK
"ဟဲ့ဟဲ့၊ အမယ်လေးလေး၊ ပါတော့ မပါချလိုက်ပါနဲ့ ရွှေမင်းသားရယ်"

အဲဒီလိုနဲ့ပဲ လေးနာရီအတိမှာ ကျောင်းဆင်းနိုင်ဖို့ စီစဉ်ထားကြပေမယ့် လေးနာရီခွဲမှသာ ကျောင်းဆင်းဖြစ်တော့သည်။ မချိုတစ်ယောက်ကတော့ စက်ရုပ်တစ်ရုပ်လိုပင် လုပ်စရာရှိတာလုပ်ပြီး ဘာအသံမှ မထွက်တတ်သူ။

"ကျောင်းဆင်းပြီကွယ် ××× နှုတ်ဆက်ခဲ့တယ် ××× သားတို့ ပြန်ပါမယ်
ကျောင်းဆင်းပြီကွယ်၊ နှုတ်ဆက်ခဲ့တယ် ××× သမီးတို့ ပြန်ပါမယ်
ချစ်တဲ့ဆရာမရယ်၊ ချစ်တဲ့သူငယ်ချင်းရယ် ××× နောက်တစ်နေ့ ပြန်ဆုံမယ်"
"Now is time to say goodbye, say goodbye... say goodbye...
Now is time to say goodbye, see you again"

အပေါက်ဝမှာ လာကြိုတဲ့သူတွေ ပြူတစ်ပြူတစ်နှင့် ကြိတ်ကြိတ်တိုး စည်ကားလှသည်။ ပြန်ရတော့မယ်ဆိုတော့ မနက်ကလို မျက်နှာတွေ မဟုတ်ကြ။ မိချောလည်း ဘာထူးသေးပါသနည်း။ ပျော်လိုက်သည့်ဖြစ်ခြင်း။ လူကို ငှက်မွေးလေးတစ်ခုလို ပေါ့ပါးလွတ်လပ်သွားသည်ပင်။ ကိုယ့်အတွေးနဲ့ကိုယ် ပျော်ရွှင်မိပေမယ့် ဒေါ်ဒေဝီတို့ကို ကြည့်ပြီး အပျော်ကလေးတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားရပြန်သည်။

မနက်ဖြန် သင်ဖို့အတွက် ငှက်ပျောပင်၊ ငှက်ပျောဖူး စသဖြင့် ထိုင်ဆွဲနေလိုက်သည်။ ကလေးတွေ သင်တဲ့အခါ လွယ်ကူအောင် မှတ်စုသဘောမျိုး ချရေးရသည်။ အေဖိုးနှစ်မျက်နှာခန့်တော့ ရှိ၏။ ဒါလည်း မပြီးကြသေး။ အိမ်သာဆေးသူဆေး၊ ကြမ်းတိုက်သူတိုက်၊ ဦးပဥ္စင်းနှင့် စကားပြောသူပြောနှင့်။ မိချော အိမ်ပြန်ရောက်တော့ ခြောက်နာရီခွဲ။ အဖေ့မြင်တော့ "ပင်ပန်းလိုက်တာ အဖေရယ်"ဟု ညည်းမိ၏။ အဖေက သနားကြင်နာသလို အပြုံးလေးနဲ့ အားပေးရှာသည်။ အမေကတော့ "လုပ်မနေပါနဲ့တော့အေ"တဲ့။

မူကြိုဆရာမဆိုတာ ကလေးထိန်းလောက်လို့ပဲ ခံယူထားတဲ့ မိချောရဲ့ အထင်တွေ၊ အလွယ်လေးပါလို့ တွေးခဲ့မိတာတွေ တက်တက်စင်အောင် လွဲမှားခဲ့ပြီပဲ။

ဗိုက်တွေ ဆာလောင်လှသည်မို့ ထမင်းနဲ့ဟင်းကို ပန်းကန်ထဲ ဖြစ်သလို ပုံစားရင်း စာသင်ရသည်။ အတန်းစုံသင်ပြီးတော့ ဆယ်နာရီကွက်တိ။ အဝတ်အစားတွေ ဘာတွေ မလဲနိုင်တော့ဘဲ ဗုန်းခနဲ အိပ်ပျော်သွားတော့သည်။

♦♦♦
mgyoe.com

mgyoe.com SAMPLE BOOK

# အာဟာရ

ဘာလိုလိုနဲ့ မနက်ဖြန်ဆို အဖိတ်နေ့မို့ ကျောင်းပိတ်တော့မည်။ နဂိုက အကောင်သေးပါတယ်ဆို လူလည်း လူရုပ်မပေါက်တော့။ ထွက်မယ်ဆိုပြီး ညည်းညူမိလိုက်တိုင်း ကလေးတွေရဲ့မျက်နှာကို ပြေးပြေးမြင်ပြီး မထွက်ဖြစ်တော့။ ဒီလောက်အချိန်တိုလေးအတွင်းမှာ သံယောဇဉ်ဆိုတာ ဒီလောက်တောင်ပဲ ရစ်ဖွဲ့နှောင်ငင်တတ်လေသလား။ မိချောနှင့်ပြိုင်တူ အရွေးခံရသည့် ဆရာမက မနေ့ကမှ အလုပ်စဆင်းသည်။

ဆရာမ သန်းသန်းမြင့်တဲ့။ နာမည်နဲ့လူ လိုက်လှတဲ့ ဆရာမ။ အရပ် ခပ်မြင့်မြင့်၊ အသားလတ်လတ်၊ ရုပ်ချောချော၊ ခပ်ဝဝ။ ရှမ်း၊ ပလောင်၊ ဗမာ သုံးမျိုးစပ်သည့် ကပြားဆရာမလေး။ လေးနှစ်အရွယ် သားလေးကလည်း ချစ်ဖို့ကောင်းမှကောင်း။ လုံလော့ဈေးကနေ လမ်းလျှောက်လာသတဲ့။ လုံလော့ဈေးဆိုတာ လမ်းလျှောက်လျှင် တစ်နာရီနီးပါးတော့ ကြာသည်။ သားဖြစ်သူက ကလေးဆိုတော့ ကြာကြာမလျှောက်နိုင်။ ဒီတော့ သူမခမျာ ကလေးပါချီပြီး လာရရှာသည်။ သူ့ဒုက္ခကိုကြည့်ပြီး ကိုယ့်မှာ မထွက်ရက်တော့တာလည်း ပါသည်ပေါ့လေ။

"ဆရာမချောနဲ့ ဆရာမသန်းသန်းမြင့်ရေ မနက်ဖြန် အဖိတ်နေ့ဆိုတော့ ဒီနေ့မှာ ကလေးတွေကို အာဟာရတိုက်ကျွေးဖို့ အစ်မ စီစဉ်ထားတယ်။ ဒီတစ်လအတွက်တော့ အဝေးဖိတ်တိုင်းမှာ ကြက်သားဆန်ပြုတ်ကလေးတိုက်ရင် ကောင်း

mgyoe.com

mgyoe.com SAMPLE BOOK

မလားလို့ အာဟာရလည်းဖြစ်ပြီးတော့ ဆရာမတို့အတွက်လည်း အခက်အခဲ မဖြစ်ရအောင်လို့ပါ"

"ဟုတ်၊ ကောင်းပါတယ် မသဇင်"

"နောက်ပိုင်း ကလေးတွေကိုလည်း ကောင်းကောင်းနိုင်လာပြီဆိုရင်တော့ အသစ်အဆန်းလေး ပြောင်းကျွေးပေါ့။ ကလေးတွေအနေနဲ့လည်း အဖိတ်တွေ၊ ဥပုသ်တွေ မသိသေးပေမယ့် အဝေးဖိတ်ရောက်တိုင်း အာဟာရတိုက်ကျွေးပြီဆိုတာနဲ့ နောက်နေ့ ကျောင်းပိတ်တယ်ဆိုတာ သိသွားတာပေါ့။ ကိုယ်ကတော့ ပြောပေးပေါ့။ ဒီနေ့က အဝေးဖိတ်ဖြစ်တယ်။ ဒါကြောင့် အာဟာရတိုက်ကျွေးခြင်း ဖြစ်တယ်။ မနက်ဖြန်နဲ့ သဘက်ခါက အဖိတ်နေ့နဲ့ ဥပုသ်နေ့မို့ ကျောင်းပိတ်တာ ဖြစ်တယ်ပေါ့။ ကိုယ်က ထပ်ခါထပ်ခါသုံးပေးရင် စကားလုံးအသစ်ဖြစ်ပေမယ့် ရသွားတာပါပဲ"

"ခါတိုင်း ထမင်းစားတဲ့အချိန်မှာ ကိုယ်က ဆန်ပြုတ်ကျွေးထားတာဖြစ်တော့ ကလေးတွေ အိပ်ရာနိုးတဲ့အခါ အရင်နေ့တွေထက် ဗိုက်ပိုဆာကြလိမ့်မယ်ဆိုတော့ အဆာပြေကျရင် ဗိုက်လည်းပြည့်ပြီး အာဟာရဖြစ်မယ့် အစားအစာလေး ကျွေးရင် ပိုသင့်တော်မလားလို့။ ဆရာမတို့ရော ဘာကျွေးချင်ကြလဲ"

"ရပါတယ်၊ မသဇင် ကောင်းသလိုပဲ စီစဉ်ပါ"

"ဟယ်. . . အဲလိုတော့ မလုပ်ကြနဲ့လေကွယ်၊ ဆရာမတို့ရဲ့ အကြံဉာဏ်လေးကိုလည်း ယူချင်သေးတာပေါ့"

"နွားနို့တိုက်ရင်ရော မသဇင်"

"ဟယ်. . . အစ်မနဲ့ အကြံချင်း လာတူနေတယ်၊ ကဲ. . . ပြောကြည့်ပါဦး ဆရာမ သန်းသန်းမြင့်လည်း"

"အင်း. . . နွားနို့သီးသန့်ထက် ပေါင်မုန့်လေးနဲ့ ရောကျွေးရင် ကလေးတွေ ဗိုက်ပိုပြည့်ပြီး အာဟာရပိုရမလားလို့"

"တော်လိုက်တဲ့ ဆရာမတွေပဲ။ အဲဒါဆိုတော့ ပေါင်မုန့်နို့ဆမ်းလေးပေါ့နော်။ ဒီအဝေးဖိတ်မှာတော့ ပိုက်ဆံနည်းနည်း ပိုကုန်မှာပေါ့နော်။ ဒါပေမဲ့ ရှေ့ရက်တွေမှာ အာဟာရလည်းဖြစ် ဈေးလည်း နည်းနည်းသက်သာတဲ့ဟာလေးတွေပဲ ကျွေးထားတာဆိုတော့ ပျမ်းမျှတွက်ကြည့်ရင်တော့လည်း ဆရာတော် သတ်မှတ်ထားတဲ့ ငါးထောင်က ကွက်တိလောက်ပါပဲ။ ဆရာချောက ကလေးတွေကို ဘာလို့ နွားနို့တိုက်ချက်ရတာလဲ ပြောပါဦး"

mgyoe.com

mgyoe.com
SAMPLE BOOK

"မိချောငယ်ငယ်က နွားနို့ သိပ်မုန်းတာပဲ၊ တစ်အိမ်လုံး မြင့်မားထွားကျိုင်းကြပြီးတော့ မိချောတစ်ယောက်တည်း ကွက်ပြီး သေးကွေးပိန်လှိုနေတာ ဒီနွားနို့ မသောက်တာကြောင့်လည်း ပါမယ်လို့ ထင်ပါတယ်၊ အဲဒါကြောင့်ပါ"

မသဇင်က ခေါင်းတညိတ်ညိတ် လုပ်နေသည်။ မသဇင်ကို ကြည့်ပြီး စချင်၊ နောက်ချင်စိတ်ကလေး ဖြစ်ပေါ်လာရသည်။ သူမလည်း တော်တော်ပင်ပန်းနေခဲ့ပြီ မဟုတ်လား။ နည်းနည်းလေးဖြစ်ဖြစ် ပျော်ရွှင်စေချင်သည်။

"မသဇင်မှာ ချစ်သူရှိလားဟင်"

"ဟေ"

"မရှိသေးရင် ထားရတယ် မသဇင်ရဲ့၊ ကလေးတွေ အာဟာရပဲ ကြည့်မနေနဲ့၊ ကိုယ့်အတွက်ကိုလည်း နှလုံးသားအာဟာရလေး ကျွေးပေးဦး၊ အချိန်လွန်မှဆို အာဟာရမပြည့်မီဘဲ နေဦးမယ်"

"ကျုပ်ကို အပျိုကြီးဆိုပြီး လှောင်တာပေါ့လေ၊ ဆရာမချောရော"

"မိချောက ငယ်သေးတယ်လေ၊ အရှေ့မှာလည်း ကားအိုကြီးတွေပြည့်လို့"

"ဟား ဟား ဟား၊ အမျိုးရင်းကြီးတွေလည်း ပြောတာပဲလား"

"ဆန်ရင်းဆိုတာ နာနာဖွပ်ရသတဲ့"

"ဟုတ်ပါပြီ လှတောသူကလေးရယ်"

"မသဇင် မနက်ဖြန် မိချောတို့ကို အပိုချိန်ခေါ်ပါလားဟင်၊ မိချောလည်း မသဇင်လို ကလေးတွေကို နိုင်နိုင်နင်းနင်း ကောင်းကောင်းမွန်မွန် ထိန်းကျောင်းနိုင်ချင်လို့ပါ၊ နောက် မိချော ကဗျာလေးတွေလည်း လိုချင်လို့ပါ"

"သင်တန်းတွေကြောင့်ပါ၊ အမှန်တော့ ECCD သင်တန်းပြီးမှပဲ ဆရာမခန့်မယ်ဆိုရင် အကောင်းဆုံးပဲ၊ ဒါပေမဲ့ ကျောင်းရဲ့လိုအပ်ချက်အရ ဒီလိုမျိုးဖြစ်သွားရတာပါ၊ ဆရာမတို့နှစ်ယောက်ကိုလည်း သင်တန်းပို့မှာပါ"

"ပို့တဲ့အခါလည်း ပို့တဲ့အလျောက်ပေါ့ မသဇင်ရယ်နော်"

"ကောင်းပါပြီရှင်၊ အစ်မက ဆရာမတို့လည်း တစ်ပတ်လုံးလုံး ပင်ပန်းထားတော့ နားချင်မလားလို့လေ၊ ဆရာမ သန်းသန်းမြင့်ခမျာလည်း ကလေးတစ်ဖက်နဲ့ဆိုတော့ အားနာမိလို့ပါ"

ဆရာမ သန်းသန်းမြင့်က လာနိုင်ကြောင်းဆို၏။

"သင်တန်းတွေပေးလာတာ မနည်းတော့ဘူး၊ ဒါပေမဲ့ ဆရာမတွေအတွက်

mgyoe.com